
www.burmeseclassic.com

အသစ်စက်စက်ဂမ္ဘီရသရဲဝတ္ထု

# ဂမ္ဘီရမောင်ရွှေ

## လူထူးဆန်းကြီးနှင့် တောကြီးကင်းခြေများ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၅၀၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၅၀၁၇၂၃၀၆၀၉
၂၀၀၉ ခုနှစ်၊ ဇူလိုင်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)၊
တိုက်(၂၁)၊ အခန်း(၁၁)၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြင်္သေ့ပုံနှိပ်တိုက်၊
(၁၂)၊သရဖီလမ်း၊စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံ။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့
ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ ၀ ၈၃
ရွှေ ၊ မောင် ၊ ဂမ္ဘီရ
လူထူးဆန်းကြီးနှင့် တောကြီးကင်းခြေများ / ဂမ္ဘီရမောင်ရွှေ -
ရန်ကုန်။
အင်ပါယာစာပေ ၊ ၂၀၀၉ ။
၁၄၅ - စာ ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) လူထူးဆန်းကြီးနှင့် တောကြီးကင်းခြေများ

## မုဆိုးနဲ့တောကြီးကင်းခြေမျာ

နေက ညိုစပြုနေပြီ။

အနောက်ဘက် ဂေါ်ယာကျွန်းဆီသို့ တဖြည်းဖြည်း နိမ့်သက်ဆင်းစပြုနေပြီဖြစ်သော ဒေါင်းဖန်လိဝါနေလုံးကြီးကြောင့် ရိုးမတစ်ခုလုံး ညိုရိပ်စပြုနေပြီ ဖြစ်သည်။ မကြာမီ အအေးဓာတ်က စတင်လာတော့မည်ဖြစ်သည်။

အနောက်ဘက် ရိုးမတောင်တန်းကြီးများပေါ်သို့ မေးတင်စ ပြုနေပြီဖြစ်သော နေမင်း၏အားဖျော့သည့် နေရောင်က ရိုးမတောကြီးအတွင်း မြင့်မားလှသော သစ်ပင်ကြီးများ၏ အကိုင်းအခက်အရွက်တွေကြားကနေ ထိုးဖောက်ဖြာကျနေလေ၏။ သိပ်မကြာခင် ယင်းသို့ ထိုးဖောက်ဖြာကျနေသည့် နေရောင်ခြည်အမျှင်တန်းတို့နေရာအစား အမှောင်ရိပ်တို့က ဝရောက်အစားထိုးပေတော့မည်။

ရိုးမသည် နက်ရှိုင်းညို့မှိုင်းနေ၏။

မြန်မာနိုင်ငံတွင် ရှမ်းကုန်းမြေမြင့်ဒေသထိ ကြီးမားကျယ်ပြန့်သည့်တောင်တန်းများ သစ်တောကြီးများဖြင့် နေခြည်နေပြောက်ပင် မထိုးသောအောင် အုပ်ဆိုင်းညို့မှိုင်းစွာတည်ရှိနေသော နာမည်ကျော် အလယ်ပိုင်းဖြစ်သည့် ပဲခူးရိုးမကြီးပင် ဖြစ်ပေသည်။

ရဲရင့်အောင်စာပေ

www.burmeseclassic.com



ပဲခူးရိုးမသည် ရှမ်းကုန်းမြေမြင့်တောင်တန်းများဖြင့် တစ်ဆက်တည်း ဆက်စပ်တည်ရှိသည့် ကြီးမားကျယ်ပြန့်လွန်းသည့် ရိုးမဖြစ်သည်နှင့်အညီ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်ကြင်းမှစ၍ အဖိုးတန်သစ်မျိုးစုံတို့ဖြင့် ဓားဆင်ရိုင်းများပင် မဖြတ်သန်းနိုင်သော ဝါးတောကြီးများလည်း စိမ်းညို့ထူထပ်စွာ ပေါက်ရောက်လျက်ရှိ၏။

ထို့ပြင် အင်းအိုင်ချောင်းမြောင်းများမှာလည်း ရိုးမတစ်ခွင် လှည့်လည်စီးဆင်းနေ၍ ရိုးမရှိ တောင်ပေါ်ရွာများနှင့် ရိုးမခြေရှိ မြောက်မြားလှစွာသော ကျေးရွာများအတွက် အဖိုးမဖြတ်နိုင်သည့် သဘာဝထမင်းအိုးကြီးပင် ဖြစ်လေ၏။

လျှိုမြောင်စိမ့်စမ်းများ ပေါများစွာတည်ရှိနေသလို အစာရေစာလည်း မရှားပါးလှသည်မို့ . . . ရိုးမနေ သဘာဝတောရိုင်းတိရစ္ဆာန်များအတွက်လည်း သာယာကြည်နူးဖွယ် သဘာဝတရားကြီးက လက်ဆောင်ပေးအပ်သည့် ကွန်းခိုရိပ်ငြိမ်ကြီးဟုဆိုသော်လည်း မမှားပေ။ ဒါကြောင့်လည်း တောနေတောပျော်သတ္တဝါများ စုံလင်လှလေသည်။

ဒေါင်းဖန်လိဝါ နေလုံးကြီးက တောင်တန်းကြီးများနောက်သို့ တအိအိနစ်မြုပ်နေပေပြီ။ သို့သော် ရိုးမအတွင်း၌ အလင်းရောင်များ ရှိနေသေးသည်။ စောစောက မြင့်မားလှသောသစ်ပင်များထက် ဆူညံစွာ အော်ဟစ်မြူးထူးနေကြသည့် အိပ်တန်းတက်ကျေးငှက်မျိုးစုံနှင့် မျောက်လွှဲကျော်အုပ်၏အသံကလည်း တဖြည်းဖြည်း တိုးဖျော့လွင့်ပါးသွားလေပြီ။

ရိုးမလယ်ကို ဖြတ်သန်းစီးဆင်းနေသည့် ငှက်ကြီးချောင်းတစ်ခွင်မှာမူ အလင်းရောင်တို့ မကွယ်သေးချေ။

ငှက်ကြီးချောင်းမှာ ရိုးမတွင်းစီးဆင်းနေသည့် ချောင်းများထဲတွင် ပါဝင်ပြီး ရေစီးကြမ်းသည့် ချောင်းတစ်ခုဖြစ်သည်။ ချောင်းပြင်မှာမူ သိပ်မကျယ်လှပါချေ။

ချောင်း၏နံဘေးတစ်ဖက်တစ်ချက်၌ မြင့်မားလှသော တောင်ခါး





ပန်းပြတ်ကြီးများ၊ ကျောက်ပြတ်ကြီးများက ကွေ့ဝိုက်ဝန်းရံထား၏။

အချို့ကျောက်ပြတ်ကြီးများ၊ ကမ်းပါးပြတ်ကြီးများသည် ပေသုံးလေးရာမက မြင့်မား၏။ ပြောရလျှင် ငှက်ကြီးချောင်းက ရိုးမ၏ တောင်စွယ်လျှိုမြင့်ကြီးများအကြား ဖြတ်သန်းစီးဆင်းနေသော ချောင်းပင်။

ချောင်းစပ်နဘူးချုံများရှိရာ မြက်ရိုင်းတောစပ်မှာ ဒရယ်ပေါက်တစ်ကောင်သည် ဝိုင်းစက်ပြူးကြောင်သော မျက်လုံးများဖြင့် ဟိုဒီကြည့်ကာ ပြန့်လမ်းရှာနေပုံရလေသည်။ အမောင်ကို တောသတ္တဝါငယ်များ ကြောက်ရွံ့ကြသည်။

ရိုးမအတွင်း မှောင်မည်းသွားပြီဆိုသည်နှင့် ညဘုရင်များဖြစ်သည့် ဟင်းမျိုး၏ ကျားကောင်များ အစာရှာဖွေထွက်ကြလေတော့သည်။ ယင်းအချိန်မှာပင် ထူးဆန်းသောအခြင်းအရာတစ်ခုက ရုတ်ခြည်း ပေါ်ပေါက်လာလေသည်။

ယင်းမှာ ဒရယ်ပေါက်လေးရှိနေသော နဘူးချုံဘေးစပ် အထက်ရှိ ကျောက်ဖျာကြီးတစ်ခု အောက်တွင်းချိုင့်ကြီးထဲကနေ မည်းမည်းအရာကြီးတစ်ခုက ဝေါခနဲ တိုးထွက်လာခြင်းပင် ဖြစ်လေသည်။

ဒရယ်ပေါက်ကလေးမှာ ကြောက်လန့်တကြား လှစ်ခနဲ ပြေးလွှားရန် ကြိုးစားလိုက်၏။

သို့သော်လည်း ကြီးမားရှည်လျားလှသည့် မည်းမည်းသတ္တဝါကောင်ကြီးမှာ ဒရယ်ငယ်ထက် လျှင်မြန်လွန်းလှသည်။ ဝေါခနဲ ဒရယ်ငယ်၏အနီးသို့ ရောက်ရှိသွားသည်။ ဒရယ်ငယ်မှာ ကြောက်မက်ဖွယ်ရာ အန္တရာယ်ဆိုးကြီးအား အသိစိတ်က သိရှိလက်ခံသွားပြီး မြက်ရိုင်းတောတွင်းသို့ အသက်လုပြေးလွှားလိုက်သည်။

ရှည်လျားမည်းနက်နေသည့် သတ္တဝါကြီးသည်လည်း မလျှော့တမ်း ဒရယ်ပေါက်၏နောက်သို့ ထက်ကြပ်မကွာ . . .။

မြက်ရိုင်းတောကြီးထဲ၌ အသက်လုပွဲနှင့် ဝမ်းစာလုပွဲသည် ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာလေတော့၏။ မြက်ရိုင်းပင်များသည်လည်း သတ္တဝါကြီး၏ ကြမ်းတမ်းသော ပွတ်တိုက်မှုအောက်၌ ပိုင်းဖြတ်ကြေမွကုန်သည်။

ရှည်လျားနက်မှောင်စွာ ဒရယ်ပေါက်ကို ဝမ်းစာအတွက် မလွှတ်တမ်းလိုက်နေသည်မှာ ကြီးမားလှသည့် တောကြီးကင်းဟုခေါ်သည့် ကင်းခြေများသတ္တဝါကြီးပင် ဖြစ်လေသည်။

ယခုတောကင်းခြေများကောင်ကြီးမှာ ကျောက်ဆောင်ကြား ချောင်တွင်းထဲ၌ မည်မျှအပြင်မထွက်ဘဲ နေခဲ့သည်မသိ။ အလျားသည် သုံးလံမကာ ရှည်လျားပြီး လုံးပတ်သည်ပင် သစ်ပင်ပေါက်မကာ ကြီးမားလှလေ၏။

'ကျီ . . ကျီ'

'ဖြီး . . ဖရော'

ဒရယ်ပေါက်၏ ကြောက်လန့်စဖွယ် သနားဖွယ်ရာ အထိတ်တလန့်အော်သံနှင့် ကင်းခြေများကြီး၏ ခက်ထန်မာန်ဖီသံတို့က ဝန်းကျင်တစ်ခုလုံး ညံဆူနေလေ၏။ နောက်ဆုံး ဒရယ်ပေါက်လေးမှာ လျှပ်မြန်ကြမ်းတမ်းလှသည့် ကင်းခြေများကောင်ကြီး၏ ကြီးမားလှသောပါးစပ်တွင် သက်ဆင်းသွားရလေတော့၏။

'ကျီ . . ကျစ်'

ဒရယ်ပေါက်၏အော်မြည်သံမှာ သနားစဖွယ်။ သိပ်မကြာခင်မှာပင် အဆိပ်ပြင်းထန်လှသော တောကြီးကင်းခေါ် ကင်းခြေများကြီး၏ အစွယ်များကြောင့် ငြိမ်သက်သွားချေပြီ။

'ဂရီး . . ဖြီး'

ကင်းခြေများကောင်ကြီးသည် နှစ်ပေါင်းများစွာ အစာရေစာငတ်မွတ်တောင့်တနေသလို ကြီးမားသည့် သူ့အာခေါင်ကြီးတွင်းသို့ ဒရယ်ပေါက်အား ဝါးမျိုရန် အငမ်းမရကြိုးပမ်းနေတော့၏။ ဒရယ်ကောင်မှာ တစ်စစ ကင်းခြေများကြီး၏ပါးစပ်တွင်း ရောက်သွားရပြီ။

ဝန်းကျင်တစ်ခုလုံး ဒေါမာန်ပြင်းသည့် ကင်းခြေများကောင်ကြီး၏





အသံ့ရှိန်းနာမှုတ်သံကသာလျှင် ထွက်ပေါ်နေလေ၏။

ယင်းအခိုက်မှာပင် အစာကိုမျိုနေသည့် ကင်းခြေများကောင်ကြီးရှိရာ အနောက်ဘက် တောင်ကမ်းပါးထက်ကနေ အရိပ်နှစ်ခုက ဝုန်းခနဲ ပြုတ်ကျလာသည်။

လူသားနှစ်ယောက် ဖြစ်လေသည်။

တစ်ဦးမှာ အသက်ငါးဆယ်ရွယ်ခန့်ရှိပြီး ရှမ်းဘောင်းဘီပွကြီး ဝတ်ဆင်ထားသည့်လူကြီးတစ်ယောက်ဖြစ်ကာ ကျန်တစ်ဦးမှာ အသက်နှစ်ဆယ်ဝန်းကျင်ရှိ လူငယ်တစ်ဦးဖြစ်၏။ ကင်းခြေများကြီးက အစာမျိုနေရင်း တန်းလန်းက ရန်သူကို ချာခနဲ လှည့်ကြည့်လိုက်စဉ် . . .

"ကောင်းစံ . . . သတိမလစ်နဲ့"

ရှမ်းဘောင်းဘီဝတ်လူကြီးသည် ဟစ်အော်သတိပေးပြီး ကင်းခြေများကောင်ကြီးထံသို့ ဓားရှည်ကိုင်ကာ ခုန်ဝင်သွား၏။

ဓားချက်သည် တိကျပြင်းထန်စွာ ကင်းခြေများကောင်ကြီး၏ ဦးခေါင်းကုပ်ဆက်သို့ ကျရောက်သွားလေသည်။ ကင်းခြေများကြီး တွန့်လူးသွား၏။

'ဒုတ်'

'ရှီး . . ဖြီး'

"သေစမ်းကွာ . . . ကဲ . . . ကဲ"

လူကြီး၏ ကြုံးဝါးမာန်ဖီသောအော်သံနှင့် အဆက်မပြတ် ကျလာသည့် ဓားချက်များအောက် ကင်းခြေများကောင်ကြီး လွန့်လူးနေစဉ် လူငယ်ကပါ ပျဉ်းမနှစ်တုတ်ဖြင့် တဖုန်းဖုန်း ဝင်ရောက်တိုက်ခိုက်လေသည်။ လူနှစ်ယောက်၏ကြား၌ ကင်းခြေများကောင်ကြီးမှာ သွေးသံရဲရဲဖြင့် ဒေါသကြီးစွာ တွန့်လိမ်မာန်ဖီရင်က နောက်ဆုံး ငြိမ်သက်သွားလေတော့၏။ တောကြီးကင်းခေါ် ကင်းခြေများကြီး ဝိညာဉ်ချုပ်သွားခဲ့လေပြီ။

အသက်မဲ့ကာ ငြိမ်သက်နေပြီဖြစ်သော ကင်းခြေများကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုကြည့်၍ ရှမ်းဘောင်းဘီပွပွကြီး ဝတ်ဆင်ထားသည့်လူကြီးက …

"ဟူး … နည်းတဲ့ကောင်ကြီးမဟုတ်ဘူး ကောင်းစံ၊ ဒီကောင်တွေက ရိုးမထဲမှာ တောကြီးပင့်ကူနက်တွေလိုပဲ အဆိပ်ပြင်းတယ်၊ တွင်းအောင်းနေတာကွ၊ ဘယ်နှစ်နှစ် ဘယ်နှစ်ကာလ ကြာနေပြီလဲ တော့မသိဘူး။ ဒရယ်သံကြားလို့ ထွက်လာတာကွ၊ တွေ့ရခဲတယ်"

ဟု ပြောလိုက်လေရာ နံဘေးရှိ အသက်သုံးဆယ်ရွယ်ခန့် လူရွယ်ကလည်း …

"ဟုတ်မှ ဘကြီးမောင်ရာ … ကျွန်တော့်တစ်သက် ဒီတစ်ကြိမ်ပဲ မြင်တွေ့ဖူးတယ်၊ လုံးပတ်တင် နည်းတာမဟုတ်ဘူး … အခြေခွံတွေကလည်း မာမှမာ၊ ကျွန်တော့်ရဲ့မာလွန်းတဲ့ ဗျဉ်းမသားတုတ်တောင် ကျိုးတယ်"

"ငါတို့ ကံကောင်းလို့ မသေတာကွ၊ ဟိုဒရယ်ပေါက်ကို ဒီကောင်ကြီး မျိုနေတုန်းမို့ ဘာမှမခုခံနိုင်ဘဲ သေသွားတာ၊ ဒီပြင် သာမန်အချိန်တွေဆိုရင် တို့နှစ်ယောက် ဘယ်လွယ်လိမ့်မလဲကွာ၊ အစာဖောကပ်နေလို့ ငါနဲ့မင်း လွယ်လွယ်အနိုင်ရတာ"

"ဒါကြီးကို ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ ဘကြီးမောင်း"

"ဟ … ရွာသယ်ရမှာပေါ့၊ ဒရယ်ကိုတော့ ယူခဲ့ကွာ၊ ဒီကောင်ကြီးကိုတော့ အနားက သစ်ကိုင်းသစ်ခက်တွေနဲ့ ဖုံးထားခဲ့မယ်၊ တော်ကြာမှောင်လာတော့မှာ၊ ဒီနေ့ ငါတို့အဖြစ်က မရှုံးဘဲ စော်ကဲမင်းဖြစ်တဲ့ကိန်းကွ … ဟား ဟား"

"အဟုတ်ပေါ့ ဘကြီးမောင်း၊ တောထဲဝင်တာ နှစ်ရက်ရှိနေပြီ … ဘာသားကောင်မှ မရဘူး၊ ခုတော့ ရွာအပြန် မျက်နှာပန်းလှသွားပြီပေါ့ဗျာ … ဟား ဟား"

ကောင်းစံဆိုသောလူရွယ်က ဘကြီးမောင်းဆိုသူ၏စကားကို ထောက်ခံသလိုရယ်မောပြောဆိုရင်း ကြီးမားသည့် ကင်းခြေများကောင်





ကြီးပေါ်သို့ အနီးပါးရှိ သစ်ကိုင်းချုံရိုင်းများကို ခုတ်ယူကာ ဖုံးအုပ်လိုက်၏။ နေသည် မှောင်စပြုလာလေပြီ။ နေဝင်သွားလေပြီ။

သို့မှသာ ညဘက်အစာရှာထွက်သည့် ဟင်းကောင်များ မစားကောင်မှာဖြစ်သည်။ အမှန်တကယ်လည်း ခုန ဘကြီးမောင်း ခေါ် ဦးအောင်မောင်းစကားကဲ့သို့ သူတို့နှစ်ယောက် ငှက်ကြီးချောင်းသို့ မကြာမီမှ ရောက်လာကြခြင်းပင်ဖြစ်သည်။

ကမ်းပါးယံမှအဆင်း၌ မမျှော်လင့်ဘဲ ဒရယ်ပေါက်ကို မြင်တွေ့လိုက်၍ နှစ်ယောက်သား ပါလာသည့်ဒူးလေးဖြင့် ပစ်ရန်ပြင်ဆင်ဆဲမှာပဲ မျှော်လင့်မထားသည့် နှစ်ချို့တွင်းအောင်းကောင်ကြီးသည် လျှာခနဲ ပေါ်ထွက်လာခြင်းဖြစ်သည်။

ဒရယ်ပေါက်နှင့် ယင်းကင်းခြေများကြီး၏ ဝမ်းစာတိုက်ပွဲအား သတ်မှု ကြောင်ငေးကာကြည့်နေမိပြီးမှ နောက်ဆုံး၌ ရဲရင့်စွန့်စား၍ပင် ဘီလူးကြီးမားသော တောကြီးကင်းကြီးကို ဝင်ရောက်သတ်ဖြတ်လိုက်ခြင်း ဖြစ်သည်။

ဘကြီးမောင်းသည် မုဆိုးတစ်ဦးပီပီ သတ္တိကောင်းလှ၏။

ရှင်းရှင်းပြောရလျှင် ကောင်းစံသည် ကြီးမားလှသည့် ထိုကင်းခြေများကောင်ကြီးအား ကြောက်စိတ်တစ်ဝက်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သေ၏။

ကောင်းစံသည် မုဆိုးပေါက်စဟုသာ ဆိုရသော်လည်း သတ္တိ သိပ်ကောင်းလှသည်တော့မဟုတ်ချေ။ မုဆိုးကောင်းဆိုသည်မှာ ပါးနပ် သိမ်မွေ့ပြီး ရဲစွမ်းသတ္တိပြည့်ရသည်ဟူ၍ ဦးကြီးမောင်း မကြာခဏ ပြောသော်လည်း ကောင်းစံသည် သူ့အကြောင်း သူသာသိ၏။

သူက ဝါသနာပါလွန်း၍၊ မျိုးရိုးဗီဇပါ၍ မုဆိုးအဖြစ် အသက်မွေးကျောင်းခြင်း မဟုတ်ချေ။ ဦးအောင်မောင်းမှာမူ ငယ်စဉ်ကတည်းက မုဆိုးအဖြစ် အသက်မွေးခဲ့ပြီး ယခုအချိန်၌ သူ့ကို လျော်ကိုးရွာဝန်းကျင်

www.burmeseclassic.com



အနီးအပါးထိ လူသိများသော ဝါရင့်မုဆိုးကြီးတစ်ဦးဖြစ်ပေသည်။ လျော်တုံးရွာမှ ဦးကြီးအောင်မောင်းနှင့် ကောင်းစံမှာ ခြိဝိုင်း လေးငါးဝိုင်းခန့်သာ ခြားပေ၏။

ရွာမှ ရိုးမပေါ်တက်၍ သစ်ခုတ်ဝါးခုတ်ရင်းက ကောင်းစံသည် ရံဖန်ရံခါ၌ ဦးကြီးအောင်မောင်းနှင့်အတူ မုဆိုးလိုက်လုပ်သည်။ အမှန်မှာ မုဆိုးပညာကို သူသည် ဦးကြီးအောင်မောင်းထံ၌ လိုက်လံ ဆည်းပူးသင်ယူနေခြင်းဆိုက ပိုမှန်ပေလိမ့်မည်။ တောထဲ၌ သားကောင်ပစ်ခတ်ရလျှင် ဦးကြီးအောင်မောင်းသည် သူ့အား ငွေစကြေးစများ ခွဲဝေပေးပြီး အသားကိုလည်း စားသောက်ရန်ပေးတတ်သည်။

ဒါကို ကောင်းစံသည် နှစ်သက်သဘောကျလေသည်။ ဒီအတွက်လည်း မကြာခဏ ဦးကြီးအောင်မောင်း ရိုးမပေါ် အမဲပစ်ထွက်လျှင် သူလိုက်ပါစမြဲ။ ကောင်းစံနှင့်ဦးကြီးအောင်မောင်းတို့နှစ်ယောက်သား ကမ်းပါးစပ်လေးပေါ် ရောက်လာ၏။

ကျောက်ကမ်းပါးယံယံလေးဖြစ်၍ လေကွယ်မျက်ကွယ်ရှိသလို တောကောင်ကြီးတွေ၏ရန်မှလည်း ညရေးညတာ စိတ်ချရလေသည်။ ပို၍စိတ်ချရလေအောင် မီးဖိုတစ်ဖိုတော့ ဖိုရမည်။ မီးရောင်တွေ့လျှင် တောကောင်ကြီးများ မလာဝံ့ကြပေ။

ဦးကြီးမောင်းက ...

"ကဲ ... ကောင်းစံ ... ငါ ဒီကောင်ကိုဖျက်နေတုန်း ထင်းရှာပြီး မီးဖိုကွာ၊ ငါတို့လည်း စားရင်း ပတ်ဝန်းကျင်လည်း လင်းလင်းကျင်းကျင်း မြင်ရအောင်ပေါ့ကွာ၊ တောထဲရောက်ရင် သတိဆိုတာ ပိုတယ်လို့တယ် မရှိဘူးကွ၊ တောကောင်ကြီးတွေ မျက်စိလည်လာတတ်တယ်"

"ဟုတ်ကဲ့ ဘကြီးမောင်း"

ကောင်းစံ ချက်ချင်းပင် အနီးပါးရှိ သစ်ခြောက်ဝါးခြောက်များ ရှာဖွေပြီး မီးဖိုလိုက်လေ၏။ သစ်လုံးခြောက်ကြီးနှစ်ခုကိုလည်း ဆိုင်မီ





ထားလိုက်သည်။ လောင်စာကောင်းသောမီးအရှိန်ကြောင့် ကမ်းပါးငယ် လေးဝန်းကျင်တစ်ဝိုက် လင်းနေတော့သည်။ ဒီည ဒီမှာပဲ အိပ်စက်ကြ မည်။

မကြာမီ ဘကြီးမောင်း၏ဒရယ်ကင်မှ မွှေးပျံ့သောရနံ့ကို ရနှင့် ကောင်းစံ၏ဝမ်းဗိုက်တွင်းရှိ အူများသည် ဆာလောင်မွတ်သိပ်လာလေ တော့၏။

ရိုးမတောကြီးသည် ညဥ့်ပိုးမွှားကောင်များ၏အော်မြည်သံ ငှက်ကြီးချောင်း၏ရေစီးသံများဖြင့် အမှောင်ထုကြီးတွင်းသို့ တိတ်ဆိတ်စွ တိုးဝင်နေလျက် ...။

❊ ❊ ❊



www.burmeseclassic.com

## ရိုးမတွင်းက သစ္စာဝါဆန်း

နေသည် တစ်စစမြင့်တက်လာသည်ဖြစ်၍ အပုရှိန်က လျော့ထုံး ရွာလေးတောင်းသို့ ဖြန့်ယှက်ဝင်ရောက်လာနေပြီဖြစ်သည်။ အချိန်က မနက်ခင်း ဆွမ်းခံဝင်ချိန်ပင် ရှိလောက်နေပေပြီ . . . ဟု မီးဖိုချောင်တွင်းမှာ ချက်ပြုတ်စရာရှိသည်ကို ချက်ပြုတ်နေရင်းကနေ ဒေါ်နှင်းထုံ တွေးလိုက်သည်။

အတွေးဖြင့် တစ်ဆက်တည်း အကြည့်ကလည်း ဟိုအဝေးရှိ ငုံ့င်းညို့နေသောရိုးမသို့ မရည်ရွယ်ဘဲ ရောက်သွားမိပြန်သည်။ ဒါသည် ခင်ပွန်းဖြစ်သူ ကိုအောင်မောင်း ရိုးမပေါ်အမဲပစ်သွားသည့်အခါတိုင်း ဒေါ်နှင်းထုံ ဖြစ်မြဲဓမ္မတာပင်ဖြစ်၏။ ထိုအကျင့်ကို ကိုအောင်မောင်းနှင့် အိမ်ထောင်စကျကတည်းက စွဲမြဲလာခဲ့သည်မို့ ဒေါ်နှင်းထုံ ဖျောက်ဖျက်မရတော့။

• ဒီနေ့ဆိုလျှင် ကိုအောင်မောင်း ရိုးမပေါ်တက်သွားသည်မှာ သုံးရက်တိုင်ခဲ့ပြီ၊ ယခုချိန်ထိ ပြန်ဆင်းမလာသေး၍ ဒေါ်နှင်းထုံ ဟိုတွေးဒီတွေးဖြင့် ပူပန်နေမိခြင်းဖြစ်သည်။

"ကိုအောင်မောင်း ဒီတစ်ခေါက် ရက်ပိုကြာနေပါလား၊ အို . . . ငါကိုယ်က ပူနေတာပါ၊ ကောင်းစံလည်း ပါသွားတာပဲ၊ ဒီနေ့တော့ ပြန်





ရောက်ကြမယ် ထင်ပါရဲ့၊ လက်ထဲမှာလည်း ငွေက ပြတ်တော့မယ်"

ရရစားစားမှုဆိုးမယားဖြစ်၍လည်း ဒေါ်နှင်းထုံ၏လက်ထဲ ငွေငွေလျှံစုဆောင်းမိခြင်းမရှိပါ။ ကိုအောင်မောင်း အမဲပစ်ထွက်သွား၍ ရက်အနည်းငယ်ကြာလျှင် ဒေါ်နှင်းထုံ ငွေပြတ်လပ်သွားတော့၏။ ထိုအခါ ရွာထဲမှ နီးစပ်ရာအိမ်များမှ ဆွဲလွဲချေးငှားသုံးရလေတော့၏။

ကိုအောင်မောင်းသည် မုဆိုးဟုဆိုသော်လည်း ရဲဖန် သားကောင်ကြီးမရလျှင် ဤကဲ့သို့ပင် သုံးလေးရက်ခန့် ကြာမြင့်တတ်သည်။ မုဆိုးဆိုသည်မှာလည်း ရိုးမထဲဝင်တိုင်း သားကောင်က ပစ်ခတ်၍ရသည်မဟုတ်၊ ပြီးတော့ ကိုအောင်မောင်းကလည်း နေ့စဉ် အမဲပစ်ထွက်တတ်သော မုဆိုးမျိုး မဟုတ်ချေ။ ဟိုတစ်လောကလည်း ဖျား၍ အမဲမထွက်ဖြစ်ဘဲ အိမ်မှာနားနေ၏။

အမဲပစ်ထွက်၍ ဆတ်လို စိုင်လို သားကောင်ကြီးမျိုးရခဲ့ပါလျှင် အနည်းဆုံး တစ်ပတ်ခန့် အိမ်မှာနားနေတတ်သည်။ ဖေတော်ပေသေးသည်၊ ဒေါ်နှင်းထုံတို့မှာ မိသားစုမများ၍ စားရေးသောက်ရေး သိပ်အခက်အခဲမရှိတာဖြစ်သည်။ မိသားစုအကြောင်းတွေးမိမှ ကိုအောင်မောင်းအကြောင်းညည်းစားနေမိရာကနေ ဒေါ်နှင်းထုံ သားဖြစ်သူမိုးကောင်းကို သတိရသွားမိ၏။

ဒီတစ်ခေါက် ရိုးမပေါ်သို့ ကောင်းစံ အဖော်ပါ၍ ကိုအောင်မောင်းသည် မိုးကောင်းကို ခေါ်မသွားဘဲ ထားရစ်ခဲ့ခြင်းဖြစ်လေသည်။ သားဖြစ်သူသည်း ရဲဖန် ဖခင်ဖြစ်သူနှင့်အတူ ရိုးမထဲသို့ အမဲပစ်လိုက်ပါသွားတတ်၏။

မိုးကောင်းသည် ဖအေ့ဘက်က 'ဗီဇသွေးပါသည်ဟု ဆိုရပေမည်။ ရွာထဲ၌ ကြက်တိုက်၊ ငှက်ပစ်၊ ချိုးထောင်၊ ယုန်လိုက် ဝါသနာကိုငယ်စဉ်ကပင် ပါလာခဲ့သူဖြစ်ပေသည်။ အရွယ်က လူပျိုဖော်ဝင်စပင် ရှိသေးသည်မို့ ကိုအောင်မောင်းက အမဲပစ် သိပ်မခေါ်သွားတာဝ်။

ယခုလည်း ရွာထဲရောက်နေပြီ ထင်သည်။

မနက်က ထင်းပေါက်ပေးပြီး ရွာထဲခဏဟုဆိုကာ ယခု ဆွမ်းခံ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချိန်ထိပင် ပြန်ရောက်မလာသေးပါ။ ရွာထဲ ကြက်ဝိုင်းရှိရာသို့ ရောက်နေပြီလားပင် ဒေါ်နှင်းထုံ မပြောတတ်။

ဒေါ်နှင်းထုံသည် အိမ်ရှေ့ခြံဝိုင်းစပ်သို့ လှမ်းငဲ့ကြည့်မိရင်းက . . .

"ဒီကောင်လေး မိုးကောင်း . . . အိမ်မှာ ဒီလောက်လုပ်စရာတွေ ရှိတာ အချိန်ရှိသရွေ့ ရွာထဲချည်းပဲ၊ ဒီတစ်ခေါက် ကိုမောင်းလာရင် တိုင်ပစ်ချည်မှ အေးမယ်၊ ဒါမှမဟုတ်လည်း တောထဲ ခေါ်သွားခိုင်းရမှာပဲ၊ ဖအေက တစ်မျိုး, ဒီကောင်လေးက တစ်မျိုး . . . ငါ့နှယ်နော်"

ပါးစပ်ကနေ စိတ်ပျက်လက်ပျက် တညည်းညည်း ပြောဆိုနေရင်းက ဒေါ်နှင်းထုံ လုပ်လက်စအလုပ်တွေ လက်စသတ်ပြီး အိမ်ရှေ့ထွက်လာခဲ့ရသည်။

ထိုစဉ် ခြံဝိုင်းတွင်းဝင်လာသည့် သားဖြစ်သူ မိုးကောင်းကို လှမ်းမြင်လိုက်သဖြင့် . . .

"ဟဲ့ . . . မိုးကောင်း"

"ဗျာ . . . အမေ"

"ခု နင်က ဘယ်သဝေထိုးပြီး ခုမှပြန်လာရတာလဲ၊ နေ့ကိုလည်း မော့ကြည့်ဦး၊ ဖအေနဲ့အတူ တောထဲလိုက်မသွားရလည်း ရေခပ်ထင်းခွဲ အလုပ်လေး ဘာလေးလုပ်ဦးမှပေါ့၊ အချိန်ပြည့် ရွာထဲမှာချည်းပဲ၊ ခုရော ဘယ်ကကြွလာတာလဲ ပြောပါဦး . . . ဟွန်း"

"ဟာ . . . အမေကလည်းဗျာ ရွာထဲမှာ ကိုသာဂေါင်တို့ ခွေးလက်ချနေလို့ ခဏသွားကြည့်တာပါဗျာ၊ ခုပဲ ထင်းခွဲပေးမလို့ပါ၊ ဒါထက် အဖေ ပြန်မလာသေးဘူးလား၊ ဒီတစ်ခေါက် အမဲပစ်ထွက်တာ ကြာလိုက်တာဗျာ"

"မိုးကောင်း စကားရှည်မနေနဲ့ လုပ်စရာရှိတာ သွားလုပ်ချည်"

"လုပ်ပါပြီ အမေရာ"

မိုးကောင်း မိခင်ဖြစ်သူ ဒေါ်နှင်းထုံအားပြောရင်း အိမ်ပေါ်ကနေ





ပြန်ဆင်းကာ ခြံနံဘေးရှိ ထင်းဖြတ်ရာနေရာဆီသို့ လျှောက်လာခဲ့လေသည်။

မနေ့က ကျန်ရှိနေသော ထင်းများကို ဆက်ဖြတ်ရပေမည်၊ အမှန်တော့ မိုးကောင်းသည် ရွာမှာ ဤသို့သောအလုပ်များ မလုပ်ချင်ပါ။ သူက ဖခင်ဖြစ်သူနှင့်အတူ ရိုးမပေါ်သို့လိုက်ကာ အမဲပစ်ထွက်နေရလျှင် ပျော်ရွှင်နေတတ်၏။ ရွာမှာ ဟိုယောင်ယောင် ဒီယောင်ယောင် ယောင်သုံးဆယ် လုပ်နေရတာထက် ရိုးမထဲမှာ အမဲသားကောင်များနှင့် ဉာဏ်ရည်ပြိုင် ပွန်းစားနေရတာကို မိုးကောင်းသည် ပို၍ဝါသနာကြီးလေသည်။

သူက မုဆိုးဖြစ်ချင်သည်။ သို့သော် ဖခင်ဖြစ်သူကာမှ သူ့အား ခုံပန်မှသာ ရိုးမထဲသို့ ခေါ်သွားတတ်၏။ အမြဲတစေ လိုက်ပါခွင့်ရနေသူကတော့ ကိုကောင်းစံပင်ဖြစ်သည်။ ကိုကောင်းစံသည် အဖေသင်ကြားပေး၍ မုဆိုးပညာ အတော်ရနေပြီဟု သူ့ကိုပြောလေသည်။ ယခုလည်း အဖေနှင့်ကိုကောင်းစံ အမဲပစ်ထွက်သွားကြသည်မှာ သုံးရက်ခန့်ပင် ရှိနေပြီ။

တောထဲ တစ်ခုခုများ ကြုံတွေ့နေ၍လား။ ဖွဟဲ့ . . . လွဲပါစေ၊ ဖယ်ပါစေ . . .။

မိုးကောင်း သူ၏ခေါင်းထဲသို့ ဝင်ရောက်လာသော မကောင်းသည့် အတွေးဆိုးတို့ကို ဖယ်ထုတ်လိုက်ပြီး ထင်းခွဲခြမ်းများကို ပေါက်ဆိန်ဖြင့် အားရပါးရပေါက်နေလေတော့၏။

'ဒုတ် . . ဒုတ်'

'ခွမ်း . . ခွမ်း'

နေရောင်အောက်၌ ကျောပြင်ဗလာဖြစ်နေသော မိုးကောင်း၏ သည့်ကြည့်ခန့်ညားသည့်မျက်နှာဖြင့် ကျစ်လျစ်သန်မာသည့်ခန္ဓာကိုယ်မှာ ချွေးစက်တို့ သီးခိုနေကြလေသည်။ မိုးကောင်းသည် ယောက်ျားပီသသော လူငယ်တစ်ယောက်ဖြစ်လေသည်။

အတော်ကြာ၍ မိုးကောင်း ချွေးအမောဖြေနေစဉ်မှာပင် ခြိုင်းခြိုင်း

ယ်ကနေ လှမ်းဝင်လာကြသောလူနှစ်ယောက်အား ဖျတ်ခနဲမြင်လိုက်၏။

"ဟာ . . . အဖေ . . . အဖေပြန်လာပြီ"

ဖခင်ဖြစ်သူနှင့်ကိုကောင်းစံတို့သည် ကြီးမားလှသော သတ္တဝါကြီး တစ်ကောင်အား ဝါးပိုးဝါးဖြင့်လျှိုကာ ထမ်းလာကြခြင်းဖြစ်သည်။ သူတို့ နောက်ကနေ ရွာသားသုံးလေးယောက်လည်း လိုက်ပါလာကြတာ တွေ့ရ လေ၏။

မိုးကောင်း ဖခင်ဖြစ်သူအနား ချက်ချင်းရောက်သွားသည်။ ပြီး တော့ တစ်ဆက်တည်း . . .

"အဖေ့ကို ရက်ကြာနေ၍ အမေ စိတ်ပူနေတာဗျ . . . ဟင် အဖေ ဒီ . . . ဒီကောင်ကြီးက ဘာ . . . ဘာကြီးတုံး"

ဖခင်ဖြစ်သူနှင့်ကောင်းစံ ထမ်းယူလာသည့် သတ္တဝါကြီးကို ကြည့် ၍ မိုးကောင်း တအံ့တသြမေးလိုက်မိသည်။ ပြီးတော့ ခြေကိုလည်း နောက် သို့ နှစ်လှမ်းခန့် ဆုတ်လိုက်မိ၏။ မိုးကောင်း တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသော တောကောင်ကြီး . . .။

"ကဲပါ သားရာ . . . ပြီးတော့ အဖေပြောပြပါ့မယ်ကွာ၊ ဒီကောင် ကြီးကို အောက်ချပါရစေဦး၊ ဝိုး . . . ရိုးမပေါ်ကနေ ဒီထိ ထမ်းလာလိုက် ရတာ မောလိုက်တာကွာ"

ဦးအောင်မောင်းသည် သူတို့ထမ်းလာသည့် တောကြီးကင်းကြီး အား ခြံဝိုင်းလယ်၌ ချလိုက်သည်။ ပြီးလျှင် နဖူးပြင်မှာ သီးစိုနေသည့် ချွေးစက်ချွေးသီးများကို ဖျင်တဘက်ပွကြီးဖြင့် ပွတ်တိုက်သုတ်ရင်း အနီးရှိ ကွပ်ပျစ်၌ ထိုင်လိုက်လေသည်။

ဒေါ်နှင်းထုံသည်လည်း ဦးအောင်မောင်းနံဘေးသို့ အပြေးအလွှား ရောက်လာ၏။

"အမလေး . . . ကိုအောင်မောင်း . . . ရှင် ဒီတစ်ခါပစ်ခတ်လာ တာ ဘယ်လိုသတ္တဝါကြီးလဲရှင့် . . . ဖွတ်လည်းမဟုတ်၊ မြွေလည်းမဟုတ်





ကြောက် . . . ကြောက်စရာကြီးပါလားတော်"

ဒေါ်နှင်းထုံ၏စကားကို ကြားလိုက်သော နံဘေးရှိရွာသား ဖိုး ကလည်း တအံ့တသြဖြင့် . . .

"ဟုတ်ပ့ါ ဘကြီးမောင်းရာ . . . ဘာကောင်ကြီးတုံး၊ ကျုပ် လည်း မမြင်ဖူးလို့ လိုက်လာတာ . . . ပြောပါဦးဗျ"

"ကင်းခြေများကောင်ကြီးပါကွာ . . . နှစ်ချို့တွင်းအောင်း ကင်း များ သတ္တဝါကြီးပေါ့၊ တောကြီးကင်းလို့လည်း ခေါ်တယ်"

"ဗျာ . . . တောကြီးကင်း . . . ဟုတ်လား"

"အေးကွာ . . . ကင်းခြေများတဲ့၊ ငါ့တစ်သက် ဒီတစ်ကြိ မြင်ဖူးသေးတယ်ကွ၊ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။ ဘကြီးမောင်းဘယ် ဘယ်လို အဲဒီကောင်ကြီးကို ရလာလဲဗျ၊ ရွာထဲက လူတွေသိရင် အ အံ့သြသွားကြမှာ အမှန်ပဲ"

ရွာသားများသည် သူတို့တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တ မျှပင် မမြင်ဖူးသော ကြီးမားလှသည့် ကင်းခြေများကောင်ကြီးကို ကြ တအံ့တသြ မျက်လုံးမျက်ဆံပြူးကာ ဝိုင်းဝန်း၍မေးကြလေ၏။ ဦးအေ မောင်းက . . .

"ငှက်ကြီးချောင်းအထက် ကျောက်ကမ်းပါးယံနားမှာ ဒ ပေါက်ကို လိုက်နေတုန်း ရခဲ့တာကွ၊ လွယ်လွယ်နဲ့ရခဲ့တာတော့ မပ ဘူးနော်၊ အတော်ခက်ခက်ခဲခဲ တိုက်ခိုက်ခဲ့ရတာ၊ ကောင်းစံ သတ္တိကေ တာလည်း ပါတာပေါ့ကွာ၊ ငါတစ်ယောက်တည်းဆို ဒီသတ္တဝါကြ အနိုင်တိုက်ခိုက်နိုင်မှ တိုက်ခိုက်နိုင်မှာ"

"ဒီလိုကွ . . . ငါနဲ့ဘကြီးမောင်းတို့က . . ."

ကောင်းစံက သူတို့ ကင်းခြေများကြီးနှင့် ရင်ဆိုင်တွေ့ပုံ အောင်မောင်း၏ အသက်စွန့်တိုက်ခိုက်ပုံများကို ဒေါ်နှင်းထုံ၊ မိုးကော ရွာသားများအား မြိန်ရေယှက်ရေ ပြောပြနေလေသည်။ ရွာသား

www.burmeseclassic.com



တအံ့တသြအမူအရာဖြင့် မျက်လုံးပြူးလိုက်၊ ပါးစပ်ဟလိုက် ဖြစ်နေကြရှာသည်။ သူတို့အဖို့ ထူးဆန်းအံ့သြဖွယ်ရာကိုး။

ရွာသားများထဲမှ ဖိုးလူက ...

"ဘကြီးအောင်မောင်း ... ဒီကောင်ကြီးက စားလို့ရသလားဗျ"

"ဟ ... ရတာပေါ့ မောင်ရာ၊ မရတဲ့ ငါက အပင်ပန်းခံပြီး ရွာကို သယ်ခဲ့မလားကွ ... စဉ်းစားလည်း ပြောပါဦး၊ သူ့အကြေးခွံက သာ သုံးမရတာ၊ အသားက ဆိမ့်နေတာကွ၊ ဖွတ်သားနဲ့ မလဲနိုင်ဘူးမောင်"

"ဒါဆိုလည်း ကျုပ်တို့ တစ်တွဲပေးဗျာ"

"ကျုပ်လည်း ယူမယ် ဦးကြီးအောင်မောင်း၊ ဟုတ်တယ်ဗျ ... ကျုပ် အတတ်ပြောဖူးတယ်၊ ဒီလို ကင်းခြေများအစွမ်းက အဆိပ်အရမ်း ပြင်းပေမယ့် အသားက ဆိမ့်နေ့ ချိုနေတာတဲ့"

"အစစ်ပေါ့ကွာ ... ရှားရှားပါးပါးအမဲကွ၊ ရိုးမထဲ ခြေတိုအောင် လိုက်ရှာလို့ တွေ့ချင်မှတွေ့မှာ ... ကံကောင်းလို့ ရခဲ့တာ"

"အဖေ ... ဒါဆို ကျွန်တော်လည်း သူကြီးဦးညိုခက်ကို တစ်တွဲ သွားပေးမယ်နော် ... သူလည်း ကြိုက်မှာပဲဗျ"

"ဟေ့ကောင် ငမိုး ... မင်းက ဘာလဲကွ၊ သူကြီးစားစေချင်တာလား၊ သူ့သမီး မြဝန်း စားစေချင်တာလား ... ရှင်းရှင်းပြောစမ်းပါကွာ ... ဟား ဟား"

"ဟာဗျာ ကိုဖိုးလူကလဲဗျာ ... ကျုပ်က ရိုးရိုးသားသားပါဗျ"

မိုးကောင်းက လူပျိုလေးပီပီ မျက်နှာကြီး နီမြန်းသွားလျက် ရက်ကိုးရက်ကန်းပြောလေသည်။

"ဟား ဟား ... ငါက ဘာမှမပြောရသေးပါဘူး မိုးကောင်းရာ ... အိုးမလုံ အုံပွင့်မနေစမ်းပါနဲ့၊ မြဝန်းညိုကလည်း မင်းအပေါ် သံယောဇဉ်ရှိတာ တစ်ရွာလုံးသိပါတယ်ကွ၊ မင်းက အလျူလက်ဖက်နဲ့ မျက်နှာလုပ် နေလို့ ပြောတာဟေ့ ... ဟား ဟား"





"မိုးကောင်းက ဟိုစကားပုံအတိုင်း ကျင့်သုံးနေတာကွ"

"ဘာလဲ ပေတလူ"

"ဟို ... ဟိုဟာလေကွာ ... ယောက္ခမအိမ်တက် သားမက်နှာ မငယ်ဆိုတာလေ၊ ဒါကြောင့်လည်း သူကြီးက ... မောင်မိုး မော ဖြစ်နေတာကွ"

ရယ်မောသံတွေ ခြံဝိုင်းထဲ လွင့်စည်သွားလေသည်။

မိုးကောင်းသည် သူ့အား ဝိုင်းဝန်းနောက်ပြောင်နေကြသ ကာလသားခေါင်းတို့အား မျက်နှာကြီးနီရဲကာ ခေါင်းကြီးငုံ့လျက် ဘာ မပြောသာချေ။

ဦးအောင်မောင်းကလည်း သူ့သား ဖြစ်ပျက်နေပုံအား ရိပ်မိ ကြီးပီပီ ...

"မပူပါနဲ့ သားရာ အဖေ အမဲရလာတိုင်း ညိုခက်ကို ဘယ်တုန်း လို့လဲကွ၊ ပြီးတော့ သွားပေးလိုက်၊ ကင်းခြေများသားဆို ဒီကော ယမကာမှိုဝဲရင် အမြည်းကောင်းကောင်းရတာပေါ့ ... ဟား ဟာ

စကားအဆုံး ဦးအောင်မောင်းသည် ကွပ်ပျစ်မှထ၍ ကင်း ကောင်ကြီးကို စတင်ဖျက်ဖို့ လုပ်လေတော့၏။ အရှည်သုံးလံကျော် တ်အနံပင်ငယ်ရှယ်ခန့်ရှိသည့် နက်မှောင်စိမ်းလက်နေသည့် မာကျ အကြေးခွံကြီးများဖြင့် ကင်းခြေများကောင်ကြီးမှာ ဦးအောင်မောင်း ကျသည့် ဓားချက်အောက်၌ မလှုပ်မယှက်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အမေတစ်ခု သားတစ်ခု

ကောင်းစံ ... သူ၏ခြံတွင်းသို့ လှမ်းဝင်လာရင်း မိခင်ဖြစ်သူအား လှမ်း၍အသံပြုလိုက်လေသည်။

"အမေရေ ... အမေ"

"ဟော ... သား ကောင်းစံ ... သား ပြန်လာပြီလား"

အတော်အသင့် ကျယ်ဝန်းသော်လည်း ခမ်းနားကြီးကျယ်ခြင်း မရှိသည့် အင်ဖက်မိုးတဲတွင်းမှ မိခင်ဖြစ်သူ ဒေါ်ခင်သွယ်၏ ဝမ်းသာအားရ အသံဖြင့်အပြု တံခါးပေါက်သို့ ရွေ့လျားလာသည့်လှုရိပ်ကို လှမ်းမြင်လိုက်ရ၏။ ကောင်းစံ ကမန်းကတန်း တဲပေါက်ဝသို့ ပြေးသွားရင်း ...

"ဟာ ... အမေကလဲဗျာ ... အိမ်ထဲမှာနေလည်း ဖြစ်တဲ့ဥစ္စာ၊ မတော် ချော်ပြုလဲနေမှဖြင့်ဗျာ"

"မလဲပါဘူး သားရဲ့ ... အမေ တစ်သက်လုံး ဒီလိုပဲ သွားလာနေတဲ့ဥစ္စာ ... ဘယ်မှာ ချော်ပြုလဲဖူးလို့လဲ၊ သားကလည်း စိုးရိမ်စရာမရှိ ကြံဖန်လို့ကွယ်၊ အမေက သားကို မျှော်နေတာကွယ့်"

ကောင်းစံ အိမ်ပေါ် ကမန်းကတန်းလှမ်းတက်ရင်း အိမ်ပေါက်ဝ အနီးရှိ ဒေါ်ခင်သွယ်အား လှမ်းပွေ့ဖက်လိုက်ပြီး ...

"ဘာလို့မျှော်နေတာလဲ အမေရယ် ... ရိုးမပေါ်တက်ရင် နှစ်ရက် သုံးရက်မက ကြာတတ်မှန်း အမေလည်း သိသားနဲ့ဥစ္စာ၊ ဒီမှာ ပိုက်ဆံ





အမေ၊ ပြီးတော့ ဟင်းစားအတွက်လည်း ဦးကြီးအောင်မောင်းက အသား တွဲတစ်တွဲ ပေးလိုက်သေးတယ်"

"အို ... အမေ မယူပါဘူး ... သားဘာသာပဲ သိမ်းထားလိုက်ပါ၊ ဒါထက် ဒီတစ်ပတ် ကိုအောင်မောင်း ဘာပစ်လာတာလဲ"

"ဒရယ်ပေါက် တစ်ကောင်ရယ်, မမျှော်လင့်ဘဲ တောကြီးကင်း ခြေများကောင်ကြီးတစ်ကောင်လည်း ရလာတယ် အမေရဲ၊ အသားက ရွာထဲမှာ စားချင်တဲ့လူကများလို့ လောက်တောင်မလောက်ဘူး၊ သားတောင် ဒရယ်သားတွဲပဲ ယူလာရတော့တယ်၊ ကင်းခြေများအသား မစားဖူးလို့ စားချင်နေတာ"

"ဟင် ... တောကြီးကင်းခြေများ ... ဟုတ်လား"

"အင်းလေ အမေရဲ့ ... နှစ်ချို့တွင်းအောင်းနေတဲ့ ကောင်ကြီး ဒူန်တော်တို့ ကံကောင်းပြီးရလာတာ၊ ဒီမှာ ကျွန်တော်တောင် အိမ်မှာ သိမ်းထားဖို့ အကြေးခွံတစ်ခု ဦးကြီးမောင်းထံက တောင်းလာတယ်၊ ဒလေးပုခက်တောင် လုပ်ဖို့ကောင်းတယ် ... အဟား"

ကောင်းစံသည် သူယူလာသည့် ကင်းခြေများအကြေးခွံကြီးအား ဒေါ်ခင်သွယ်အား ထိကိုင်စေသည်။ အကြေးခွံကြီးမှာ ပက်ခွက်ကြီးသဖွယ် ဖြစ်ပြီး စိမ်းနက်မှောင်နေလျက် သုံးလေးပေခန့် ကြီးမား၏။

အမှန်မှု ဒေါ်ခင်သွယ်မှာ အမြင်အာရုံချို့ယွင်းနေသူတစ်ဦးပင် ဖြစ်လေ၏။ မွေးရာပါ အမြင်ကွယ်သူမဟုတ်ဘဲ ကောင်းစံကို မွေးဖွားပြီး သည့်နောက် မီးတွင်းမှာ အပူကြီးကာဖျားပြီး အမြင်အာရုံ ချို့ယွင်းသွားခဲ့ခြင်း ဖြစ်လေသည်။

ဒီတုန်းက ကောင်းစံ၏ဖခင်ဖြစ်သူ ဦးခင်မောင်မှာ မသေသေးပါ။ ဦးခင်မောင်သည် ရိုးမပေါ်တက်၍ သစ်ခုတ်သူတစ်ဦးဖြစ်ပြီး ကောင်းစံ ငယ်စဉ်သားအရွယ်ကျမှ သစ်လုံးပိကာ ရိုးမထဲမှာပင် သေဆုံးခဲ့လေ၏။ ထိုအချိန်မှစ၍ ကောင်းစံတို့သားအမိသည် လောကဓံလှိုင်းကို ကြံ့ကြံ့တင်း



www.burmeseclassic.com

www.burmeseclassic.com



စွာခံစားရခဲ့သည်မို့ ကောင်းစံအနေဖြင့် သူ၏မိခင်အပေါ် အလွန်ပင် တွယ်တာသံယောဇဉ်ကြီးလှလေသည်။

ဘာပဲစားစား ဘာပဲလုပ်လုပ် မိခင်ကြီးကိုသာ ရှေ့တန်းတင် ဦးထိပ်ထားလေ့ရှိသည်။ ပြေးကြည့်မှ ဒီမအေ ဒီသားသာ သံယောဇဉ်တွယ်စရာမို့ ဒေါ်ခင်သွယ်သည်လည်း သားဖြစ်သူကောင်းစံအား လွန်စွာပင် ချစ်ခင်တွယ်တာလွန်းလှ၏။ သံယောဇဉ်ကြီးလှသည်။

ကောင်းစံ မှဆိုးအလုပ်ကို ဦးအောင်မောင်းထံ ပညာသင်ယူရင်း နိုးမထဲ၌ တွေ့သမျှသားကောင်များကို ပစ်ခတ်သတ်ဖြတ်နေခြင်းကိုလည်း သိပ်ပြီး မနှစ်မြို့လှပေ။ တားမရ၍သာ ကြည့်နေရလေသည်။

"အဟင်း ... သားက တောကြီးကင်းရဲ့အကြေးခွံ ၊ ၂ ကလေး ပုခက်နဲ့ တူတယ်ဆိုတော့ ဘာလဲ ... သားက ရယ်ရွယ်ထားတဲ့သူ ရှိနေလို့လား။ ဘာလဲ ... ဟိုဘက်ခြံက မထွေးမြသမီးလေး ညိုစိမ့်လေးလား ... ဟင်း ဟင်း၊ ညိုစိမ့်လေးက ဒီရက်တွေအတွင်း အိမ်ကို နေ့တိုင်း လာနေရှာတာ"

"ဟာဗျာ ... အမေကလည်း ကျုပ်က ဟို ... ဟို ..."

"သားရယ် ... အမေလည်း ငယ်ရာက ကြီးလာတာပါကွယ် ညိုစိမ့်လေးက သဘောပြည့်ပြီး လိမ်မာရေးခြားရှိပါတယ် ... ဟင်း ဟင်း"

မိခင်ဖြစ်သူအပြောကြောင့် ကောင်းစံမျက်နှာကြီး နီမြန်းလျက် မည်သည့်စကား ပြန်ဖြေရမှန်းမသိ ဖြစ်နေစဉ် ခြံဝိုင်းထဲက ခေါ်သံ ထွက်လာလေသည်။

"ကိုကောင်းရေ ကိုကောင်းစံ"

ညိုစိမ့်၏အသံလေးပင် ဖြစ်သည်။ ကောင်းစံ မလုံမလဲဖြင့် မိခင်ဖြစ်သူအား တစ်ချက်လှမ်းကြည့်လိုက်စဉ် ဒေါ်ခင်သွယ်မျက်နှာပေါ်မှ အပြုံး တစ်ချက်အား လှစ်ခနဲမြင်လိုက်ရ၏။ ညိုစိမ့်ကလည်း တိုက်ဆိုင်စွာပင် သူမအကြောင်း ပြောနေစဉ်မှာပဲ ရောက်ရှိလာလေ၏။





"ဟော့ ကောင်းစံ ... နင်တို့ နိုးမပေါ်က ပြန်ဆင်းလာတယ်ကြားလို့ ရွာထဲမှာ သတင်းကြီးနေတယ်၊ နင်တို့ တောကြီးကင်းခြေများ ရလာတာဆို"

"အေး ... ဟုတ်တယ် ဒီမှာ"

"ဟယ် ... အဲဒါကြီးက ဘာလဲ ... သူ့အရေခွံကြီးလား၊ အမယ်လေး ကြောက်စရာကောင်းလိုက်တာ၊ အကြေးခွံတောင် ဒီလောက်ကြီးနေရင် အကောင်ကြီးက နည်းမှာမဟုတ်ဘူးနော် ကောင်းစံ၊ နင်ဘို့ ပစ်တာမဟုတ်တဲ့ လက်ရဖမ်းယူခဲ့တာဆို၊ နင်က သတ္တိကောင်းသားပဲ ဟင်းဟင်း"

"သတ္တိကောင်းလို့မဟုတ်ပါဘူး ညိုစိမ့်ရာ ... ကြက်ကန်း ဆန်အိုးတိုးမိတာပါ၊ တကယ်ရင်ဆိုင်တာက ဦးကြီးမောင်းဟ ... ငါ မဟုတ်ဘူး၊ ကဲရော့ ... ဒီအသားတွဲတစ်ဝက် နင်ယူသွား၊ အမေနဲ့ငါက သိပ်မလိုဘူး၊ ဒီလောက်ဆို နှစ်ရက်သုံးရက်စားရမှာ"

ကောင်းစံသည် ညိုစိမ့်အား သူ့ရလာသော အသားတွဲကို တစ်ဝက်ခွဲကာ လှမ်းပေးလိုက်သည်။

"နေပါစေ ... နင်နဲ့ကြီးခင်ပဲ စားပါ"

"ယူလိုက်ပါ သမီးညိုစိမ့်ရဲ့ ... သားပြောသလို ကြီးခင်တို့က နည်းနည်းဆို သုံးလေးရက် စားရတာ၊ ယူလိုက် သမီး ... တော်ကြာ သားစိတ်မကောင်းဖြစ်နေမယ်"

ဒီတော့မှ ညိုစိမ့်သည် ကောင်းစံလှမ်းပေးနေသော အသားတွဲကို လှမ်းယူလိုက်၏။ လှမ်းယူလိုက်စဉ် လက်ချင်း မတော်တဆ ထိတွေ့သွား၍ ညိုစိမ့်ရင်ထဲ လှစ်ခနဲဖြစ်သွားကာ ကောင်းစံကို မကြည့်ရဲတော့ဘဲ ခေါင်းကြီးငုံ့သွားသည်။ ထို့အတူ ကောင်းစံလည်း ရင်ထဲလှုပ်ရှားသွားမိ၏

သူတို့နှစ်ယောက်၏အဖြစ်ကိုမူ မျက်စိကွယ်နေရှာသော ဒေါ်ခင်သွယ်သည် မမြင်မတွေ့မိလိုက်ပါချေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## သံယောဇဉ်မြစ်ဖျားဒေသ

ခြံဝိုင်းတွင်းသို့ ပလိုင်းတစ်ခုလွယ်ကာ ဝင်လာသော မိုးကောင်းအား လှမ်းမြင်လိုက်၍ သူကြီးညိုခက် စိတ်ထဲ လှစ်ခနဲ ပျော်သွားသလို ဖြစ်သွားသေးသည်။

'ဘာကိစ္စလဲဟေ့ မိုးကောင်း''

''အဖေ ရိုးမပေါ်က ပြန်ဆင်းလာလို့ ဦးကြီးညိုဆီ ဟင်းစားလာပို့တာပါ ဦးကြီး''

ဩော် ... အေး ... လာကွာ ... ငါလည်း အောင်မောင်း အမဲပစ်ပြန်လာတာ ရွာထဲမှာ ကြားပါတယ်၊ ဟင်းစားလည်း မကြာခဏ သာပို့နေတော့ ငါတောင် အားနာနေရပြီ မောင်မိုးရေ လာကွာ ... အကြမ်းသောက်''

''အားနာစရာမလိုပါဘူး ဦးကြီးညိုရာ၊ အဖေက ဦးကြီးကို စားစေချင်လွန်းလို့ ပို့ခိုင်းလိုက်တာ၊ ဒီတစ်ခါ ကင်းခြေများသား ဦးကြီးရေ ဦးကြီး လျှာလည်သွားမှာပဲ''

''ဟေ ... ကင်းခြေများအသား၊ ဟာ ... သိပ်ကောင်းပေါ့ကွာ ငါ ဒီတစ်ခါတော့ အောင်မောင်းကို ကျေးဇူးအရမ်းတင်သွားပြီဟေ့ ... ဟား ဟား''

''အဖေတို့လည်း မမျှော်လင့်ဘဲရခဲ့တာလို့ ပြောပါတယ် ဦးကြီး





ညို''

မိုးကောင်းသည် ပြောပြောဆိုဆို လွယ်လာသည့်ပလိုင်းထဲမှ ကင်းခြေများအသားတွဲအား ထုတ်ကာ သူကြီးဦးညိုခက်ကို လှမ်းပေးလိုက်၏။

''သမီး မြဝန်းရေ ... မြဝန်း''

''လာပြီ အဖေ''

အသံနှင့်အတူ မကြာခင် အိမ်အဆောင်နောက်ဘက်အခွယ်ကနေ ကမန်းကတန်းလှမ်းထွက်လာသော မြဝန်းညိုအား မိုးကောင်း မြင်လိုက်ရ၏။ မိုးကောင်း ရင်အစုံက ဒိတ်ခနဲ လှုပ်ရှားသွားမိသည်။

သနပ်ခါးပါးကွက်ကြားလေး လိမ်းခြယ်လျက် ကျောဘက်ရှိ ရှည်လျားသော ဆံနွယ်ကြီးကို ကျစ်ဆံမြီးရှည်ကြီးကျစ်ချထားသည့် သူမ၏ယဉ်စံစ ကပိုကရိုအလှက သူ့နှလုံးသားအား ဖမ်းစားသွားလေသည် မဟုတ်ပါလား။

''ဟော ... ကိုမိုး ... နင် ဘယ်တုန်းကရောက်လဲ အသံတောင် မပေးဘူး ... ကြည့်''

''ငါ ဦးကြီးနဲ့စကားပြောနေလို့ပါဟ''

''မောင်မိုးက ဟင်းစားလာပို့တာ သမီးရဲ့''

''ဘာလဲ ... ဘကြီးအောင်မောင်း အမဲပစ်ထွက် ပြန်လာပြီလား''

''ကဲ မောင်မိုးရေ ... သမီးနဲ့ စကားပြောနေချည်၊ ငါ ရွာထဲ ခဏသွားဦးမယ်၊ ပြီးမှ ပြန်ပေါ့ကွာ၊ မင်းအဖေကိုလည်း ငါက ကျေးဇူးတင်တဲ့အကြောင်း ပြောလိုက်ဦးဟ''

''ဟုတ်ကဲ့ ဦးကြီးညို ... စိတ်ချပါ''

ဦးညိုခက်သည် ခြေလှမ်းကျဲကြီးတွေဖြင့် ခြံဝိုင်းထဲကနေ လှမ်းထွက်သွားလေတော့သည်။ ထုံးစံအတိုင်း ရွာအရှေ့ရှိ ဦးဖိုးတေ၏ ထန်းတဲဆီ့ သွားခြင်းပဲဖြစ်လိမ့်မည်ဟု မိုးကောင်း တပ်အပ်တွေးလိုက်မိသည်၊ အချိန်က နေညို့ချိုပြုနေပြီမဟုတ်လား။

www.burmeseclassic.com



မြဝန်းညို၏ဖခင်ဖြစ်သူ ဦးညိုခက်သည် လျှော်ထုံးရွာ၏ သူကြီး အငြိမ်းစား ရွာလူထုက ရွေးချယ်တင်မြှောက်ခံရပြီး ရပ်ရွာလူကြီးတစ်ဦးဖြစ်နေသော်လည်း ထန်းပင်ကျရည်ကိုတော့ ငယ်စဉ်ထဲက ကြိုက်နှစ်သက်သူမို့ ယခုချိန်ထိ သောက်ဆဲပင်။ ထန်းရည်သောက်တတ်သည်မှလွဲ၍ ရပ်ကိုင်း ရွာကိုစွက်ကိုမှု တရားမျှတစွာ ကိုယ်ဖိရင်ဖိဆောင်ရွက်တတ်သော ရွာလူကြီးတစ်ဦးပင် ဖြစ်လေသည်။

"မြဝန်း"

"ဟင် . . . ဘာလဲ"

"နင့်အဖေက ငါ့အဖေကို ကျေးဇူးတင်တယ်လို့ပြောတာ . . . ငါက ဦးကြီးကိုသာ ကျေးဇူးတင်တာဟ . . . သိလား"

"နင့်စကားကြီးကလဲ"

"ဟုတ်တယ် . . . ငါ နင်နဲ့ စကားလွတ်လွတ်လပ်လပ်ပြောဖို့ အတွက် ဦးကြီးက ရှောင်ပေးသွားတာသိလား မြဝန်း"

"ဟယ် ခွေးစုတ် . . . ကြည့်စမ်း . . . ငါ့အဖေကို . . . ကဲ . . . ကဲ"

မိုးကောင်း၏စကားကြောင့် မြဝန်းညို၏ဝင်းမွတ်သန့်စင်သော မျက်နှာပြင်လေးမှာ ဖြန်းခနဲ ရှက်သွေးစိုရဲသွားရသလို ရှက်ရှက်ဖြင့် မိုးကောင်းအား လှမ်းရိုက်လိုက်လေသည်။ မိုးကောင်းက မရှောင်ဘဲ မြဝန်းညို၏လက်သွယ်များလေးအား လှမ်းဆုပ်ကိုင်၏။ မြဝန်းညိုရင်ထဲ ဒိန်းခနဲ ရင်ခုန်သွားရပြီး ချက်ချင်း ခြံဝိုင်းစပ်ဘက်သို့ကြည့်ကာ . . .

"အို . . . ကိုမိုး လွှတ်ပါ . . . သူများတွေ မြင်သွားမယ်"

"မမြင်ပါဘူး မြဝန်းရဲ့"

"အိုး . . . မြင်မြင်, မမြင်မြင် မြဝန်းရှက်တယ် . . . လွှတ်ပါ"

အမှန်တကယ်လည်း မြဝန်းညို၏ လှပသောမျက်နှာလေးသည် ပန်းသွေးရောင်စိုနေပြီး အသံလေးကလည်း တုန်ခါနေသည်မို့ မိုးကောင်း လက်ကလေးကို ဖြည်လျှော့လွှတ်လိုက်လေသည်။ မြဝန်းညို၏ နှင်းဆီ





နှုတ်ခမ်းလေးသည် စူသွား၏။

တကယ်တော့ သူမ၏ချစ်စနိုးအမူအရာလေးကို မိုးကောင်း မချင့်မရဲဖြစ်သွားပြီး အခွင့်အရေးယူသလိုဖြစ်သွားရခြင်းဖြစ်သည်။

"စိတ်ဆိုးသွားလား မြဝန်း . . . ငါ တောင်းပန်ပါတယ်ဟာ"

"ဘာလဲ . . . ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့လို့ပြောတာ လား ဟွန်း . . . ကိုမိုးနော် . . . နင်"

"ထပ်ရိုက်ချင်လို့လား . . . ရိုက်လေ . . . ရော့"

"တော်ပါ . . . ဟွန်း"

"မြဝန်း"

"ဘာလဲ"

"ငါ နောက်ရက်တွေကစပြီး အဖေနဲ့ ရိုးမထဲ အမဲပစ်လိုက်သွားတော့မယ်၊ နောက်ဆို နင့်ဆီလာဖြစ်ချင်မှ လာဖြစ်တော့မယ်"

"ဟင်"

မိုးကောင်း၏စကားကြောင့် မြဝန်းညိုမျက်လုံးလေးပြူးကာ ဆတ်ခနဲလှမ်းကြည့်သည်။ အမှန်တော့ မိုးကောင်းပြောသည့်စကားက မထူးဆန်းပါ။ ဟိုယခင်ကလည်း မိုးကောင်းသည် တမံခါတစ်ရံ ဦးအောင်မောင်းနှင့် ရိုးမပေါ်သို့ အမဲပစ်လိုက်ပါသွားတတ်မြဲ။ ဒါပေမဲ့ ယခု မိုးကောင်း၏မျက်နှာက လေးနက်သည့်အသွင်ကို ဆောင်နေ၏။

မြဝန်းညို၏စိတ်ဆန္ဒကမူ မိုးကောင်းကို အချိန်မရွေး အန္တရာယ်ကြုံတွေ့နိုင်သော မုဆိုးအလုပ်မလုပ်စေချင်။ ဦးကြီးအောင်မောင်းကမူ မိုးကောင်းကို သူ၏မုဆိုးပညာအမွေ ဆက်ခံချင်ပုံရမှန်း မြဝန်းညို သိနေလေသည်။ မိုးကောင်းကလည်း ယင်းမုဆိုးအလုပ်ကို ဝါသနာကြီးမှန်း သူမ ရိပ်စားမိနေ၏။

"ဦးကြီးအောင်မောင်းက လိုက်နိုင်းလို့လားဟင် ကိုမိုး"

"အဖေ လိုက်နိုင်းတာ,မလိုက်နိုင်းတာထက် အဖေ့အ အသက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနေပြီလေ မြဝန်း၊ အမှန်ဆို ငါက အဖေ့ကို ပြန်လုပ်ကျွေးပြုစုရမှာ၊ ပြီးတော့ ငါလည်း ငွေကြေးစုဆောင်းချင်လို့"

"ငွေကြေးစုဆောင်းမယ် ... ဟုတ်လား"

"အေးလေ ... ငါ ငွေကြေးစုဆောင်းလို့ ပြည့်စုံမှ နင့်ကို ရွာမှာ တင့်တောင့်တင့်တယ် တောင်းရမ်းယူနိုင်မှာပေါ့ မြဝန်း၊ မုဆိုးအလုပ်က ငွေကြေးရတယ်လေ"

"အို ... ဒါပေမဲ့ အန္တရာယ်များတာကိုလည်း ထည့်တွက်ဦးလေ ကိုမိုး၊ ငါ စိတ် စိတ်မချဘူး ကိုမိုးရယ်၊ ရွာမှာပဲ တစ်ခုခု လုပ်ပါလားဟင်"

"ရွာမှာက ဘာအလုပ်ရှိလို့လဲ မြဝန်း၊ သူရင်းငှားလည်း ငါမလုပ်ချင်ဘူး၊ သစ်ခုတ်,ဝါးခုတ်လုပ်လည်း ရိုးမထဲဝင်ရတာပဲ၊ မုဆိုးသားက မုဆိုးလုပ်တာ မဆန်းပါဘူးဟာ၊ ခု ငါလည်း အဖေနဲ့ ရိုးမပေါ် မကြာခဏ လိုက်သွားနေလို့ မုဆိုးအတွေ့အကြုံရနေပါပြီဟာ၊ ငါ့အတွက် ပူမနေပါနဲ့"

"နင် ... ဆုံးဖြတ်ပြီးပြီပေါ့"

"အေး ဆုံးဖြတ်ပြီးလို့ နင့်ကို ဦးဆုံးပြောပြတာပေါ့ဟာ၊ ငါ့အတွက် နင် စိတ်မပူပါနဲ့ မြဝန်းရာ"

မိုးကောင်း၏စိတ်ကို နားလည်နေသူပီပီ မြဝန်းညို ဘာမှဆက်မပြောဘဲ ရေငုံနှုတ်ပိတ်နေလိုက်တော့၏။ နေရောင်က တဖြည်းဖြည်း ညိုလာပေပြီ။ သိပ်မကြာခင် ဦးညိုခက် ပြန်ရောက်လာတော့မည်မို့ မိုးကောင်း ထိုင်နေရာကနေ လာလိုက်လေသည်။

"ငါ ပြန်တော့မယ် မြဝန်း"

"မိုးကောင်း ... ဟို ... ဟိုလေ ညကျရင် နင် ငါတို့တွေ့နေကျ နေရာလေးကို လာခဲ့"

မြဝန်းညိုတို့ခြံဝိုင်းထဲကနေ လှမ်းထွက်လာသော မိုးကောင်း၏ ခြေလှမ်းအစုံသည် ပေါ့ပါးသွက်လက်နေလေ၏။

❀ ❀ ❀



## အကြံတူရင် ရန်ဩ

မိုးကောင်းသည် မြဝန်းညိုတို့ခြံဝိုင်းတွင်းက ထွက်လာပြီး ရွ
လမ်းပေါ်လျှောက်လာသည်။ သူ့နားထဲမှာ မြဝန်းညို နောက်ဆုံးပြေ
လိုက်သော စကားလေးက ချိုမြိန်စွာပဲ့တင်ထပ်လျက်ရှိသည်။

ညကျ ထမင်းစားပြီးသည်နှင့် သူနှင့်မြဝန်းညို တစ်ခါတစ်
ဆုံတွေ့လေ့ရှိရာ သူမတို့ခြံနောက်ဘက်ရှိ ညောင်ပင်ကြီးသို့ သွားရပေမည်

မိုးကောင်း သူ့အတွေးနှင့်သူမို့ ပတ်ဝန်းကျင်ကို သတိမပြုမိချေ
ယင်းအခိုက် ...

"ဟေ့ကောင် မိုးကောင်း"

အသံလာရာသို့ မိုးကောင်း လှည့်ကြည့်လိုက်မိသည်။

သူ့အား လှမ်းခေါ်လိုက်သူမှာ တစ်ရွာထဲသား ရွာမြောက်ပိုင်း
တာတီးနှင့်လှကြီးမောင်။ သူတို့နှစ်ယောက်၏နံဘေး၌ ရပ်နေသည့် ဆ
တောရွာသား ဗညားဆိုသောကောင်ကိုလည်း တွေ့သည်။ ဗညားက သ
အား စိမ်းစူးစူး လှမ်းကြည့်နေ၏။

"ဘာလဲ တာတီး"

"ခု မင်း ဘယ်ကပြန်လာတာလဲကွ"

တာတီးမေးပုံက မချိုမချဉ် ပိုင်စိုးပိုင်နင်း။

"ငါ့ဘာသာငါ ဘယ်ကပြန်လာလာ မင်းနဲ့ဘာဆိုင်လဲ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့မေးတာလဲ တာတီး''

မိုးကောင်းက လေသံမာမာဖြင့်ပင် ပြန်မေးလိုက်၏။ တာတီး မျက်နှာက မည်းခနဲ ဖြစ်သွားသည်။ မိုးကောင်း ရွာမှာ ထန်းရည်သောက်၊ ကြက်တိုက်လုပ်ပြီး မည်သည့်အလုပ်မျှမလုပ်ဘဲ သောက်စားမူးယစ်နေသော တာတီးတို့လူစုကို နဂိုထဲက မျက်စိစပါးမွေးစူးနေသူဖြစ်သည်။ တာတီး၏မိဘတွေက ရွာမှာ လယ်အတော်များများ ပိုင်၍ တာတီးက မိဘအရှိန်ဖြင့် ဝင့်ကြွားနေသူ၊ ရွာမှာ ချဥ်ဖတ်ဖြစ်သည်။

''မင်း စောစောက သူကြီးခြံထဲက ထွက်လာတာတွေ့တယ် ... မင်း ဘာသွားလုပ်တာလဲ''

''အမဲရလာလို့ အသားသွားပေးတာ''

မိုးကောင်းသည် တာတီးလေသံကို မကြိုက်သော်လည်း စိတ်လျှော့ပြီး ရန်မီးမပွားချင်၍ ဖြေလိုက်သည်။

''သူကြီးရှိလားကွ မိုးကောင်း''

''သိချင်ရင် မင်းဘာသာ မင်းသွားကြည့်ပါလား တာတီး ... ငါ့ကို မေးနေလို့ ဘာအကျိုးရှိမှာလဲ ... ငါသွားမယ်''

မိုးကောင်း ရှေ့ဆက်စကားမပြောချင်တော့၍ ယတိပြတ် ပြောပြီး တာတီးတို့လူစုရှေ့ကနေ လှမ်းထွက်ခဲ့လေတော့သည်။

''တောက်''

နောက်ဘက်ကနေ မည်သူ့ထံကမှန်းမသိသော တက်ခေါက်သံကြောင့် မိုးကောင်း ခြေအစုံ တုံ့ခနဲဖြစ်သွားပြီး ... နောက်မှ ရှေ့ဆက်လျှောက်လာခဲ့သည်။ ဂရုမစိုက်ချင် ...။

ဗညားအောင်သည် သူတို့အား မချေမငံပြောကာ လှမ်းထွက်သွားသော မိုးကောင်းနောက်ကျောကိုကြည့်၍ မကျေမချမ်းတက်ခေါက်လိုက်ခြင်း ဖြစ်သည်။

သူ လျှော်ထုံးရွာသို့ရောက်လာတိုင်း မိုးကောင်းဆိုသောကောင်





ကို မြဝန်းညိုနှင့်ပတ်သက်၍ ဆုံတွေ့ရတာ သုံးကြိမ်ရှိနေပြီ။

တစ်ကြိမ်က မြဝန်းညိုနှင့် ရယ်မောပြုံးရွှင်စွာ စကားပြောနေတာကို မြင်တွေ့ရခြင်းဖြစ်သည်။ နောက်နှစ်ကြိမ်က မြဝန်းညိုနှင့်တွဲလျက် ရွာလမ်းမှာ တစ်ကြိမ်၊ မြဝန်းညိုတို့ခြံထဲမှာ တစ်ကြိမ်။

ကြည့်ရတာ ဒီကောင်နှင့်မြဝန်းညို အတော်လေး ခင်မင်ရင်းနှီးကြပုံ ပေါ်လေသည်။ အဲဒါကပင် ဗညားအောင်၏ရင်ထဲမှာ မျက်စပ်ပိုးဝင်နိုးလိုးခုလုဖြစ်နေခြင်းဖြစ်၏။ ဗညားအောင်က ဝေးသွားသော မိုးကောင်းကို လိုက်ကြည့်နေရာမှ အနီးရှိ တာတီးအား ...

''အဲဒီကောင်နဲ့ မြဝန်းညိုက ဘာပတ်သက်လဲ တာတီး''

''ဟာ ... ဘာမှမပတ်သက်ပါဘူး ဗညားရာ၊ အဲ ... ဒါပေမဲ့ တစ်ရွာတည်းသားဆိုတော့ ငယ်သူငယ်ချင်းတွေပေါ့ကွာ၊ ဘာလဲ ... မင်းက မြဝန်းညိုနဲ့ ဒီကောင် ငြိသွားမှာစိုးရိမ်လို့လား ... ဟား ဟား၊ ဘာမှမပူစမ်းပါနဲ့ကွာ ... ဒီကောင်က ရွာမှာ စာရင်းမရှိတဲ့ ဝဲစားပါကွာ၊ သူ့အဖေက မုဆိုး၊ ဒီကောင်ကလည်း မုဆိုးလိုလို ကြမ်းပိုးလိုလို ကောင်မျိုးပေါ့''

''မြဝန်းညိုနဲ့ ပတ်သက်လာရင်တော့ ငါရန်သူပဲ တာတီး''

ဗညားအောင်က သူ့စိတ်ထဲရှိသည့်အတိုင်း အံကြိတ်ကာ ပြောလိုက်သည်။ တကယ်တော့ ဗညားအောင်သည် သူ့ရွာ ဆလူတောကနေ ဤလျှော်ထုံးရွာသို့ မကြာခဏလာရောက်၍ တာတီးတို့ လူကြီးမောင်တို့ဖြင့် ပေါင်းသင်းနေခြင်းမှာ အကြောင်းမဲ့မဟုတ်။

လျှော်ထုံးရွာ၏ ကွမ်းတောင်ကိုင် ပန်းအလှလေး မြဝန်းညို၏ အလှကြောင့်ပင် ဖြစ်သည်။ ဗညားအောင်က ဆလူတောရွာတွင် မိဘများမှာ စီးပွားရေးတောင့်တင်း၍ ရွာစဥ်လှည့်ကာ ကြက်ပွဲလောင်း ထန်းရည်သောက်နေသူဖြစ်သည်။

ယင်းကြောင့် လျှော်ထုံးရွာမှ တာတီးတို့လူစုကိုလည်း ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ဖောသီစွာ တိုက်ကျွေးပြုစုပြီး မြဝန်းညိုနှင့်နီးစပ်ရအောင် ကြံဆောင်နေသူဖြစ်သည်။ မြဝန်းညို၏ထူးခြားသည့်အလှအပကြောင့်လည်း သူတို့ ဆလူတောရွာ၏ကွမ်းတောင်ပန်းတောင်ကိုင်များကို ကျော်လွန်၍ လျော်ထုံးရွာသို့ ချောင်းပေါက်မတတ် လာနေသူဖြစ်သည်။

မြဝန်းညိုကို သူ ဘယ်လိုမှ လက်လွှတ်အဆုံးရှုံးမခံနိုင်။

ဒါကြောင့်လည်း မြဝန်းညို၏နံဘေးမှာ ပျားပိတုံးပမာ ရစ်ဝဲနေကြသူ ဘယ်သကောင့်သားပဲဖြစ်ဖြစ် သူ၏ရန်သူဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ဗညားအောင်သည် တစ်စုံတစ်ခုကို လိုချင်တပ်မက်မောလာပြီဆိုလျှင် ထိုအရာကို မရရအောင် ယူတတ်သည့်ညဉ် ရှိလေသည်။

တရားခြင်း၊ မတရားခြင်း၊ ကောက်ကျစ်ခြင်း၊ ယုတ်မာခြင်းတွေသည် ဗညားအောင်နှင့် မသက်ဆိုင်။ လူဆိုတာ ကိုယ်လိုချင်သောအရာကို ရအောင်ယူရမည်ဟူသော ဝါဒသည်သာ ဗညားအောင်၏ လက်ကိုင်။

"ဗညားအောင် . . . မင်း၊ ဒီည ရွာမပြန်နဲ့တော့ . . . ငါတို့ ထပ်သောက်ကြရအောင်၊ ငါ ရေချိန်မကိုက်သေးဘူးကွ"

"အေး . . . ငါလည်း ထပ်သောက်ချင်နေတယ် တာတီ၊ ခုန ဟိုကောင် ဂျစ်ကန်ကန်ပြောသွားတာကို ခံပြင်းပြီး အစာမကြေဖြစ်နေတာကွ၊ ငါ့ရွာမှာဆို ပွဲပြတ်သွားပြီ"

"ခေါင်းထဲ ထည့်မထားစမ်းပါနဲ့ကွာ . . . ဒီကောင်က အတိုအစပါ၊ အာရုံနောက်တယ် . . . လာ ငါတို့ မြောက်ဘက်ထန်းတော သွားကြမယ်၊ အဲဒီမှာ အမြည်းကောင်းတယ်ကွ"

သူတို့ခြေလှမ်းတွေကို ရွာမြောက်ဖျား ထန်းတောဘက် ဦးတည်လိုက်ကြလေတော့၏။

❊ ❊ ❊



## သံယောဇဉ်ဦးပန်းတစ်ပွင့်

ညဉ့်၏အမှောင်ထုအောက်မှာ လျော်ထုံးရွာကလေးသည် တိတ်ဆိတ်ငြိမ်သက်စပြုနေပြီဖြစ်သည်။ ရိုးမပေါ်ကနေ ဖြတ်သန်း တိုက်ခတ်လာသည့် လေပြည်လေညင်းလေးတွေကြောင့် သစ်ရွက်များ တဖျပ်ဖျပ်လှုပ်ခါသွားကြ၏။ လရောင်က မလင်းတလင်း . . .။

အချို့သော ရွာလယ်ရှိ ခြံဝိုင်းတစ်ဝိုင်းနှစ်ဝိုင်းမျှသာ မအိပ်စက်ကြသေးချေ။ တစ်ခါတစ်ရံ စကားသံများသည် လေပြည်နှင့်အတူ စီးမျောပါလာလေသည်။ မိုးကောင်းသည် အရွက်ဖားဖား အုပ်ဆိုင်းနေသည့် ညောင်ပင်ကြီး၏အမှောင်ရိပ်တွင်းမှနေ၍ ခြံတွင်းရှိ နှစ်ဆောင်ပြိုင်အိမ်ကြီးသို့ မကြာခဏ လှမ်းမျှော်ကြည့်မိ၏။

ထိုစဉ် အိမ်ကြီးဘက်ဆီမှ ဖျတ်ခနဲလှုပ်ရှားသွားသည့် အရိပ်သဏ္ဌာန်လေးတစ်ခုအား လရောင်အလင်းအောက်၌ တွေ့လိုက်ရသဖြင့် မိုးကောင်း လှစ်ခနဲ ရင်ခုန်သွားမိသည်။

မြဝန်းညို လာပေပြီ၊ သည်တော့မှပင် သူ၏ရင်တွင်းမှ တစ်ချိန်လုံး မောလျနေသောစိတ်သည် အေးချမ်းသွားရလေ၏။

သိပ်မကြာခင် အရိပ်သဏ္ဌာန်သည် အမှောင်ရိပ်လွှမ်းနေသည့် ညောင်မုတ်ဆိတ်ပင်ကြီးအောက် ရောက်ရှိလာသည်။

"မြဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"မိုးကောင်း"

"စောင့်လိုက်ရတာ မြဝန်းရယ် . . . ရင်ကိုမောနေတာပဲ သိလား"

မိုးကောင်း သူမအား ရင်ခွင်ထဲ ပွေ့ဖက်ထားရင်းက သက်မော တစ်ခုကို လေးပင်စွာ ချမိ၏။ သူ၏ရင်ခွင်တွင်းရှိ နွေးထွေးသော အထိအတွေ့ကြောင့်လည်း မိုးကောင်း ရင်တွေ လှုပ်ရှားနွေးဖို့နေရ၏။ သူ့စိတ်ထဲ မြဝန်းညို၏ရင်ခုန်သံတွေကိုပင် ကြားယောင်နေရသည် ထင်သည်။ သူ့ကို သိပ်ချစ်လွန်း၍သာ မြဝန်းညိုသည် ဤသို့ အရဲစွန့်လာရမှန်း မိုးကောင်း နားလည်ပါသည်။

သူတို့နှစ်ယောက်၏သံယောဇဉ်တွေက ဆယ်နှစ်ဆယ်မိုးပင် မကပြီပဲ။

"လွှတ်ပါဦး မိုးကောင်းရဲ့ တကတဲ မွေ့ကြီးကျနေတာပဲ၊ ဒီမှာ အသက်ရှူကျပ်နေပြီ . . . ဟွန်း"

"မြဝန်းကို ဆုံးရှုံးလိုက်ရမှာစိုးလို့"

"အပိုတွေ . . . လျှာအရိုးမပါတိုင်း . . . ကဲ . . . လွှတ်ပါ"

မိုးကောင်း ချစ်သူထံမှ စူအောင့်အောင့် အသံလေးကြောင့် ဖက်ထားရာကနေ ဖြည်လျှော့ပေးလိုက်သည်။ လရောင်မှုန်လှဲ့လှဲ့လေး လင်းနေသော မြဝန်းညို၏ မျက်နှာလေးက ညကေရီမင်းသမီးလေးတစ်ပါးနှယ် လှပလွန်းနေသည်။

"မိုးကောင်း"

"ဟင် . . . ဘာလဲ မြဝန်း"

"နင် . . . ဆလူတောရွာက ဗညားအောင်ကို သိသလားဟင်"

"ဗညားအောင်ဆိုတာ ဟို . . . တာတီးတို့အုပ်စုနဲ့တွဲနေတဲ့ ဆလူတောရွာကကောင်လား မြဝန်း"

"ဟုတ်တယ်လေ . . . ရွာထဲမှာ တာတီးတို့ လုကြီးမောင်တို့နဲ့ တွဲနေတာပဲ၊ ဆလူတောရွာက သူဌေးသားလို့ ပြောနေကြတာပဲ"





မိုးကောင်း ယခင်က ဗညားအောင်၏နာမည်ကိုမသိပါ။ ဆလူတောရွာမှာ နေထိုင်သူတစ်ဦးဟူ၍သာ သိထားသည်။ ညနေစောင်းက မြဝန်းညိုတို့၏ခြံဝိုင်းတွင်းကနေ ပြန်အလာ ရွာလမ်းမှာပင် ဒီကောင်တွေ လူစုနှင့် သွားဆုံပြီး ကတောက်ကဆဖြစ်မလို ဖြစ်ခဲ့ရသေးသည်။

"နင်က သူ့နာမည်ကို ဘယ်လိုလုပ်သိနေလဲ၊ ပြီးတော့ ဘာဖြစ်လို့မေးတာလဲ မြဝန်း"

"နင့်စကားကြီးကလည်း ငါ့ကို မယုံသလိုဘာလိုလိုနဲ့၊ ငါက သူနဲ့ ဘာပတ်သက်စရာရှိလို့ သူ့နာမည်သိရမှာလဲ၊ ရွာထဲက မိဝိုင်းတစ်ခါပြောပြလို့ ငါသိနေတာ၊ အဲဒါ သူက အဖေနဲ့လည်း ရင်းနှီးတော့ နေ့ညကမှ သူ့ကို ငါသိတာပါ၊ နင်နဲ့များ ရင်းနှီးသလားလို့ မေးကြည့်တာပါ"

"မရင်းနှီးပါဘူး၊ ငါ့စိတ်လည်းမဝင်စားဘူး၊ ဘာလဲ . . . ဒီကောင်က မနေ့တစ်နေ့ကမှ ရွာကိုလာလည်တယ်၊ ခု ဦးကြီးညိုခက်နဲ့ ရင်းနှီးတာ မြန်လှချည်လား၊ ခြေလှမ်းကလည်း ကျဲလွန်းတယ်"

မိုးကောင်း ဘာကြောင့်မှန်းမသိ ကျွဲမြီးတိုနေမိသည်။ မြဝန်းညိုသည် ဘာကြောင့် ဒီကောင့်အကြောင်း ပြောနေရတာလဲ။ မိုးကောင်း ဒီကောင်အကြောင်း နားမထောင်ချင်။

"ရင်းနှီးဆို အဖေနဲ့ ဗညားအောင်ရဲ့မိဘတွေက ရင်းနှီးတယ် ဆိုတာ ဗညားအောင်က လူလည်ဟ့ဲ၊ အဖေ့ကို သူ ဘာကြောင့် လာရောလာလဲဆိုတာ ငါရိပ်မိတယ် . . . သိလား"

"နင့်ကိုကြိုက်လို့ နေမှာပေါ့ဟာ"

"ဝေးသေး . . . ဒီလိုမိဘလုပ်စာထိုင်ဖြုန်းပြီး ထန်းရည်မူး၊ ကြက်တိုက်နေတဲ့ လက်ကြောမတင်းတဲ့လူတစ်ယောက်ကို ငါ ခေါင်းထဲတောင် ထည့်ဘူး၊ ငါ့ရင်ထဲမှာရှိနေတာ နင်ပဲ မိုးကောင်း၊ နင်က ငါ့သံယောဇဉ်ဦး ... ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလား မြဝန်း"

"ငါ နင့်ကို ဘယ်နှစ်ခါ လိမ်ညာပြောဖူးလို့လဲ . . . ဟွန်း"

မြဝန်းညိုသည် ရှက်ဝဲဝဲလေသံလေးဖြင့်ပြောရင်း ခေါင်းလေးငုံ့သွား၏။ မိုးကောင်း သူမ၏စကားကို ယုံပါသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် မြဝန်းညိုအား ရွာထဲ၌ ပိုးကျပန်းကျသူတွေ မနည်းပါ။ ရွာထဲရှိ လယ်ပိုင်ရှင်သား ကြေးရတတ်တွေပင် ပါလေသည်။

သို့သော် မြဝန်းညိုသည် ယင်းလူများအား တစ်ယောက်မျှ ချစ်ပါတယ်ဟူသောစကားကို အဖြေမပေးခဲ့ပါချေ။ မြဝန်းညို၏ဖခင်ဖြစ်သူ သူကြီးဦးညိုခက်သည်လည်း မိတဆိုးသမီးလေးဖြစ်သည့် မြဝန်းညို၏ နှလုံးသားရေးကို အတင်းအကျပ် မစီရင်ခဲ့ပေ။

ယင်းတို့ထဲတွင်မှ လွန်ခဲ့သော လအနည်းငယ်ကမှ မြဝန်းညိုသည် ငယ်သူငယ်ချင်းဖြစ်သူ သူ့အား ခေါင်းညိတ်ခဲ့ခြင်းဖြစ်သည်။ တကယ်တမ်းမှာမူ မြဝန်းညိုအား ဝိုင်းဝန်း၍ ကမ်းလှမ်းချစ်ခွင့်ပန်နေကြသော ရွာထဲရှိ ကျော်ထင်တို့ ချစ်နောင်တို့ထက်စာလျှင် မိုးကောင်းသည် မိုးပေါ်က လမင်းနှင့်မြေစာမြက်၊ ဖွဲနှင့်ဆန်ကွဲပမာ အရာအားလုံး ကွာခြားလေသည်။ မိုးကောင်းသည် မုဆိုးသား နင်းပြားသက်သက်။

ရွာတွင် မကျဉ်းမကျယ်ခြံဝိုင်းလေးတစ်ခုသာ ပိုင်ဆိုင်ပြီး မည်သည့်ကျောထောက်နောက်ခံမျှ မရှိသူ။ ဒါကိုပင် မြဝန်းညိုက သူ့အား ကြင်ဖော်အဖြစ် ရွေးချယ်ခဲ့သဖြင့် မိုးကောင်းလောက် အပျော်ကြီးပျော်ခဲ့သူ မရှိပေ။

သို့ရာတွင် မိုးကောင်းနှင့်မြဝန်းညိုတို့ ချစ်ကြိုးသွယ်နေပြီဆိုခြင်းကိုကား ဖခင်ဖြစ်သူ သူကြီးဦးညိုခက်ကစ၍ မည်သူမျှမသိ။ မရိပ်စားမိအောင် နှစ်ယောက်သား အနေအထိုင် ပိရိသိုသိပ်ခဲ့ကြ၏။ ဒါကြောင့်လည်း ရွာထဲမှ ရွာသားများသည် သူတို့အား ရိုးရိုးသာမန် ခင်မင်နေသူတွေလောက်သာ ထင်ကြေးပေးထားသည်။





မြဝန်းညိုသည် မိုးကောင်း၏ရင်ခွင်ထဲက ရုန်းထွက်လိုက်ရင်း

"မိုးကောင်း ပြန်တော့နော် . . . ညဉ့်နက်နေပြီ"

"ပြန်မယ် မြဝန်း။ ဒါပေမဲ့ နောက်ရက်တွေ ငါ လာနိုင်မှာမဟုတ်တော့ဘူး။ အဖေနဲ့ ရိုးမပေါ်လိုက်သွားမလို့"

"အေးလေ . . . ငါမှ တားလို့မရတာ၊ တောထဲမှာ သတိနဲ့နေပ်နော် မိုးကောင်း၊ ငါလေ နင့်ကို စိုးရိမ်တယ် . . . ငါသွားတော့မယ်"

ပြောပြောဆိုဆို မြဝန်းညိုသည် သစ်ပင်ကြီးအပါးကနေ ခြံဝိုင်းတွင်းသို့ သွက်လက်လျင်မြန်စွာ ပြန်လည်ပြေးဝင်သွားလေတော့သည်။

မိုးကောင်းလည်း ခဏအကြာ အမှောင်ရိပ်ကိုလွှမ်းခြုံနေသော ညောင်ပင်ကြီးအောက်ကနေ ရွာတွင်းသို့ ပြန်၍ ထွက်ခွာလာခဲ့လေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## ရှိုးမဇေါ်မာယာ

ရှိုးမသည် အိပ်ရာမှ နိုးထခဲ့လေပြီ။

ဦးအောင်မောင်းတို့ လက်ပံချောင်းကြီးဘက်သို့ တက်လာခဲ့ကြခြင်းဖြစ်သည်။ ရှေ့ဆုံးမှနေ၍ ဦးအောင်မောင်းသည် ဒူးလေးနှင့် တောလိုက်မားထိုးကာ ပတ်ဝန်းကျင်အား အကဲခတ်နားစွင့်ရင်း သွားနေသည်။

သူ့နောက်ကနေ လိုက်ပါလာသူတွေက ကောင်းစံနှင့်မိုးကောင်း

ကောင်းစံနှင့်မိုးကောင်းမှာလည်း ဒူးလေးတစ်လက်စီနှင့် ပလိုင်းကိုယ်စီ လွယ်ထားကြသည်။ ပလိုင်းထဲမှာ မနက်ကတည်းက ရွာကနေထုပ်ပိုးလာခဲ့သည့် ထမင်းထုပ်နှင့် ရိက္ခာခြောက်အနည်းငယ် ပါလာသည်။ သူတို့ မနက် အလင်းရောင်စပေါ်လာတည်းက ရွာကနေ ထွက်လာခဲ့ကြခြင်းဖြစ်သည်။ ဒါကြောင့်လည်း ခုလို ဆွမ်းခံဝင်ချိန်လောက်၌ ရှိုးမပေါ်သို့ သူတို့ ရောက်ရှိနေကြခြင်းဖြစ်သည်။

ဦးအောင်မောင်းက ရှိုးမတစ်ခွင် နယ်မြေကျွမ်းသည်မို့ လက်ပံမြောင်ဘက်သို့ ရှေ့ကနေ ဦးတည်သွားနေခြင်းဖြစ်သည်။

တောက ထူထပ်လွန်းလှသည်။ လမ်းခရီးမှာ ပိတ်ဆို့ဟန့်တားနေသော ချုံပုတ်များ၊ နွယ်တန်းများကို ခုတ်ဖြတ်သင့်သော ခုတ်ဖြတ်ကာ ရှောင်သင့်တာ ကွေ့ရှောင်နှင့် လျှိုမြောင်တစ်ခုနှင့် ကုန်းကြောနှစ်ကြောသို့ပင် ရောက်လာခဲ့ကြပြီ။





လက်ပံမြောင်ဘက်သို့ သစ်ခုတ်ဝါးခုတ်သမားများ၊ မုဆိုးများ အရောက်အပေါက်နည်း၍ ဤမျှတောထူပြီး အောက်ပေါင်းရှုပ်ထွေးနေခြင်းဖြစ်သည်။ လက်ပံမြောင်ဆိုတာက မကျဉ်းမကျယ်သော မြောင်၏ပတ်ဝန်းကျင်မှာ အခြားသော သစ်ပင်များထက် လက်ပံပင်များသာ ထူထပ်စွာ ပေါက်ရောက်နေကြသည်မို့ လက်ပံမြောင်ဟု ခေါ်ကြခြင်းဖြစ်၏။

နေက တစ်စစမြင့်လာပြီဖြစ်၍ မိုးကောင်းပင် ချွေးတဒီးဒီးကျနေပြီး ရေလည်း ဆာလောင်နေလေပြီ။

''အဖေ . . . မနားသေးဘူးလားဗျ။ ကျုပ်တစ်ကိုယ်လုံး ချွေးတွေနစ်နေပြီ၊ တစ်နေရာမှာ နားကြရအောင်ဗျာ''

မိုးကောင်းအသံကြောင့် ဦးအောင်မောင်း ခြေအစုံ တုံ့ခနဲ ဖြစ်သွားပြီး နောက်ဘက်သို့ ဦးခေါင်းလည်ကာ သားဖြစ်သူအား လှမ်းကြည့်လိုက်သည်။

ပထမတော့ မိုးကောင်းကိုဆူရန် ကြည့်လိုက်ခြင်းဖြစ်သော်လည်း သားဖြစ်သူ မိုးကောင်းရော ကောင်းစံပါ ချွေးတဒီးဒီးကျနေတာ မြင်လိုက်၍ ဘာမှမပြောတော့ချေ။

သူက ဒီရှိုးမတစ်ခွင် ပြုပြစင်အောင် သွားလာနေကျ ဖြစ်သော်လည်း ကောင်းစံနှင့်မိုးကောင်းတို့အဖို့မှု တောစိမ်းသက်သက်။ တော၏အထာ၊ တော၏သဘာဝအား သူ့လောက် တွေ့ကြုံရင်းနှီးလာခြင်းမရှိကာ သူ မေ့လျော့သွား၏။

ဒါကြောင့်လည်း ဤမျှလောက်ခရီးကို ချွေးတဒီးဒီးကျနေခြင်းဖြစ်သည်။ ရှိုးမဆိုတာက မြေပြန့်မြေပြင်ညီနယ် မဟုတ်ချေ။ မြေပြန့်မြေညီ၌ တစ်နာရီသုံးလေးမိုင်ခရီးသွားလာနိုင်သူသည် ရှိုးမထဲ၌ တစ်တိုင်ချောက်ဖို့မလွယ်။

ကုန်းကမှ လျှိုဖြတ်၊ မြောင်ဖြတ်ရ၍ လွန်စွာပင်ပန်း၏။

ကျောက်တုံးကျောက်ချွန်များ ကာမ်းပါးပြတ်ကြီးများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်လွှားဆင်းသက်ချင် ဆင်းသက်ရသေး၏။ ဒါတောင် ရံဖန် သားကောင်၏ခြေရာကို ရှာမတွေ့၊ ရိုးမထဲဝင်တိုင်းလည်း မုဆိုးတိုင်း သားကောင်ရသည်မဟုတ်၊ တစ်ခါတစ်ရံ သားကောင်နောက် လိုက်ရင်း နှစ်ရက်သုံးရက် ရိုးမလည်နေရတတ်၏။

ဒါကလည်း သမင်၊ ဒရယ်၊ ဂျိုငိုဆတ်စသော သားကောင်မျိုးကိုသာ ပြောခြင်းဖြစ်သည်။ ယုန်၊ ဖွတ်၊ ပဒတ်၊ မျောက်များကတော့ နေရာအနှံ့ တွေ့ရှိရတတ်သည်။

"ကဲ . . . ဒီမှာပဲ ခဏနားကြမယ်ကွာ၊ မင်းတို့နှစ်ယောက်ကလည်း ချီးတဲ့မှ . . . ပျော့လိုက်တာကွာ၊ ဒါလောက်ခရီးလေးကိုတောင် ညည်းညူနေရင်တော့ မုဆိုးကောင်းတစ်ယောက်ဖြစ်ဖို့ မလွယ်သေးဘူး"

"ဟာ . . . အဖေရာ ကျုပ်တို့က ပျော့တာမဟုတ်ဘူး၊ ရွာကနေ မိုးလင်းကတည်းက မနားတမ်းလာခဲ့တဲ့ ခရီးကိုလည်း တွက်ကြည့်ပါဦး။ ပြီးတော့လည်း နေကလည်းပူ, ဗိုက်လည်းဆာနဲ့ ဆူးချုံတွေ တိုးရလွန်းလို့လည်း . . . ဒီမှာကြည့်ပါဦး အဖေရဲ့"

မိုးကောင်းက သူ့တစ်ကိုယ်လုံး လက်မောင်းလက်ဖျံများ၌ ဆူးချုံများဖြင့် ငြိတိုး၍ ဆူးခြစ်ရာများကို ပြသရင်း ပြောလေသည်။ ကောင်းစံကမူ ဘာမျှမပြောပေ။ မိုးကောင်းထက်စာလျှင် ကောင်းစံက တောနှင့် ပို၍ယဉ်ပါးပေပြီဖြစ်သည်။

ဦးအောင်မောင်းသည် ဆေးဘူးထဲမှ ဆေးရွက်ကြီးအချို့ကိုယူကာ ငုံလိုက်၏။ အရည်တချို့ကို ဖျစ်ခနဲထွေးလိုက်ပြီး . . .

"ဟကောင်ရ . . . မုဆိုးဆိုတာ ရွာမှာလို ကြော့ကြော့ကော့ကော့လေး ဘယ်နေလို့ရမလဲ၊ ရိုးမထဲ ဝင်ပြီဆိုတာနဲ့ ကိုယ့်အသက်ကို ကိုယ်မပိုင်တော့ဘူး။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ မုဆိုးသတိ အမြဲကပ်ထားရတယ်၊ မျက်စိ, နား, ခြေ အကုန်လုံး ဖွင့်ထားရသလို ခြေသံကအစ လုံအောင် ဖျောက်တတ်ရတယ်၊ ကိုယ်က မုဆိုးဖြစ်လို့ သားကောင်ကိုချည်





အနိုင်ရတယ်မထင်နဲ့၊ တစ်ခါတစ်ရံ ကိုယ်ကတစ်ပြန် သတိလစ်ရင် မုဆိုးက နေ သားကောင်ဖြစ်သွားတတ်တယ်၊ ဒီအဖြစ်တွေ အများကြီး"

"ဟုတ်တယ်နော် ဦးကြီးမောင်း . . . တချို့မုဆိုးတွေ ဟင်းကောဆွဲခံရတာတွေ ကျွန်တော်ကြားဖူးတယ်ဗျ"

"လောကမှာ မမှားသောရှေ့နေ, မသေသောဆေးသမားဆုလို့မှ မရှိတာကွ၊ သတိတစ်ချက်လစ်ရင် အသက်နဲ့ရင်းကြရတာပဲလေ ဒါကြောင့်လည်း ရိုးမထဲရောက်တာနဲ့ သတိမလစ်ဖို့ မင်းတို့ကို အမြဲမှာရတာပေါ့၊ မုဆိုးလုပ်မယ့်သူဟာ ဘယ်အရာပဲဖြစ်ဖြစ် မျက်စိလျှင်ရတယ် နားပါးရတယ်၊ ပြီးတော့ ရိုးမတောတွေရဲ့ တောပရိယာယ်, တောလှည့်စားမှုမာယာတွေကိုလည်း နားလည်ထားရသလို ရာသီဥတု, တေကောင်တွေရဲ့ ဗီဇသဘာဝကိုလည်း နားလည်သဘောပေါက်ထားရတာ ကောင်းစံနဲ့ မိုးကောင်း . . .၊

တောကောင်ရဲ့သဘာဝဆိုတာက ဘယ်ရာသီ ဘယ်အချိန်မှာ ဘယ်တောမှာ ဘယ်သားကောင် ကျက်စားတတ်တယ်ဆိုတာ သိထားမယ်၊ ဒါမှလည်း ကိုယ်ပစ်ခတ်မယ့်သားကောင်ရဲ့သဘာဝကို သိထား ကိုယ်က နိုင်သူပဲ၊ ကောင်းစံပြောတဲ့ မုဆိုးကနေ သားကောင်ပြန်ဖြစ်သွတဲ့သူတွေဆိုတာ အဲလိုတောကောင်ရဲ့အမူအကျင့်ကို မကျွမ်းကျင်လို့ ခံတာပဲကွ"

ဦးအောင်မောင်းက သားဖြစ်သူနှင့် ကောင်းစံအား တောပရိယာယ်မာယာကြွယ်ဝမှုဖြင့် မုဆိုးပညာတစ်စွန်းတစ်စအား နားနေဘ ပြောပြနေလေသည်။

အမှန်တော့ ဦးအောင်မောင်းသည် သားဖြစ်သူ မိုးကောင်း သူ၏မုဆိုးပညာကို အမွေဆက်ခံပြီး မုဆိုးကောင်းတစ်ဦး ဖြစ်စေ ဒါကြောင့်လည်း ယခုချိန်မှစ၍ မုဆိုးကောင်းတစ်ယောက်အဖြစ် တည်နိုင်ရန် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစံကိုမူ အားမရလှ။

ကောင်းစံ၏စိတ်သည် သတ္တဝါများပေါ်၌ သနားစာနာစိတ်ရှိပြီး စိတ်ဓာတ်အနည်းငယ်ပျော့ပျောင်းသည်ဟု မုဆိုးဦးအောင်မောင်း သုံးသပ်မိသည်။

ကောင်းစံကိုယ်တိုင်ကလည်း ဝန်ခံဖူးသည်။ သူ၏ ဆင်းရဲကျပ်တည်းလှသောဘဝနှင့် မျက်မမြင်မိခင်ကြီးအတွက်သာ မုဆိုးပေါက်စ လုပ်နေရခြင်းဖြစ်၍ သူ၏ပင်ကိုသဘာဝအရဆိုလျှင် သတ္တဝါတွေကို သတ်ဖြတ်ချင်စိတ်မရှိဟု ဆိုဖူးသည်။

မုဆိုးလုပ်မည့်သူသည် ထိုစိတ်မျိုးမရှိသင့်ဟု ဦးအောင်မောင်း ထင်သည်။

ရိုးမသည် ကြမ်းတမ်းခက်ထန်သည်။ ရိုးမထဲသို့ရောက်လျှင် နူးညံ့ပျော့ပျောင်းနေ၍မရပေ။ ရောမရောက်လျှင် ရောမသားကဲ့သို့ ပြုကျင့်ရပေမည်။ မုဆိုးလုပ်ပြီး သတ္တဝါများအပေါ် သနားနေလျှင် မိမိ၏အသက်အန္တရာယ်သည် မလုံခြုံ။

ဦးအောင်မောင်းသည်လည်း စိတ်ကြမ်းလူကြမ်းကြီးတစ်ယောက် မဟုတ်ပါ။ သူ၏မုဆိုးသက်တစ်လျှောက်မှာ ခွန်အားနည်းသော သတ္တဝါငယ်များ၊ ဗီး (ကိုယ်ဝန်) ရှိသောတိရစ္ဆာန်များအား အထူးသဖြင့် မပစ်ခတ်မိအောင် ရှောင်ရှားတတ်လေသည်။

တတ်နိုင်လျှင် တောကောင်ကြီးများကိုသာ ရှာဖွေပစ်ခတ်လေ့ရှိသူ ဖြစ်သည်။

"အဖေရော အဲသလို အသက်အန္တရာယ်နဲ့နီးတဲ့အဖြစ်တွေ ကြုံခဲ့ဖူးမှာပေါ့၊ ကျွန်တော်တို့ကို ဗဟုသုတအဖြစ် ပြောပြပါလား"

"ကြုံခဲ့ဖူးတာတွေတော့ အများကြီးပေါ့ကွာ၊ အေးလေ . . . နေကလည်း ပြင်းလာပြီ၊ တို့ ဒီမှာပဲနားပြီး စားသောက်ပြီးမှပဲ လက်ပံမြောင်ဘက် တက်ကြတာပေါ့၊ ကဲ . . . ကောင်းစံနဲ့မောင်မိုး . . . စားသောက်





ဖို့ပြင်ကွာ၊ စားသောက်ပြီးတော့မှ မင်းတို့ကို ငါကြုံခဲ့ရဖူးတဲ့ တောအတွေ့အကြုံကို ပြောပြမယ်၊ မင်းတို့လည်း မုဆိုးဖြစ်ရင် ဆင်ခြင်နိုင်တာပေါ့ကွာ"

မိုးကောင်းသည် သူ့နံဘေးမှာ ချထားသည့် ပလိုင်းထဲကနေ ထမင်းထုပ်များအား ထုတ်ယူလိုက်၏။ ဒီနေ့ သားကောင်မရ၍ ရိုးမပေါ်ကနေ ပြန်မဆင်းနိုင်လျှင် ပါလာသောရိက္ခာခြောက်များကို ညနေစခန်းချမည့်နေရာ၌ ချက်ပြုတ်စားသောက်ရပေမည်။

ဖခင်ဖြစ်သူ လုပ်ကိုင်နေတာကို မိုးကောင်း တစေ့တစောင်း လိုက်ကြည့်နေမိလေသည်။ ဖြည်လိုက်သော ထမင်းထုပ်အား ဦးအောင်မောင်းသည် မစားသောက်သေးဘဲ လက်နှစ်ဖက်ဖြင့်မြှောက်၍ နှုတ်ကနေ တတွတ်တွတ်ရွတ်နေ၏။

ဘာကိုရွတ်နေမှန်းတော့ မိုးကောင်း နားမလည်။ ခဏအကြာ . .

"တောထဲရောက်ရင် ကိုယ်စားသောက်မယ့် အစားအသောက်ကို တောပိုင်တောင်ပိုင်တွေနဲ့ ဆိုင်ရာ မမြင်ရတဲ့အစောင့်အရှောက်တွေကို ပင့်ဖိတ်ကျွေးမြှောက်ပြီးမှ စားသောက်ရင် တောခြောက်တောမှောက်တာတွေက စပြီး အန္တရာယ်နဲ့ မကြုံရဘူး၊ ဒါ တောရဲ့ဓလေ့တစ်ခုပဲ၊ သေးသေးမွှားမွှားကိစ္စ... ဘာင်းရန်ရှင်းတာပေါ့ကွာ၊ ဘယ်တော့မှ မမေ့နဲ့ကွ"

နောက်တော့ သူတို့ပါလာသော ထမင်းထုပ်များကို စားသောက်လိုက်ကြလေသည်။ ရိုးမ၏နေသည် သူတို့ခေါင်းထက်ပင် ကျော်နေလေပြီ၊

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## ဖက်စုပ်သံနှင့်ဟင်းကောင်ကြီး

အောင်မောင်းသည် ကျောက်တုံးကျောက်ချွန်းများနှင့် ပြည့်နေသော ရိုးငယ်လေးတစ်ခုအား ကူးဖြတ်လိုက်ပြီး တစ်ဖက်ကုန်းမြကြောပေါ်သို့ တက်လာခဲ့သည်။ သူရောက်ရှိနေသောနေရာသည် ရိုးမတောကြီး၏ နာမည်ကြီး ရေနီမြောင်သစ်ခုတ်စခန်း၏ မြောက်ဘက်တောင်ကြောဖြစ်လေသည်။ ယင်းတောင်ကြောသည် မြင့်ကွင်းရှင်းသည်။

ရိုးမသည် စိမ့်အေးလာပေပြီ၊ နေရောင်သည် ညှိုးစပြုနေပြီဖြစ်၍ မကြာခင် မှောင်လာပေတော့မည်။ ဒီတစ်နေ့လုံး သူ ခုထိ မည်သည့်သားကောင်ကိုမျှ မတွေ့ရသေးချေ။ မကြာခဏ ရိုးမထဲ၌ ပေါများစွာ တွေ့ရသော မျောက်များပင် မတွေ့ရပေ။ ယခင်ရက်များဆိုလျှင် ဤရေနီမြောင် သစ်ကွင်း၏မြောက်ဘက်ကြောသည် သားကောင်များ ပေါများလှရှိသည်၊ မျောက်များ၏တကွိကွိတကွကွအော်သံတွေကလည်း ဆူညံနေတတ်မြဲ။ ယခု မနက်တည်းက ခုချိန်ထိ မည်သည့်သားကောင်၏အရိပ်အခြည်မျှ မမြင်ရပေ။

ဒီကြောလေးထိ သွားပြီးလျှင်တော့ ခုန သူဖြတ်လာခဲ့သည့် သစ်ခုတ်စခန်းဟောင်းမှာပင် ဒီညအိပ်စက်ရပေမည်။

ရုတ်တရက် စိမ့်အိုင်လေးတစ်ခုအနားသို့အရောက် အောင်မောင်း စိမ့်အိုင်လေးတစ်ဝိုက်၌ ခြေရာတချို့အား တွေ့လိုက်၍ ဝမ်းသာသွားမိသည်။





စိမ့်အိုင်လေး၏ညာဘက်၌ ကိုင်းတောများနှင့် ချုံဖုတ်များသာရှိ၏။

ဒီနေရာသည် ချေပေါက်များ၊ တောတိရစ္ဆာန်ငယ်များ ရေလာသောက်ကြပုံပေါ်သည်။ ရှေ့ဆက် တောမတိုးတော့ဘဲ ဒီနေရာကပင် မည်သည့်သားကောင်ရရ စောင့်ပစ်ရန် အောင်မောင်းစိတ်ကူးလိုက်မိပြီး နဘူးချုံရိုင်းစပ်မှာ နေရာယူလိုက်၏။

ပြီးလျှင် အနီးရှိသစ်ပင်ငယ်တစ်ပင်မှ ဖက်ရွက်တစ်ရွက်အား ခူးဆွတ်လိုက်မိသည်။ သူ ဖက်စုပ်မည်။ ဖက်စုပ်သည်ဆိုခြင်းမှာ သစ်ရွက်အား ပါးစပ်ထဲသို့ထည့်ကာ အသံတစ်မျိုးထွက်အောင် စုပ်ရခြင်းဖြစ်သည်၊ ယင်းဖက်စုပ်ရာကနေ ထွက်ပေါ်လာသည့် မြည်သံမှာ ချေပေါက်ငယ်၏ အသံနှင့် ဆင်တူ၏။

ယင်းသို့ ဖက်စုပ်သံကြောင့် အနီးအနားဝန်းကျင်၌ ချေမတစ်ကောင်ကောင်သည် ကြားမိပါက သူ၏သားငယ် ရှာဖွေနေသည်ဟု ထင်မှတ်ပြီး ဖက်စုပ်ရာသို့ အပြေးအလွှားရောက်ရှိလာတတ်၏။ ထိုအခါ ဖက်စုပ်သူမုဆိုးသည် ချေမအား ပစ်ခတ်ရုံပင်၊ အမှန်တော့ လူသားမုဆိုးသည် သားဖောမွှန်နေသော တိရစ္ဆာန်အား မုဆိုး၏မာယာပရိယာယ်ဖြင့် လှည့်စားခေါ်ယူခြင်း ဖြစ်သည်။

အောင်မောင်း သစ်ရွက်အား စတင်ဖက်စုပ်လေတော့၏။

'ပီ ..ပီ ..ပီ ..ပီ ..ပီ'

သိပ်မကြာခင် စိမ့်အိုင်လေးဝန်းကျင်၌ ချေပေါက်ငယ်လေး၏ အော်မြည်သံက သနားစဖွယ်အဆက်မပြတ် ထွက်ပေါ်လာလေတော့သည်၊

မကြာမီအချိန်တွင်း ဤစိမ့်အိုင်လေးသို့ သားဖောကပ်နေသည့် သားပေါက်ရှာချေမတစ်ကောင် ရောက်ရှိလာပေတော့မည်။

အောင်မောင်းထင်ထားသကဲ့သို့ပင် သိပ်ကြာကြာ စောင့်လိုက်ရ ပါ ကမူကြောလေးပေါ်မှ ချေမတစ်ကောင် ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်ရှုရင်း စမ်းအိုင်စပ်သို့ဆင်းလာတာ တွေ့လိုက်ရ၏။ အောင်မောင်း

www.burmeseclassic.com



ဒူးလေး၏ညှို့ကြိုးအား အသားအယာဆွဲတင်လိုက်မိသည်။

ချေမကမူ သူ၏အန္တရာယ်ကိုမသိဘဲ စိမ့်အိုင်စပ်က ရေကိုပင် သောက်၍နေပေသည်။ အောင်မောင်း ဒူးလေးခလုတ်အား ညှစ်မည်အပြု ယင်းအချိန်၌ မထင်မှတ်သောဖြစ်ရပ်တစ်ခုသည် ရုတ်ခြည်းပေါ်ပေါက်လာခဲ့ လေသည်။

'ဝေါင်း'

'အိ'

"ဟာ"

အောင်မောင်း အထိတ်တလန့်ဖြစ်သွားရင်း နှုတ်ကပင် ဟာခနဲ အသံထွက်သွားမိသည်။ ဟင်းကောင်ကြီးပင်ဖြစ်သည်။ သူ ပစ်ခတ်မည့် ချေမအား စိမ့်အိုင်ညာဘက်ရှိ ကိုင်းချုံများစပ်ကနေ ဝေါခနဲပေါ်ထွက်လာပြီး ခုန်အုပ်လိုက်ခြင်းပင် ဖြစ်လေသည်။

ချေမမှာ သူ၏အန္တရာယ်အား မျက်လုံးပြူးကာ သိလိုက်ရပါသော် လည်း နောက်ကျသွားလေပြီဖြစ်သည်။ အောင်မောင်းပင် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရလျက် လှုပ်လှုပ်ရှားရှားဖြစ်သွားရ၏။

သို့သော် ဟင်းကောင်မှာ အောင်မောင်းထက် သူ၏အစာ ချေမ ကိုသာ အာရုံရောက်နေပုံရသည်။ ချေမ၏ လည်ကုပ်အား ချွန်မြနေသည့် သွားစွယ်များဖြင့်ခဲကာ တစ်ဆက်တည်း သွက်လက်လျင် မြန်စွာပင် ကိုင်း ချုံစပ်ထဲသို့ ချေမနှင့်အတူ နောက်ကျွမ်းပစ်၍ ခုန်ဝင်သွားလေတော့သည်။

တဒင် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ဖြစ်ပျက်သွားသည့် မြင်ကွင်းကြောင့် အောင်မောင်း ဒူးလေးဖြင့် ပစ်ခတ်မှုကို သတိပင်မေ့နေ၏။

နောက်မှ ချက်ချင်းသတိဝင်ကာ နေရာမှလှစ်ခနဲထပြီး နောက် သို့ဆုတ်ကာ ကုန်းလျှောလေးအတိုင်း လျင်မြန်စွာ ထွက်ခွာလာခဲ့မိလေ တော့၏။ အောင်မောင်း သူ့အဖြစ်ကိုယ်သူ ရင်တုန်ပန်းတုန်ဖြစ်နေ၏။ ကံကြီးလို့ သူသည် မုဆိုးဘဝကနေ သားကောင့်မဖြစ်တာဟု ကြောက်ရွံ့စွာ





တွေးလိုက်မိသည်။ သူ အလွန်ကံကောင်းလှ၏။

နို့မို့ဆို ချေမ၏နေရာ၌ ယခုပါသွားသူမှာ သူ ဖြစ်နေပေလိမ့်မည်။

အမှန်တော့ သတိမေ့လျော့သွားခြင်းသည် သူ၏ပေါ့လျော့ ညံ့ ဖျင်းမှုသာလျှင်ဖြစ်သည်။ ဟင်းကောင်ကြီးသည် သူ၏မလှမ်းမကမ်းသို့ မည်သည့်အချိန်က ရောက်ရှိနေမှန်း အောင်မောင်း မသိလိုက်ပါချေ။

ဟင်းကောင်နှင့် ထိပ်တိုက်ရင်ဆိုင်တိုးသော်လည်း ဟင်းကောင် ကြီး ဝင်တိုးရာ ကိုင်းချုံတောကြီးမှာ ထူထပ်လွန်း၍ သူလိုက်၍ပစ်ခတ် လျှင်လည်း သူ့ဘက်က တစ်ပန်းရှုံးနေလေသည်။ မုဆိုးမိုက် ဖြစ်သွားပေ မည်။

သို့ကြောင့်လည်း အောင်မောင်း နောက်ကြောင်းပြန်လှည့်လာ ခြင်းသာ ဖြစ်၏။

"အဲဒီဟင်းကောင်ကို အဖေ မပစ်လိုက်ရဘူးပေါ့"

"ဘယ်ပစ်လို့ရမလဲကွာ၊ ကိုင်းချုံတောက ထူတယ်၊ သူက ကိုင်း ချုံထဲမှာ၊ ကိုယ်က သူ့နောက်လိုက်ရင်လည်း ဟင်းကောင်ကြီးဘက်က တစ်ပန်းသာနေပြီလေ၊ ဒါကြောင့် နောက်ဆုတ်ခဲ့ရတာပေါ့"

"အဲဒီ ဟင်းကောင်ရှိနေမှန်း ဦးကြီးမောင်းက မသိဘူးလားဗျ"

"အေး ... ဦးကြီးပြောချင်တာ အဲဒါပဲ၊ သတိလေ ... သတိ၊ တကယ်တော့ အဲဒီတုန်းက ငါက မုဆိုးပေါက်စပဲ ရှိသေးတာကိုးကွ၊ ဒါပေမ ငါဟာ တောရဲ့အခြေအနေကို မသုံးသပ်မိတာပဲ၊ တောငြိမ်နေ တယ်ဆိုထဲက အဲဒီဝန်းကျင်မှာ တောတိရစ္ဆာန်ငယ်တွေ ကြောက်တဲ့ တော အရှင်ကြီး ဟင်းကောင်ရောက်နေပြီဆိုတာ ငါ သတိမပြုမိလိုက်တာပဲ ..၊

ဟင်းကောင်တွေဟာ အသားစားကျူးလို့ သူတို့ရဲ့ကိုယ်နဲ့ အာခံ ချွေးက အမြဲတစေ ပုပ်အဲ့နံစော်နေတတ်တယ်၊ တောတိရစ္ဆာန်တွေဟာ အများအားဖြင့် ဟင်းကောင်ကြီးတွေ လာပြီဆိုရင် သူတို့အနံ့ကို အဝေးကနေ နေတတ်လို့ ရှောင်ပြေးကြတာပဲ၊ အဲဒါကြောင့် တောက ငြိမ်သက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒုတိယ သတိလစ်သွားတာက မုဆိုးတွေ ဖက်စုပ်တဲ့အသံက တကယ့် ချေပေါက်လေးတစ်ကောင်ရဲ့အသံနဲ့တူလို့ မိခင်ချေမကြီးရောက်လာတတ် သလို ချေပေါက်အသံကြောင့် ဟင်းကောင်လည်း ရောက်လာနိုင်တယ်ဆို တဲ့ အချက်ပဲ၊ ငါ အဲဒါကို သတိလစ်သွားတာပေါ့''

''တကယ်လို့ ချေမကြီးသာ ရောက်မလာရင်ကော အဖေရ''

''အဲဒါဆိုရင် ချေမကြီးရဲ့နေရာမှာ ငါ ဖြစ်သွားပြီပေါ့ကွာ၊ ခုလို တောင် ဘယ်ပြန်ပြောနိုင်တော့မှာလဲ၊ ဒါကြောင့် မုဆိုးဆိုတာ တောဘုရင် ဖြစ်ပေမယ့် သူလည်း သတိတစ်ချက်လစ်ရင် သားကောင်ဘ၀ကို ချက်ချင်း ကျရောက်သွားနိုင်တယ်လို့ ပြောတာပေါ့ကွ''

ဦးအောင်မောင်းသည် မုဆိုးတစ်ဦးအတွက် သတိလစ်၍ မရ သည်ကို သူ ငယ်စဉ်မုဆိုးပေါက်စမှာ ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို မိုးကောင်း နှင့်ဟောင်းစံကို ပြန်ပြောပြနေခြင်းပင် ဖြစ်လေ၏။

''ကဲ ... သွားကြမယ်၊ တော်ကြာ လက်ပံမြောင်ရောက်ရင် မှောင်မှာစိုးရတယ်၊ ဒီအချိန် တောင်ဆီးဖြူသီး ကြွေတဲ့အချိန်က ချေနဲ့ ဆတ်တွေက ဆီးဖြူသီးကြွေ လာစားတတ်တယ်၊ ငါတို့ ချေတစ်ကောင် တော့ ရနိုင်ပါတယ်ကွာ'

''ချေဆိုလို့ ဖက်တော့မစုပ်လိုက်ပါနဲ့ အဖေရာ''

''ဘာလဲ ... မင်းက ဟင်းကောင်နဲ့ တိုးမှာစိုးလို့လား။ ဒီတစ်ခါ ဖက်စုပ်ရင် ငါတို့က သုံးယောက်ဖြစ်နေပြီပဲကွ၊ ဟင်းကောင်ကို ဘာမှုစရာ ရှိတော့မှာလဲ ... ဟား ဟား''

ဦးအောင်မောင်းက အားရပါးရရယ်မောလိုက်လေသည်။

❊ ❊ ❊



## ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိ

မိုးကောင်း အသားတွဲများအား ထမ်းပိုးဝါးဖြင့်ထမ်းကာ ရွာထဲ ဖြတ်လာရင်း ဘကြီးမှုန်တို့ခြံဝိုင်းရှေ့အရောက် လှမ်းအသံပြုလိုက်မိသည်

''ဘကြီးမှုန် အသားယူဦးမလားဗျ''

''ဟေ ... ဘာအသားတုံး မောင်မိုးရေ ... လာလေကွာ''

''ဆတ်သား ဘကြီးမှုန် ... မနေ့ကမှ ပစ်လာတာ''

''အေးကွာ ... ရွာမှာလည်း ငါးနဲ့ဟင်းရွက်ချည်းပဲ စားနေရတာ ကွ၊ ငါ တစ်တွဲယူထားလိုက်မယ်၊ ပိုက်ဆံ နောက်မှပေးမယ်လို့ ဒေ မောင်းကိုပြောလိုက်''

''ရပါတယ် ဘကြီးမှုန် ... ဒါဆို ကျွန်တော် သွားမယ်''

''သြော် ... အေး ... ဒါထက် နေစမ်းပါဦး ... မေးစရာရှိလ ... မင်းရော မုဆိုးလုပ်နေပြီဆိုကွ မောင်မိုး''

''ဟုတ်ကဲ့ ဘကြီးမှုန် ... ဒီဆတ်က ကျွန်တော်ပစ်လာတဲ ဆတ်ဗျ၊ နောက်ဆို အဖေ အမဲမပစ်လည်း ကျွန်တော်ပဲ ရိုးမယဲဝင်မှာ အဖေက အသက်ကြီးပြီလေ ဘကြီးမှုန်ရ''

''အောင်မောင်းအမွေကို ဆက်ခံတယ်ဆိုပါတော့ကွ၊ အေးလေ ... ဒီအလုပ်က သတ္တဝါတွေကို ပစ်ခတ်သတ်ဖြတ်ရတယ်ဆိုပေမယ့်လည်း ဝမ်းရေးအတွက်ပဲကွာ ... ဘယ်တတ်နိုင်မလဲ၊ ရွာမှာလည်း မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



မင်းအဖေပဲရှိတာ၊ အောင်မောင်း အမဲပစ်မထွက်ရင် ရွာမှာ အသားပြတ်သွားမှာ သေချာတယ်''

''အဖေ့ရှိလည်း ကျွန်တော်နဲ့ကိုကြီးကောင်းစံရှိပါတယ် ဘကြီးမှုန်ရာ . . . အသားမပြတ်စေရပါဘူး၊ ကျွန်တော် သွားလိုက်ဦးမယ် . . . နေပူမှာစိုးလို့ ဘကြီးမှုန်''

''အေး အေး . . . မင်းအသား ကုန်မှာပါကွ''

မိုးကောင်း ဘကြီးမှုန်ကိုနှုတ်ဆက်ကာ ခြံဝိုင်းထဲကနေ လှမ်းထွက်လာခဲ့သည်။ ရွာထဲသို့ ပစ်ခတ်ရရှိလာသည့် အသားရောင်းချရာ၌ အချို့ငွေကြေးလက်ငင်းရသလို များသောအားဖြင့် အဆင်ပြေမှ ပေးကြသူတွေ များသည်။

အရင်ကမူ မိခင်ဖြစ်သူ ဒေါ်နှင်းထုံသာ ဦးအောင်မောင်းပစ်ခတ်၍ ရရှိလာသော အမဲတို့အား ရွာထဲလှည့်လည်ရောင်းလေသည်။ တစ်ခါတစ်ရံ ကိုယ့်ရွာ၌မကုန်လျှင် အနီးပါးရွာများသို့ လိုက်လံရောင်းသည်။ ယခု အမေ နေမကောင်း၍ မိုးကောင်းရောင်းခြင်းပင် ဖြစ်၏။

ဟိုတစ်နေ့က အမဲပစ်ထွက်ရာမှ ချေတစ်ကောင်နှင့်ဆတ်ဖားကြီးတစ်ကောင်ကိုပါ လက်ပံမြောင်ကနေ ရလာ၍ သူတို့ ပင်ပန်းရကျိုးနပ်သွားလေသည်။ ဆတ်ဖားကြီးကိုမူ မိုးကောင်းပစ်ခတ်ခြင်း ဖြစ်သည်။

ပြီးလျှင် အပြန်ခရီး၌ ကိုကောင်းစံက မျောက်တစ်ကောင် ထပ်ပစ်သဖြင့် မျောက်ပါရခဲ့၏။ မျောက်သွေးနှင့်မျောက်ချေးခါးကိုမူ အောင်မောင်း မြဝန်းညို့တို့ဖခင် သူကြီးဦးညိုခက်အား ဝင်ပေးခိုင်းလိုက်လေ၏။

သူကြီး ခြံဝိုင်းရှေ့သို့ရောက်လာသည်။ ခြံရှေ့ကနေ မိုးကောင်းလှမ်းကြည့်လိုက်စဉ် သူကြီးဦးညိုခက်အား ထိုင်နေကျကွပ်ပျစ်မှာ မတွေ့ရ။ ဘယ်သွားနေသည် မသိ။ သို့သော် သူတွေ့လိုက်ရသော မြင်ကွင်းမှာ ကွပ်ပျစ်၌ထိုင်နေကြသော မြဝန်းညို့နှင့် ကျောခိုင်းနေသောလူတစ်ယောက် ဖြစ်၏။





မိုးကောင်း ခြံဝိုင်းတွင်းသို့ ခြေလှမ်းကျဲကြီးတွေဖြင့် လှမ်းဝ
လာခဲ့မိလေသည်။ လှမ်းဝင်လာသော မိုးကောင်းကို ခြံဝိုင်းရှေ့ဘက်သ
မျက်နှာမူကာ ထိုင်နေသည့် မြဝန်းညို့က လှမ်းမြင်သွား၍ သူမမျက်နှ
သည့် လက်ခနဲဝင်းပသွား၏။

''ဟော . . . မိုးကောင်း''

မြဝန်းညို့၏အမူအရာကြောင့် ကျောပေးထိုင်နေသူက ချာခ
နောက်သို့လှည့်လာသည်။ မိုးကောင်းရင်ထဲ ဖျတ်ခနဲ လှုပ်ရှားသွားပြ
မျက်မှောင်မသိမသာကြုတ်သွားမိလေသည်။ မြဝန်းညို့နှင့် စကားပြောန
သူမှာ သူ မထင်မှတ်သော လူတစ်ယောက်။

မိုးကောင်း၏ရင်ထဲ စပ်ဖျင်းဖျင်းခံစားလိုက်ရတာအမှန်။

''နင် အသားလိုက်ရောင်းနေတာလား မိုးကောင်း''

''ဟုတ်တယ် . . . နောက် မနေ့က ငါတို့မျောက်ရလာလို့ အဲ
မျောက်သွေးနဲ့ချေးခါး ဦးကြီးညိုခက်အတွက် ဝင်ပေးတာ၊ ဦးကြီး ဘယ
သွားလဲ မြဝန်း''

''အဖေ ရွာမြောက်ပိုင်းသွားတယ်ဟဲ့၊ နင်ကလည်း မိုးကောင်
ရယ် . . . အမဲမှန်သမျှ ရရင် အဖေ့ကိုပဲ လာလာပေးနေတော့ နင်
ဝင်ငွေလျော့တာပေါ့၊ မယူချင်ပါဘူးဟယ် . . . အိမ်မှာလည်း ဟင်းစ
တွေရှိပါတယ် မိုးကောင်းရယ် . . . ပြန်ယူသွား''

''ငါက စေတနာနဲ့ စားစေချင်လို့ပေးတာ မြဝန်း၊ နင့်အဖေ
မျောက်ချေးခါး ကြိုက်တယ်လေ၊ ပြီးတော့ မျောက်သွေးကလည်း လူကြ
တွေနဲ့ တည့်တယ်ဟဲ့''

မိုးကောင်း၏စကားကြောင့် မြဝန်းညို့၏ရှေ့မှာထိုင်နေသေ
ဗညားအောင်က ဝင်၍ပြောလိုက်၏။ သူ၏မျက်လုံးတွေက စိမ်းရှုးရှ

''အို . . . ကိုဗညားအောင်ကလဲ''

ဗညားအောင်က သူ၏ဂျာကင်အိတ်ထဲကနေ ပိုက်ဆံတစ်ထ

www.burmeseclassic.com



ထုပ်ပြီး မိုးကောင်းကိုပေးလိုက်၏။ မိုးကောင်း၏မျက်နှာက ခံပြင်းမှုကြောင့် မည်းခနဲဖြစ်သွားရလေသည်။ မြဝန်းညို၏နှုတ်ဖျားမှလည်း ဗညားအောင်၏အမူအရာနှင့်စကားကြောင့် အလိုမကျသလို ဟန့်တားသံလေး ထွက်ပေါ်လာသည်။

မိုးကောင်းသည် သူနှင့် နှစ်ခါသုံးခါဆုံဖူးသော ဗညားအောင်၏လက်ထဲမှ ပိုက်ဆံကို ငဲ့၍ပင်မကြည့်ဘဲ ဗညားအောင်မျက်နှာကိုသာ ခပ် စူးစူးကြည့်လိုက်မိသည်။

''ဘာလဲ . . . နည်းလို့လားကွ၊ မင်းမျောက်ချေးခါး ဘယ်လောက်တန်လဲ''

''ဘယ်လောက်တန်တန် မင်းဝယ်ရင်တော့ မရောင်းဘူး၊ မင်း ဘာသာ ကြိုက်တဲ့မှဆိုးဆီမှာ သွားဝယ်၊ ဒါမှမဟုတ်ရင် ရိုးမပေါ် တက်ပစ် ပေါ့ကွာ၊ ရော့ . . . မြဝန်း၊ ဒါကို ဦးကြီးညိုအတွက် ယူထားလိုက်၊ ငါ ရွာထဲသွားလိုက်ဦးမယ်''

မိုးကောင်းက မျောက်ချေးခါးနှင့်မျောက်သွေးကို မြဝန်းညိုအား ပေးလိုက်ပြီး အိမ်ရှေ့ကနေ ချာခနဲလှည့်ထွက်လာခဲ့လေသည်။ ကြာရင် ဗညားအောင်ဆိုသော ဆလူတောကကောင်နှင့် သူ အချင်းများရလိမ့်မည်။

''ကိုမိုး နေ . . . နေဦး . . . ဟယ် . . .''

ခြံဝသို့မရောက်မီ ခေါ်သံနှင့်အတူ နောက်ကနေ မြဝန်းညို ပြေးလိုက်လာလေသည်။

''မိုးကောင်းရယ် . . . ငါ တောင်းပန်ပါတယ်''

''ဘာကိုလဲ မြဝန်း''

''ဟိုကောင် ဗညားအောင်ဆိုတဲ့လူ ပြောလိုက်တဲ့စကားတွေကိုပါ၊ သူက အဖေ့ဆီလာတာပါ၊ အဖေမရှိတာနဲ့ မကောင်းတတ်လို့ ငါက ညှို့ခံစကားပြောနေတာပါဟယ်''

''ငါက နင့်ကို ဘာပြောနေလို့လဲ မြဝန်း''





''ဟို နင်အထင်လွဲမှာစိုးလို့ ကိုမိုးရယ်၊ အဖေကလည်း ဘာကြောင့် အဲဒီကောင်ကို အရေးတယူလုပ်နေလဲ၊ ငါလည်း မစဉ်းစားတတ်တော့ ပါဘူး၊ ငါ့ကိုလည်း ရိသဲ့သဲ့နဲ့ . . . ဟွန်း''

''နင် အနေအထိုင်မှန်ရင် ပြီးတာပဲ မြဝန်း၊ ကဲ . . . ငါသွားမယ် အိမ်မှာ အမေနေမကောင်းဘူး၊ ဒါကြောင့် ရွာထဲ ငါ အသားလိုက်ရောင်း နေရတာ''

''ဟင် . . . ဒေါ်လေးနှင်း နေမကောင်းဘူး . . . ဟုတ်လား၊ ဒါဆိုရင် ဒေါ်လေးဆီ ငါ ညနေကျ လာခဲ့မယ် ကိုမိုး . . . နင်စောင့်နေနော်''

မိုးကောင်း ခေါင်းညိတ်ပြပြီး ခြံထဲကနေ လှမ်းထွက်လာခဲ့သည်၊ မြဝန်းညို ခြံဝကနေ ရွာထဲဘက် လှမ်းထွက်သွားသည့် မိုးကောင်းကို ငေးကြည့်ရင်း ရပ်ကျန်ခဲ့လေသည်။ သူမ အတန်ကြာမှ အိမ်ထဲဝင်ရန် အလှည့် ခြံဝဆီသို့လျှောက်လာသည့် ဗညားအောင်အား တွေ့လိုက်ရ၏။

''ကိုယ် ရွာထဲသွားလိုက်ဦးမယ် မြဝန်းညို၊ ဦးကြီးပြန်လာရင်လည်း ကိုယ်လက်ဆောင်ပေးခဲ့တဲ့ မြို့က အရက်ပုလင်းကို ပေးလိုက်ဦးနော်၊ ကိုယ်က ဦးကြီးကို သောက်စေချင်လို့ မြို့ကို တကူးတက မှာလိုက်ရတာ . . . အဟင်း''

''ကျွန်မ ပြောလိုက်ပါ့မယ်''

မြဝန်းညို သူမအား ပြုံးတီတီကြည့်လျက် စကားဆိုနေသော ဗညားအောင်၏မျက်နှာကို ရွံရှာသလိုကြည့်လိုက်ကာ ယတိပြတ်ပြောပြီး ခြံတွင်းသို့ ဝင်လာခဲ့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## ဖြူစင်သောသံယောဇဉ်

ညသည် တဖြည်းဖြည်း အမှောင်ရင့်သထက်ရင့်လာသည်။ ရိုးမတောင်ကြောဘက်ဆီက ဖော့ယမ်းလာသည့် လေပြည်သည် တစ်ခါတစ်ရံ ခြံဝိုင်းစပ်ရှိ ဝါးရုံတို့အား တဝေါဝေါ လှုပ်ရှားသွားစေသည်။ ခြံဝိုင်းထဲမှာ မလင်းတလင်း လင်းလက်နေသော လရောင်ပျပျနှင့် ကြယ်ရောင်တွေက ဖိတ်အန်ကျနေလေသည်။

မုဆိုးဦးအောင်မောင်း မအိပ်သေးပါ။

ထုံးစံအတိုင်း ထမင်းစားသောက်ပြီးသည်နှင့် ခြံရှေ့မြေကွက်ပြောင်လေးမှာ အကြမ်းရည်အိုး၊ အသားခြောက်ဖုတ်အမြည်းနှင့် သားဖြစ်သူနှင့် ကောင်းစံတို့အား တောအကြောင်းတောင်အကြောင်း ပြောပြနေကျဖြစ်သည်။

"ဦးကြီးအောင်မောင်း . . . မနက်ဖြန် ကျွန်တော်နဲ့မိုးကောင်းပဲ အမဲပစ်ထွက်ရမှာဆို"

"အေးလေ . . . ငါမလိုက်နိုင်ဘူး။ မင်းတို့အဒေါ်လည်း နေကသိပ်မကောင်းသေးဘူးမို့လား။ ပြီးတော့ မင်းတို့လည်း မုဆိုးအတွေ့အကြုံ တောအတွေ့အကြုံလည်း အတော်ရှိနေပြီပဲဟာ . . . ဘာစိုးရိမ်နေစရာရှိလဲ"

"ကျွန်တော်ကတော့ မစိုးရိမ်ပါဘူး၊ ပျော်တောင်ပျော်နေသေးတယ်၊ အဖေမပါတော့ ကျွန်တော်တို့ အစွမ်းအစပြလို့ရဘာပေါ့ . . . ဟဲ





ဟဲ . . . မဟုတ်ဘူးလား ကိုကြီးကောင်းစံရာ"

ဦးအောင်မောင်း၏စကားကို မိုးကောင်းသည် အားရဝမ်းသာပင် ဝင်ပြောလိုက်၏။ မိုးကောင်း ရွာမှာ အမဲပစ်သုံးလေးရက်မထွက်ရဘဲ နားနေရတာကိုပင် ပျင်းရိငြီးငွေ့နေပြီဖြစ်သည်။ ယခုနောက်ပိုင်း ဖခင်ဖြစ်သူနှင့်အတူ ရိုးမထဲသို့ နေ့စဉ်မပြတ် အမဲပစ်လိုက်ပါနေရ၍ မိုးကောင်း ရိုးမကို ခင်တွယ်နေပေပြီ။

ရွာမှာ သူ့အတွက် ဝင်ငွေလည်းမရှိ၍ ရိုးမပေါ်တက်၍ အမဲပစ်နေရလျှင် အနည်းဆုံး တောကောင်တစ်ကောင်တော့ ရပေမည်၊ ပြီးနောက် ယခုရက်ပိုင်းအတွင်း မြဝန်းညို၏အိမ်သို့ ဆလူတောရွာသား ဗညားအောင် ဝင်ထွက်နေသည့်သတင်းတွေ ရွာထဲမှာကြားနေရသဖြင့် စိတ်ရှုပ်ထွေးနေတာလည်း ပါသည်။

ထိုသတင်းများ၊ မြင်ကွင်းများကို မိုးကောင်းမကြားချင်၊ မမြင်ချင်ပေ။

အမဲပစ်ထွက်ရင် သူ့လက်ထဲ ငွေဖောဖောသီသီရမည်။ ထိုအခါ သူ စုဆောင်းမည်။ သူ စုဆောင်း၍များလာပါလျှင် မြဝန်းညိုနှင့် နီးစပ်ရပေမည် မဟုတ်လား။ ရွာမှာ အလကားထိုင်နေတာထက်စာလျှင် အမဲပစ်ထွက်ခြင်းက မိုးကောင်းအတွက် အကျိုးရှိလေသည်။

"ဒါထက် ရွာထဲက ဦးဖိုးမြကြီးက မြွေသားမှာနေတယ်၊ သည်းခြေလိုချင်လို့တဲ့ ဦးကြီးမောင်းရဲ့၊ ကျွန်တော်လည်း ဦးကြီးမောင်းနဲ့ အမဲပစ်ထွက်နေတာ မြွေနဲ့ တစ်ခါမှမတိုးသေးဘူး"

"မြွေက တောထဲမှာ တွေ့ချင်မှတွေ့ရတတ်တာမျိုးကွ၊ မုဆိုးတွေကလည်း မြွေထက်စာရင် အခြားတောကောင်ကိုပဲ ပိုလိုချင်ကြတာ၊ မြွေက စလူမြောင်ရေတံခွန်ဘက်မှာ ရှိတတ်တယ်၊ အဲဒီဘက်မှာ ကိုင်းတော မြက်တောချုံနွယ်တွေ ပိုထူထပ်တော့ စပါးကြီး၊ စပါးအုံးတွေ နေလို့ရှိတယ်၊ သားကောင်ငယ်တွေလည်း ပေါတာကိုးကွ၊ မြွေဆိုတဲ့သတ္တဝါက



www.burmeseclassic.com

www.burmeseclassic.com



များသော်အားဖြင့် ရေနံ့နီးတဲ့နေရာတွေမှာပဲ နေလေ့ရှိတယ်၊ ငါ တစ်ခါက အဲဒီစလူမြောင်ရေတံခွန်နားမှာ စပါးကြီးညှို့ကွင်းမိဖူးတယ်ကွ''

''ဟင် ... ဟုတ်လား''

''ဘယ်လိုမိတာလဲ အဖေ''

ကောင်းစံရော မိုးကောင်းပါ စပါးကြီးမြွေ ညှို့ချက်မိဖူးသည့်ဆို၍ စိတ်ဝင်စားသွားမိလေသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် စပါးကြီးမြွေ ညှို့ကွင်းထဲဝင်မိလျှင် ဟင်းကောင်ပင် အမျိုခံရသည်ဟု သူတို့ကြား သိဖူးသည် မဟုတ်ပါလော။

''အဲဒီနေ့က ငါလည်း တောလည်ရင်း မမျှော်လင့်ဘဲ ရေတံခွန် ဘက် ရောက်သွားတာကွ၊ ကံကောင်းလို့ စပါးကြီးမြွေသိုက်ထဲ မရောက်ခဲ့ ရတာ၊ အဲဒီအဖြစ်မျိုး ငါ့မှဆိုးတစ်သက်မှာ တစ်ခါပဲ ကြုံခဲ့ဖူးတယ်''

❊ ❊ ❊



## ရိုးမထဲက လူထူးဆန်းကြီး

''ကိုကြီးကောင်းစံ''

''ဘာလဲ ကိုမိုး''

''ရွာထဲမှာ သတင်းထွက်နေတယ်ဗျ''

''ဟေ ... ဘာသတင်းလဲ ကိုမိုးရ''

''ဘာသတင်းရမှာလဲဗျ ... ကိုကြီးကောင်းစံနဲ့ အစ်မ မညိုစိမ့်တို့ သူကြတော့မလို့ဆို၊ ရွာထဲမှာ ပြောနေကြတာပဲ၊ အဲဒါ တကယ်ဟုတ်ရော ဟုတ်သလားဗျ၊ ကိုကြီးကောင်းစံကိုလည်း ကြီးမှ ဝက်သက်ပေါက်တာ တဲ့''

''ဟာ ... မင်းကလဲ ကိုမိုးရာ ... အဟဲ''

မိုးကောင်းထံမှစကားကြောင့် ကောင်းစံတစ်ယောက် မျက်နှာကြီး [illegible]သွားပြီး မနေတတ် မထိုင်တတ်သလိုပင် ဖြစ်သွားရသည်။ လမ်းကို ရှာဖွေလျှောက်နေရင်းမှ ရှက်ရယ်ရယ်လိုက်ကာ အဟီးဟု ရယ်မောလိုက် လေသည်။ သူနှင့်ညိုစိမ့်အကြောင်းက ရွာထဲ၌ မိုးကောင်းပြောသလို အမှန်ပင် သတင်းကြီးနေပြီလားဟုလည်း တွေးလိုက်မိပါ၏။

ညိုစိမ့်နှင့်ကောင်းစံ သံယောဇဉ်တွယ်နေကြတာဘော့ ကြာပြီး ကောင်းစံ၏အသက်က သုံးဆယ့်ငါးနှစ်ခန့် ရှိတော့မည်ဖြစ်ပြီး ညိုစိမ့်က သူမှာ အသက်နှစ်ဆယ်ကျော်မျှသာ ရှိသေး၍ သူ့ကို အသက်ကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဝက်သက်ပေါက်သည်ဟု ပြောတာလည်းဖြစ်မည်။

အဓိက,က ညိုစိမ့်သည် သူ၏မျက်မမြင်မိခင်ကြီးကို မိခင်ရင်းသဖွယ် ယခုကဲ့သို့ သူ အမဲပစ်ထွက်လျှင် ဈေးသေးကလေးကလူကစ၍ မရှိမရှာ ပြုစုလုပ်ကိုင်ပေး၍လည်း ဖြူစင်သော ညိုစိမ့်၏စိတ်မနောလေးအား မြတ်နိုး၍ ကောင်းစံ ချစ်ခွင့်ပန်ခဲ့ခြင်းဖြစ်သည်။

ထိုအခါ ညိုစိမ့်ကလည်း မငြင်းပါ။ မိခင်ကြီးဒေါ်ခင်သွယ်ကလည်း ဝမ်းသာသွားလေသည်။ ခြံချင်းကလည်း ကပ်လျက်မို့ သိရှိကုန်ပြီး ဒီတစ်ဝါကျွတ်လျှင် တောင်းရမ်းယူမို့ ကောင်းစံ စီစဉ်ထား၏။ ငွေကြေးကရှာဖွေစုဆောင်းရဦးပေမည်။

ဒီအတွက်လည်း ယခုတစ်ခေါက် မိုးကောင်းနှင့် အမဲပစ်ထွက်ရာက ရွာသို့ပြန်ရောက်လျှင် ဦးကြီးအောင်မောင်းအားပြော၍ သူ့ဘာသာသူ ခွဲ၍ အမဲပစ်ထွက်မည်ဟု ကောင်းစံတွေးတောထား၏။ သို့သော် ဖွင့်ဟ၍တော့ မပြောရသေးပါ။

သူသည်လည်း ဦးအောင်မောင်း သင်ကြားပြသပေး၍ မုဆိုးပညာအတော်အသင့်တတ်၍ ရိုးမကိုလည်း နှံ့စပ်နေပြီမဟုတ်ပါလား။

သူ့ဘာသာခွဲထွက်ပြီး မုဆိုးအဖြစ် အသက်မွေးလျှင် ရသမျှသားကောင်သည် သူ့အတွက် ငွေကြေးတွေပဲ ဖြစ်ပေမည်။ ယခုကဲ့သို့ ဦးကြီးအောင်မောင်း ခွဲပေးမှရသည့်အဆင့်မဟုတ်တော့။ ထိုမှသာ ညိုစိမ့်ဖြစ်သူနှင့် အမြန်ဆုံး နီးရပေမည်။

''ကိုကြီးကောင်း''

''ဟေ''

''ကျုပ်တို့ ဟိုတက်လျှိုဘက် သွားကြည့်ရအောင်ဗျာ၊ အဲဒီဘက်ကို တစ်ခါတစ်ရံ ဆတ်ဖားကြီးတွေ လာတတ်တယ်ဗျ၊ ဆတ်ဖားကစ်ကောင်လောက်ရရင် ထောပြီဗျ''

''အေးလေကွာ . . . ဆတ်သားဈေးက ကောင်းတဲ့ဥစ္စာ၊ ဆတ်ချို





ကိုလည်း မြို့က ဦးရှောင်တိတ်တို့ဆီ ပို့လိုက်လို့ရတယ်''

နှစ်ယောက်သား စကားကိုတိုးတိုးတိတ်တိတ်ပြောပြီး လျှိုစပ်လေးဘက် ဆင်းလာခဲ့ကြ၏။ နဘူးချုံတွေရှိရာအစပ်၌ ဆတ်ခြေရာကို တွေ့ရ၏။ သူတို့ ပျော်သွားသည်။ ခြေရာသည် လတ်လတ်ဆတ်ဆတ်ဖြစ်၍ သူတို့ခြေသံလုံအောင် ဝန်းကျင်တစ်ပိုက် ဆတ်ချောင်းလေသည်။ မကြာမီ . .

''ရှူး . . . ကိုမိုး . . . ဟိုမှာ''

''တွေ့တယ် ကိုကောင်း''

သလဲပင်ကြီးအောက်မှာ သလဲသီးကြွေများကို ငုံ့ကာစားနေသော ဆတ်ဖားကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ကြသည်။ ဆတ်ကြီးမှာ အဖိုဖြစ်ပြီး အချိန်နှစ်ဆယ်ခန့်မျှ ရှိပေမည်။

နှစ်ယောက်သား ဒူးလေးကိုယ်စီ ညို့တင်လျက် ဆတ်ဖားကြီးထံ ချိန်ရွယ်လိုက်ကြလေသည်။ ပြီးလျှင် . . .

'ဒေါင် . . ဝုစ်'

မြားတံသည် ဆတ်ကြီး၏သေတွင်းကို တိကျစွာ ထိမှန်သွား၍ မပြေးလွှားနိုင်ဘဲ တုံ့ခနဲဖြစ်သွားခြင်းဖြစ်သည်။

နှစ်ယောက်သား ဆတ်သေရှိရာ ပြေးသွားလိုက်မိ၏။

ကောင်းစံ၏မြားသည် ဆတ်၏နှလုံးသားတည့်တည့်သို့ စိုက်ဝင်သွားပြီး မိုးကောင်း၏မြားကမူ လက်ပြင်သို့ ထိုးဖောက်ထိမှန်သွားခြင်းဖြစ်သည်။ မိုးကောင်းသည် ဆတ်သေအား တစ်ချက်ငုံ့ကြည့်ပြီး . . .

''ကိုကြီးကောင်းလက်က တစ်ချက်ဆို တစ်ချက်ပဲဗျာ၊ နှလုံးသားတည့်တည့်ပဲ . . . တော်တယ်ဗျာ''

''ဟာ ကိုမိုးကလည်း မင်းရဲ့မြားကြောင့် ဒီဆတ်ရတာပါကွာ၊ မင်းပစ်မှတ်က လက်ပြင်တည့်တည့်ဥစ္စာ''

''ကဲပါဗျာ . . . ဘယ်သူ့ကြောင့်ပဲ ဒီဆတ်ရရ ကျုပ်တော်တို့ဒီနေ့ ကံကောင်းလို့ နေမပူခင် ဆတ်တစ်ကောင်ရလိုက်တာ၊ ရွာအပြင်နို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပန်းလှပြီပေါ့ဗျာ''

''ဘာလဲ . . . မင်း မြဝန်းညိုကို ကြွားမလို့မဟုတ်လား၊ ငါသိပါတယ် ကိုမိုးရာ . . . ဟဲ ဟဲ . . . ကဲ . . . ငါ ဝါးခုတ်လိုက်ဦးမယ်၊ မင်း ဒီကပဲ စောင့်၊ ဒီကောင်ကြီးက နည်းတာကြီးမဟုတ်ဘူးကွ၊ ဝါးကောင်းကောင်းမှ ရမှာ''

''ဟိုး အောက်ဘက်လျှိုထဲမှာ ဝါးတောတွေရှိပါတယ်ဗျာ''

ကောင်းစံဆင်းသွားသည်နှင့် မိုးကောင်း ဆတ်သေကောင်အနီးရှိ သစ်ပင်ကြီးကိုမှီကာ ထိုင်လိုက်လေသည်။ သူ၏အတွေးအာရုံပြင်မှာ မြဝန်းညို၏မျက်နှာလေးက ထင်ဟပ်လာ၏။ ဒီနေ့ သူနှင့်ကောင်းစံ ကံကောင်းကြလေသည်။ ယခင်နေ့များကလောက် သားကောင်ကို မြင်တစ်ခွင် တောအနှံ့ လိုက်လံမရှာဖွေရဘဲ အရန်သင့် ဤဆတ်ဖားကြီးဖြင့် သွားကိုးခြင်းဖြစ်သည်။

အောက်ဘက်လျှိုတွင်းသို့ရောက်သည်နှင့် တစ်ဖက်ရှိ ဝါးတောကြီးရှိရာသို့ သွက်လက်စွာ လှမ်းသွားလိုက်သည်။ ယင်းအချိန်မှာပင် ကောင်းစံ ထူးခြားသောမြင်ကွင်းတစ်ခုအား ပက်ပင်းသွားတွေ့ကြုံခြင်းဖြစ်လေသည်။

''ဟင်''

ယင်းမှာ သူ၏ရှေ့တူရူ ဝါးတောစပ်ကနေ တည်ငြိမ်စွာ လှမ်းထွက်လာသည့် လူတစ်ယောက်ကို မြင်တွေ့လိုက်ရခြင်းဖြစ်၏။ သို့သော် လူတစ်ယောက်ဆိုတာထက် သူ၏ဝတ်စားဆင်ယင်မှုမှာ ထူးခြားနေ၍ ကောင်းစံ ကြောင်ငေးကြည့်နေမိသည်။ လူကြီးမှာ အသက်ခြောက်ဆယ်နီးပါးခန့်မျှဟု ခန့်မှန်းရပြီး ရှည်လျားလှသောဆံပင်ကြီးကို ဦးခေါင်းထက်သို့ သျှောင်ထုံးကြီးအဖြစ် ထုံးထား၏။

အဝတ်အစားကလည်း သစ်ခေါက်ဆိုး အညိုရောင်သင်တိုင်းကြီးကို ခြုံလွှမ်းထားလေသည်။ ရသေ့လည်းမဟုတ် ဘုန်းကြီးလည်း





မဟုတ်ဟု ကောင်းစံတွေးလိုက်မိ၏။

ရှည်လျားသော မုတ်ဆိတ်ကြီးများရှိနေသော မျက်နှာထက်၌မူ အသားအရေသည် ဖြူစင်ဝင်းလဲ့နေပြီး မျက်လုံးတွေကလည်း စူးတောက်လွန်းလှသည်။ လူသူမနီးသည့် တောကြီးတောင်ကြီးထဲမှ ကောင်းစံ အံ့သြသွားမိခြင်းဖြစ်သည်။ လူထူးဆန်းကြီးသည် ကောင်းစံ၏ရှေ့သို့အရောက် တွင် ခနဲရပ်ကာ . . .

''အင်း . . . သံသရာဆိုတာကြီးက ကယ်လည်း ဆန်းကြယ် အံ့သြဖွယ်ရာကောင်းလှပါလား၊ ဩော် . . . ဒုက္ခ ဒုက္ခ . . . ခုချိန်ထိ သံသရာထဲက မရုန်းထွက်နိုင်သေးဘဲ လောဘမီး ဒေါသမီးတွေ လောင်မြိုက်နေတုန်းပဲကိုး''

လေသံကလေးက နှုတ်ခမ်းသားလေး လှုပ်ခတ်ရုံမျှ တိုးညင်းပါသော်လည်း ကောင်းစံကြားလိုက်ပါလေသည်။ လူကြီးသည် သူ့ဘာသာသူ ညည်းညူလိုက်လေသည်လား၊ ဒါမှမဟုတ် မည်သည်ကိုရည်ရွယ်၍ ပြောလိုက်သည်လည်း သူ နားမလည်ပါ။

''ဦးကြီးက ဘယ်သူလဲ ဘယ်မှာနေတာလဲ . . . လူအစစ်ပါနော်''

''ကိုယ့်ရဲ့မျက်စိရှေ့မှောက်မှာ ပကတိမြင်တွေ့နေရတဲ့ အရှိတရားတစ်ခုကို ကွဲပြားစွာမမြင်နိုင်ဘူးဆိုတာ အဝိဇ္ဇာမြူတွေ လွှမ်းဖုံးနေလို့ပဲ၊ ကျုပ်က လူအစစ်ပါ၊ မင်း ဒီရိုးမတွေထဲမှာ အမဲပစ်ပြီး သူတစ်ပါးအသက်တွေကို သတ်ဖြတ်နေတာပဲ ကြာလှပြီ၊ ခုလေးတင်ပဲ အသက်တစ်ခုကို အညှာတာကင်းမဲ့စွာနဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပြီးပြီ မဟုတ်လား၊ မင်းဟာ မိုက်တွင်းနက်နေတုန်းပဲကိုး''

''ဗျာ . . . ကျ . . . ကျွန်တော် . . .''

ကောင်းစံ သူ့ရှေ့ရှိ ရသေ့လား၊ ယောဂီလား မည်သို့မည်ပုံ ခေါ်ဆိုရမည်မသိသော လူထူးလူဆန်းကြီးအား တစ်စုံတစ်ခုပြောမည် အပြု ထိုလူထူးဆန်းကြီးက လက်ကာပြ၍ တစ်ပိုင်းတစ်စဖြင့် ရပ်သွားရသည်၊



www.burmeseclassic.com

www.burmeseclassic.com



လူထူးဆန်းကြီးသည် စူးရှလက်ပနေသည့်မျက်ဝန်းတွေဖြင့် ကြည့်လျက်က ...

"ဘယ်သူမဆို သတ္တဝါမှန်ရင် ကိုယ်သံသရာက ပြုခဲ့ဖူးတဲ့ ဝဋ်ကြွေးဆပ်ရတာပဲ၊ မင်းဟာ ဒီကနေ့ကနေ စတင်ပြီး တစ်လအတွင်း ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်၊ လောကဓံရဲ့ ရိုက်ပုတ်မှုကို ကြမ်းတမ်းနာကျင်စွာ ခံစားပြီး ကျုပ်နဲ့ တစ်ချိန်မှာ ပြန်တွေ့ကြရလိမ့်မယ်၊ မင်းမှာ ဝဋ်ကြွေးတွေ မစင်သေးဘူး ကောင်းစံ၊ ဝဋ်ကြွေးတွေ ဆပ်ရပေဦးမယ်"

"ဟာ"

ကောင်းစံသည် လူထူးဆန်းကြီး၏စကားများကို အံ့သြမှင်တက်စွာ နားထောင်နေမိခိုက် လူထူးဆန်းကြီးသည် သူ့ရှေ့ကနေ ချာခနဲလှည့်ကာ လှမ်းထွက်သွားလေတော့၏။

ကောင်းစံ ငေးမောကြည့်နေမိဆဲမှာပင် သျှောင်ထုံးကြီးနှင့် လူထူးဆန်းကြီးသည် လျှို့စပ်၌ ရိပ်ခနဲ ပျောက်သွားလေပြီ။

"ဟင်"

ကောင်းစံ၏ရင်ထဲ ထိတ်ခနဲလှုပ်ရှားသွားမိသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် လူထူးဆန်းကြီးမှာ သူ ကြည့်နေဆဲမှာပင် မျက်စိအောက်က ဖျတ်ခနဲ ပျောက်ကွယ်သွားခြင်းဖြစ်၍ပင်တည်း။ ယင်းနေရာတွင် မည်သည့်ချုံနွယ်ပိတ်ပေါင်းများမှမရှိသော မြေပြောင်လေးပင် ဖြစ်၍နေ၏။ ကောင်းစံ ခေါင်းနားပန်းကြီးသွားမိရင်း ...

"ဗု ... ဗုဒ္ဓေါ ထူးဆန်းလိုက်တဲ့လူကြီးပဲ၊ တကတဲ လူအစစ်လား၊ တောပိုင် တောင်ပိုင်ပုဂ္ဂိုလ်တွေလား၊ ငါလည်း တောထဲမှာ တစ်ခါမှ မတွေ့ဖူးဘူး ထူးဆန်းတာတော့ အမှန်ပဲ ...ဟူး"

❊ ❊ ❊



## ဆရာကာပြန်သူ

"ဟာ ... ကောင်းစံရာ မင်းပြောတာက မဖြစ်နိုင်ပါဘူးကွာ၊ ငါ နားရှိလို့သာ ယုံရတယ်၊ ဒီရိုးမကြီးထဲ ငါ ကျင်လည်နေခဲ့တာ အနှစ်နှစ်ဆယ်မကတော့ဘူး၊ တယ်ရသေ့ ဘယ်သူတော်စင်နဲ့မှလည်း မတွေ့ပါဘူး၊ မင်း မျက်စိမှောက်ကာနေမှာပါ ကောင်းစံရာ"

ကောင်းစံ သူကြုံတွေ့ခဲ့ရသော လူထူးဆန်းကြီးအကြောင်းကို ပြန်လည်ပြောပြရာတွင် မုဆိုးအောင်မောင်းက ခေါင်းတခါခါဖြင့် ငြင်းလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်ကတော့ ဆတ်သေကြီးနားမှာ ထိုင်စောင့်ရင်းနဲ့ ကိုကြီးကောင်းစံ မလာ မလာနဲ့ မျှော်လိုက်ရတာ အဖေရာ၊ လျှိုကလည်း နီးနီးလေးပါ၊ အတော်ကြီးကြာတော့မှ မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဝါးထမ်းပြီး ပြန်ရောက်လာတာ အဖေရ"

"ငါ အဲဒီလူကြီးကိုတွေ့ခဲ့ရတာ အမှန်ပဲ ကိုမိုးရ ... မင်းတို့ကို ငါက လိမ်ညာပြောပါ့မလားကွာ"

မုဆိုးအောင်မောင်းက . .

"ငါက မင်း မဟုတ်မဟတ် လိမ်ညာပြောတယ်လို့ဆိုလိုတာ မဟုတ်ပါဘူး ကောင်းစံရာ၊ ငါ မကြာခဏ ပြောဖူးသားပဲ ... တောဆိုတာ မာယာပရိယာယ်များတတ်သလို လှည့်စားဘတ်တယ်ဆိုတာ၊ ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ အမြင်မှောက်မှားတာမျိုးလည်း ရှိတတ်တယ်လို့ ဆိုလို တာပါ၊ တောမှောက်တယ်ဆိုတာ အဲဒါမျိုးပဲ''

''ဟင် ... ဒါ ... ဒါဆို ကျွန်တော် တောမှောက်တာပေါ့ ... ဟုတ်လား ဦးကြီးအောင်မောင်း။ တောမှောက်ရအောင်လည်း ကျွန်တော် တို့ ဘာမှအမှားအယွင်း မပြုခဲ့ပါဘူး''

''ပြောလို့တော့ မရဘူးပေါ့ကွာ၊ ငါက ငါသုံးသပ်မိတာကို ပြော တာပါ၊ ဒါထက် မင်းကြုံခဲ့တာ ဘယ်နေရာ ...''

မှဆိုးဦးအောင်မောင်းက သေချာအောင် ထပ်မံမေးလိုက်သည်။

''ဟို ... ငှက်ကြီးချောင်းရဲ့အထက် ကျွန်းသုံးပင်တောင်ကြောက လျှိုအစပ်မှာ တွေ့ခဲ့တာ ဦးကြီးမောင်း။ ကျွန်တော်ကတော့ လူသားအစစ် လို့ပဲ ယုံနေတယ်ဗျာ''

''ကဲပါကွာ ... ဒါတွေထားလိုက်ပါ၊ မေ့ပစ်လိုက်တော့ ကောင်း စံ၊ မင်း အသားတွဲယူသွားလေ၊ တော်ကြာ အိမ်မှာ မခင်သွယ် မျှော်နေဦး မယ်၊ မိုးကောင်း ရှာလဲအသားလိုက်ရောင်းပြီးမှ ပိုက်ဆံ ငါပေးနိုင်းလိုက် မယ် ... ဟုတ်ပလား''

''ကိုကြီးကောင်းစံဘာသာ ကြိုက်တဲ့အတွဲယူသွားတော့ဗျာ''

''အေးပါကွ ... ယူပါ့မယ်''

ကောင်းစံက အသားတွဲတစ်တွဲကို ကြုံရာလှမ်းယူလိုက်ပြီးမှ သူ ပြောရန်ဆုံးဖြတ်ထားသောကိစ္စကို ပြောသင့်မပြောသင့် ချင့်ချိန်နေမိသည်။ သို့သော် ဘာမှတော့မထူး။ ဒီကနေ့ မပြောလည်း နောက်ရက်ကျ ပြော ရမည်သာ ဖြစ်သည်။

''ဦးကြီးအောင်မောင်း''

''ဟေ''

''ကျွန်တော် ဦးကြီးအောင်မောင်းကို ခွင့်တောင်းစရာ, ပြောစရာ ရှိလို့''





''ဘာများလဲ ကောင်းစံရ ... ထူးထူးဆန်းဆန်း''

''ဟို ... ဟို ကျွန်တော် နောက်နေ့တွေကစပြီး ကျွန်တော့် ဘာသာကျွန်တော် တစ်ယောက်တည်း အမဲပစ်ထွက်တော့မှာကို ခွင့် တောင်းမလို့ပါ၊ ဦးကြီးတို့နဲ့ ကျွန်တော် မလိုက်တော့ဘူး''

''ဟေ''

''ဟာ ... ကိုကြီးကောင်းကလဲဗျာ နောက်နေပြန်ပြီ''

''ငါ တကယ်ပြောတာ မောင်မိုး''

''ဟင်''

မိုးကောင်းသည် အံ့သြသလို ကောင်းစံအား လှမ်းကြည့်လိုက်မိ သည်။ ကောင်းစံ၏မျက်နှာက လေးနက်တည်ငြိမ်လျက်ရှိသည်မို့ နောက် ပြောင်နေခြင်းမဟုတ်မှန်း သူ နားလည်သွားသည်။ မုဆိုးဦးအောင်မောင်း ကမူ ကောင်းစံ၏စကားကြောင့် ကွက်ခနဲ မျက်နှာပျက်ယွင်းသွားသော် လည်း ချက်ချင်းပင် ...

''ကောင်းစံ ... မင်းပြောတဲ့သဘောက ငါတို့နဲ့အတူ အမဲမပစ် တော့ဘဲ မင်းဘာသာမင်း တစ်ယောက်တည်း မုဆိုးလုပ်မယ့်သဘောပေါ့''

''ဟုတ်ပါတယ် ဦးကြီးအောင်မောင်း၊ ကျွန်တော် ဒီဝါမဝင်ခင် ငွေကြေးစုဆောင်းချင်လို့ ... အဲဒါ ကျွန်တော့်ဘာသာ ...''

''ဩော် ကောင်းစံ ... တောက်''

ကျယ်လောင်သောအသံကြီး ဟိန်းထွက်လာပြီး မုဆိုးကြီးအောင် မောင်း ထိုင်နေရာက ဝုန်းခနဲ ထရပ်လိုက်သည်။ သူ၏ညိုရောင်သန်း သောမျက်နှာက ဒေါသအရိပ်အယောင်များကြောင့် နီမြန်းနေလေ၏၊

ကောင်းစံကို စူးစိုက်စွာကြည့်နေသော မျက်ဝန်းအစုံက မီးငင်း ဝင်းတောက်နေသလို ထင်ရသည်။

''မင်းက ငါ့ကို မုဆိုးပညာလေး မတောက်တခေါက်တတ်သွားမို့ အာခံလိုက်တာပေါ့ ကောင်းစံ ... ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဦးကြီးအောင်မောင်း အဲသလိုမဟုတ် . . မဟုတ်"

"အပိုတွေပြောမနေနဲ့တော့ ကောင်းစံ၊ အေးလေ . . . ကျေးဇူးရှိမှ ကျေးဇူးစပ်တယ်ဆိုတာ ဒါမျိုးပဲ၊ ကောင်းပြီ ကောင်းစံ . . . မင်းကိုယ်မင်း မှဆိုးပညာရည် ပြည့်ဝပြီထင်လို့ မင်းဆုံးဖြတ်တာပဲ၊ မနက်ဖြန်ကစပြီး မင်း ငါ့ဆီလာစရာမလိုတော့ဘူး . . . သွားတော့ . . . တောက်"

"ဟာ . . . ဦးကြီးအောင်မောင်း ကျွန်တော် ရှင်းပြ . . ."

ကောင်းစံ ဒရောသောပါး တစ်စုံတစ်ရာပြောပြဖို့ ကြိုးစားပါသော်လည်း မုဆိုးကြီးဦးအောင်မောင်းသည် ဒေါသထွက်စွာဖြင့် အိမ်ဘက်သို့ ချာခနဲ လှည့်ထွက်သွားလေတော့သည်။ မိုးကောင်း၏ မျက်ဝန်းအကြည့်ကလည်း သူ၏ဖခင်ကဲ့သို့ပင် စိမ်းစူးစူးဖြင့် သူ့အား ကြည့်နေလေသည်။ ထိုအကြည့်ထဲ၌ မုန်းတီးမှု, နာကြည်းမှုများ ပါဝင်နေသည်။

ကောင်းစံ ရင်ထဲမှာ ဆို့ကျပ်မောနင့်သွားရသည်။ သူ၏ဆရာဖြစ်သူမုဆိုးကြီး ဦးအောင်မောင်းသည် မုဆိုးပညာပြည့်စုံလှသလို တစ်ခါတစ်ရံ စိတ်တိုစိတ်ဆတ်ပြီး ဒေါသကြီးတတ်မှန်း သူ မေ့လျော့သွားခဲ့တာဖြစ်သည်။

ယခုမူ သူနှင့်ညီမိမ့်တို့၏ဘဝရှေ့ရေးအတွက် သူ ငွေကြေးရှာဖွေရန် လိုအပ်သည်မို့ ပြောသည်ကို သူ့အား ကျေးဇူးရှင်ကို ကျေးစွပ်သော၊ ဆရာကိုပြန်အာခံသော လူတစ်ဦးအဖြစ် အထင်လွဲမှားသွားပေပြီ။ ရွံ့ရှာစက်ဆုပ်သွားခဲ့ပေပြီ။

သူ့ ယခုချိန် ရှင်းပြပါကလည်း နားဝင်မည်မဟုတ်တာ သေချာသည်။

ထိုစဉ် မိုးကောင်းသည်လည်း အိမ်တက်ဆီသို့ ချာခနဲလှည့်ထွက်သွားလေသည်မို့ ကောင်းစံ သက်ပြင်းချလိုက်မိပြီး ခေါင်းကိုသာ ယမ်းခါမိတော့၏။

❊ ❊ ❊



## သူမျှားရွာမှာကြက်ဝ

ရှေ့ကနေ ဒယီးဒယိုင်ဖြင့် လှမ်းလာနေသော လူသုံးယောက်ကို မြင်လိုက်ရ၍ မိုးကောင်း၏လှမ်းလက်စခြေအစုံသည် တုံ့ခနဲ ဖြစ်သွားမိသည်။ တစ်ဆက်တည်း သူ၏မျက်နှာပြင်ကလည်း မသိမသာ တင်းသွားမည်ဟု မိုးကောင်း သူ့ကိုယ်သူ သိလိုက်၏။

သို့သော် မိုးကောင်း ခုန တုံ့ရပ်သွားမိသည့် ခြေလှမ်းကို ရှေ့ဆက်လှမ်းလိုက်၏။ ရွာလမ်းလယ်က ဒီတစ်လမ်းတည်းရှိသည်။ တာတီးတို့လူစုက လမ်းပြည့်နေလေသည်။ မိုးကောင်းကို ယခုမှပင် လှမ်းမြင်လိုက်ဟန်တူသော တာတီးနှင့် ဗညားအောင်၊ လူကြီးမောင်တို့ကလည်း အနည်းငယ်ယိုင်နေသည့် သူတို့၏ကိုယ်များကို ထိန်းမတ်လိုက်ရင်း တာတီးက . . .

"ဟော့ကောင် မုဆိုး"

တာတီးဆီမှ ဟိန်းထွက်လာသည့် အခေါ်အဝေါ်ကြောင့် မိုးကောင်း၏ရင်အစုံက ဖျင်းခနဲဖြစ်သွား၏။ တာတီး၏မျက်နှာသည် အရက်ဝနေသလို မျက်လုံးအစုံကလည်း နီကြောင်နေ၏။

မိုးကောင်း ခြေအစုံကိုရပ်လိုက်ပြီး တာတီး၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

"မင်း . . . ခုန ဘယ်သူ့ကိုခေါ်တာလဲ တာတီး"

www.burmeseclassic.com



"အေ့ . . . ဘယ်သူ့ခေါ်ရမှာလဲကွ . . . ဒီလမ်းပေါ်မှာ ငါတို့ရွေ့မှာ မင်းကလွဲလို့ ဘယ်သူရှိလို့လဲ . . . အေ့ . . . မင်းကို ခေါ်တာပေါ့ကွ မှဆိုးရ . . . ဟဲဟဲ"

"ငါ့နာမည် မိုးကောင်း၊ တာတီး . . . မင်း နောက်ခေါ်ရင် နာမည်ခေါ် . . . ငါ ပြဿနာမဖြစ်ချင်ဘူး"

မိုးကောင်း တာတီး၏မျက်နှာကို စူးစိုက်ကြည့်လျက်က လေသံတင်းတင်းနှင့် ပြောလိုက်၏။ တာတီး၏မျက်နှာ မည်းခနဲဖြစ်သွား၏။

ဗညားအောင်က တာတီး၏ညာဘက်အေးမှ ဂျာကင်အင်္ကျီတွင်းသို့ လက်နှစ်ဖက်နှိုက်လျက် မိုးကောင်းအား လှမ်းကြည့်ကာ မထိတရီဖြင့် . . .

"နေစမ်းပါဦးကွ . . . မင်းနာမည် မိုးကောင်းပဲဖြစ်ဖြစ်, မိုးမကောင်းပဲဖြစ်ဖြစ် မင်းက မုဆိုးမို့လို့ မုဆိုးခေါ်တာ ဘာများနာစရာရှိလို့လဲကွ . . . အဟား"

"အေးလေကွာ . . . အမှန်ဆို မုဆိုးဆိုတာ ဒီကောင်နဲ့ တန်တောင်မတန်သေးဘူး၊ မုဆိုးဆိုတာ ကျားတွေ, ဆင်တွေ ပစ်ခတ်နိုင်မှ မုဆိုးရာထူးကို ပေးရမှာ၊ ဒီကောင် မိုးကောင်းက ဖွတ်, ပဒတ်လောက်ပဲ အရည်အချင်းရှိတဲ့ မုဆိုးကွ . . . ဟား ဟား . . . အနူတောမှာ လူချောလုပ်နေတာပါကွာ"

တာတီး၏စကားတွေက သူ့ကို စော်ကားသည်ထက် စော်ကားလာသည်။ မိုးကောင်း၏မျက်ဝန်းတွေက ပို၍စူးလက်လာရ၏။ ဒီကောင်တွေ သူ့ကို သူရာရည်ယစ်ပြီး ပြဿနာတမင်ရှာနေမှန်း မိုးကောင်း သိနေသည်။ သူ ရန်မဖြစ်ချင်ပါ။

မိုးကောင်း၏စိတ်ထဲမှာလည်း တာတီးနှင့်လူကြီးမောင်တို့ ဟိုတုန်းကတည်းက သိပ်၍ကြည့်လို့ရတာမဟုတ်။ တစ်ရွာတည်းနေပေမယ့် ငယ်စဉ်ကဆို ကစားဝိုင်းတိုင်းမှာ တကယ့်ကမ္ဘာ့ရန်တွေ။ အရွယ်ရောက်လာ





တော့ ပိုဆိုးသည်။ မျက်နှာကြောမတည့်ချေ။

ဒီကြားထဲ ဗညားအောင်ဆိုသော ဆလူတောကကောင်ကိုတော့ မြဝန်းညိုနှင့်ပတ်သက်၍ မိုးကောင်း လုံးဝကို ကြည့်၍မရအောင်ပင် မျက်စိ စပါးမွေးစူးနေသည်။

ဆလူတောမှာ သူ့ဘာသာသူ ဘာကောင်ဖြစ်ဖြစ် ဂရုမစိုက်၊ သို့သော် ဒါက ဆလူတောရွာမဟုတ် . . . လျှော်ထုံးရွာဖြစ်သည်။ ရွာက ကာလသားတချို့ကလည်း ဗညားအောင်၏ကြွပ်ဆတ်ဆတ် မာရေကျောရေနိုင်လှသော သူ့ခြေးမဟုတ် ချေးမဟုတ်ပုံစံကို သိပ်ကြည့်မရချေ။

ဗညားအောင်က ဆတ်ခနဲ ရယ်သွမ်းလိုက်ရင်း . . .

"အမှန်က ဒီကောင့်ကို ဖွတ်မုဆိုးလို့ ခေါ်ရမှာကွ၊ ပစ်တာကလည်း ဖွတ်, ဝတ်စားတာကလည်း ဖွတ်ဒီဇိုင်းလေ . . . ဟား ဟား"

"မင်းတို့ သိပ်စော်ကားလာပြီထင်တယ်"

"ဟဲ ဟဲ . . . အမှန်အတိုင်း ပြောတာပဲကွ"

"အဲဒါ မှန်ဦးကွာ . . . ငါ့နာမည် မိုးကောင်း"

'ဖြောင်း . . ခွပ်'

မိုးကောင်း၏ခန္ဓာကိုယ်က လှစ်ခနဲ ဗညားအောင်ထံသို့ ရောက်ရှိသွားပြီး အရှိန်ပြင်းလှသည့်လက်သီးက ဗညားအောင်၏မျက်နှာပေါ် ကျရောက်သွားသည်။ ဗညားအောင် ချာခနဲ လည်ထွက်သွားလေ၏။

တာတီးနှင့်လူကြီးမောင်တို့ မိုးကောင်းထံ ပြေးဝင်လာကြသည်။

"မုဆိုးစုတ် . . . လူပါးဝလို့ ချကွာ"

"ကဲကွာ . . . ကဲ"

'ခွပ် . . ခွပ်'

မိုးကောင်းမှာ သုံးယောက်နှင့်တစ်ယောက်ဖြစ်၍ အထိနာလေသည်။ ခဏအတွင်းမှာပင် အရုပ်ဆိုးသောရန်ပွဲက အကျည်းတန်စွာ ဖြစ်ပေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာလမ်းမပေါ်ဖြတ်လာသူမှာ နီးစပ်ရာ ခြံဝိုင်းများကနေ လူကြီးများ ရန်ပွဲရှိရာသို့ ပြေးလွှားရောက်ရှိလာကြသည်။

"ဟေဟေ့ မိုးကောင်း . . . ရပ် . . . ရပ်စမ်း"

"ဟေ့ . . . တာတီး . . . တော်စမ်း၊ မင်းတို့ကွာ ကိုယ့်ရွာသား အချင်းချင်း ဖြစ်ရတယ်လို့၊ ကဲ ကဲ . . . တော်ကြ . . . သွားကြ"

မိုးကောင်းသည် သူ့အား ဆွဲလွဲထားသည့် ရွာလူကြီးများ လက်တွင်းကနေ တာတီးနှင့်ဗညားအောင်အား စူးစူးကြည့်ကာ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ရွာလမ်းပေါ်မှာတော့ မိုးကောင်းယူလာသည့် အသားတွဲများမှာ ပြန့်ကျဲလျက်။

"တောက်"

ဗညားအောင်သည် သူ့နှုတ်ခမ်းကနေ ယိုစီးကျလာသော သွေးတို့ကို လက်ခုံဖြင့်သုတ်ကာ မိုးကောင်း၏ကျောပြင်အားကြည့်၍ ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။



## ကျားဖြစ်သွားသော လူထူးဝန်ကြီး

အောင်မောင်းနှင့်မိုးကောင်းတို့သားအဖ ရေနီကွင်းသစ်စခန်းသို့ ရောက်စဉ် ရိုးမနေက အတော်မြင့်တက်နေလေပြီ။ ဤရေနီကွင်း သစ်ခုတ်စခန်းသည် ရိုးမ၏အတွင်းပိုင်းအနည်းငယ်ကျလေသည်။ သစ်ခုတ်သမားတို့၏ဝါးတဲပေါင်း လေးငါးလုံးအား ပြိုပျက်လျက်တွေ့ရ၏။

ယခင်က သစ်စခန်းဟောင်းတစ်ခုဖြစ်သည်။ လုံးဝတော့ မပြိုပျက်သေးပါချေ။ ရိုးမမုဆိုးများ၊ သစ်ဝါးခုတ်သူများ၊ ရိုးမထဲလည်ရင်းရံဖန် ယင်းသို့သစ်ခုတ်စခန်းဟောင်းများမှာသာ နားတတ်ကြလေသည်။ ယနေ့ အောင်မောင်းနှင့် မိုးကောင်းတို့ မျောက်ရှာရန် ဤရေနီကွင်းတောဘက်သို့ လာခဲ့ကြခြင်းဖြစ်သည်။

ရေနီကွင်းက သီးနှံပေါများ၍ မျောက်ပေါသည်။

"ဒီမှာ ခဏနားကြမယ် မိုးကောင်း"

"ဟုတ်ကဲ့ အဖေ"

သစ်ခုတ်ဝါးတဲတစ်ခုတစ်ခုရှေ့မှာ ရပ်လျက် ဖခင်ဖြစ်သူ ပြောလိုက်သဖြင့် မိုးကောင်း သူ့ရွာကနေ ထမ်းပိုးယူလာသည့် လေးဂါလံဝင်သတ်စတစ်အရက်ပုံးကြီးကို သစ်တဲဝါးကြမ်းပေါ် တင်လိုက်သည်။ အောင်မောင်းက အရက်ပုံးအား ညကတည်းက စီစဉ်ပြီး ယူလာခဲ့သဖြင့်မိုးကောင်း ထမ်းလာခဲ့ရသည်။ အမဲပစ်တာနှင့် အရက်ပုံး ဘာဆိုင်လို့လဲ

www.burmeseclassic.com



မသိမသိုင်။ တစ်လမ်းလုံး တွေးလာခဲ့သေးသည်။ စခန်းဖါန့်ဘေး တောင်ကြောတွေ၌ သစ်ခုတ်သမားများကြောင့် တောပြောင်လုမတတ်ဖြစ်နေပြီး ဝါးတောများ၊ သစ်ပင်ငယ်များသာ တည်ရှိနေတော့၏။

ဦးအောင်မောင်းက တဲပေါ်တက်မထိုင်သေးဘဲ နံဘေးရှိ လျှိုစပ်သို့ ဆင်းသွားလေသည်။ အောင်မောင်း လျှိုစပ်သို့အရောက် ...

"ဟင်"

သူ၏ရှေ့တည့် လျှိုစပ်ဝါးတောကြီးအနီးမှ အရိပ်တစ်ခုအား တွေ့လိုက်ရ၍ သားကောင်များလားဟူ၍ အောင်မောင်း ပလိုင်းထဲမှ မြားတစ်ချောင်းကို နောက်ပြန်ထုတ်ယူလိုက်၏။ သူ ကြည့်နေစဉ်မှာပင် ဝါးတောစပ်ရှိ ချုံရိုင်းနွယ်များ ဖျတ်ခနဲ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရပြန်လေသည်။ သေချာပြီ။ တောကောင် တစ်ကောင်ပဲဖြစ်မည်။

"ဟာ"

ရုတ်တရက် ဒူးလေးညှို့ပေါ်တင်ထားသည့် အောင်မောင်း၏ လက်အစုံက တုံ့သွား၏။ ချုံပင်ငယ်များကြားကနေ ထွက်လာသူမှာ အောင်မောင်းထင်နေသလို တောကောင်တစ်ကောင် မဟုတ်ပါချေ။ လူသားတစ်ယောက် ဖြစ်နေလေသည်။ အရှင်းဆုံးပြောရလျှင် ခေါင်းထက်၌ ကြီးမားသော သျှောင်ကြီးထုံးပြီး အညိုရောင်ဝတ်စုံအား မြဲသိုင်းဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်၊ ယင်းအဘိုးအိုနှင့် အောင်မောင်းတို့၏ အကွာအဝေးမှာ ကိုက်နှစ်ဆယ်ခန့်သာ ကွာဝေးပေမည်။

သို့သော် ယင်းအကွာအဝေးမှာပင် သူရှိရာသို့ တည့်တည့်ကြည့်လျက်ရှိနေသော လူကြီး၏မျက်ဝန်းအစုံသည် စူးလက်စွာ တောက်ပနေသည်ဟု အောင်မောင်း ထင်လိုက်မိသည်။ လူကြီး၏ လက်တွင်းမှာလည်း ရှည်လျားနက်မှောင်နေသော တောင်ဝှေးကြီးတစ်ချောင်း ကိုင်ဆောင်ထားလေသည်။ မျက်နှာသွင်ပြင်နှင့်ရုပ်ရည်ကမူ တည်ကြည်ငြိမ်းချမ်းနေ၏။

ထိုအချိန်မှာ အောင်မောင်း စိတ်ညှို့ခံထားရသူပမာ တဒင်္ဂ



ကြောင်ငေးနေမိလေ၏။ အောင်မောင်း သူ့ကိုယ်သူ အမြင်မှောက်မှားနေတာလားဟု တွေးလိုက်မိသည်။

'ဖျောက်'

အောင်မောင်း ဖျတ်ခနဲ အသိစိတ်ဝင်ရောက်လာသည်မှာ မလှမ်းမကမ်းရှိ ရပ်နေသည့်အညိုရောင်ဝတ်လူကြီးက ချာခနဲ ချုံနွယ်ကြားထဲသို့ လှမ်းဝင်သွားသည်။

"ဟာ"

တဒင်္ဂအတွင်း သူ၏မြင်ကွင်းမှနေ၍ မျက်လှည့်ပြသလို ပျောက်ကွယ်သွားသော လူကြီးအား အံ့သြနေလျက် စူးစမ်းရန် အောင်မောင်း ရှေ့သို့ ကမန်းကတန်းပြေးသွားလိုက်မိသည်။ ထိုစဉ် ...

'ဝေါင်း'

"ဟင်"

အောင်မောင်း ခြေသုံးလှမ်းပင် မလှမ်းလိုက်ရပါချေ။ စောစောက သူ့ရှေ့၌ရပ်လျက် သူ့အား စိမ်းစူးစူးကြည့်နေသော အညိုရောင်သျှောင်ထုံးနှင့်လူကြီး တိုးဝင်သွားရာ သစ်ပင်အုပ်တွင်းမှ ဟင်းကောင်ကြီးဟိန်းသံကြောင့် သူ ခြေလှမ်းတွေတုံ့ဆိုင်းသွားရခြင်းဖြစ်သည်။

ချုံတောတွင်းမှ ထွက်လာသည်မှာ ခုနစ်တောင်ခန့်ရှိမည် ထင်းသော ဟင်းမျိုးကောင်ကြီးပင်ဖြစ်၍ အောင်မောင်းရှိရာသို့ တစ်ချက်လည်ငဲ့ကြည့်ကာ လွှားခနဲ ပြေးလွှားပျောက်ကွယ်သွားလေတော့၏။ ချက်ချင်းမမြင်ရတော့ပေ။

အောင်မောင်း ကြက်သေသေကျန်ခဲ့လျက် ထိတ်လန့်သွားသည်နှယ် ခံစားလိုက်ရသည်။ အကယ်၍သာ ဟင်းကောင်ကြီးသည် သူ့အား အန္တရာယ်ပြုမည်ဆိုလျှင် အောင်မောင်း မည်သို့မျှ ကာကွယ်နိုင်မည် မဟုတ်ပေ။ အောင်မောင်းသည် သူ တဒင်္ဂကြုံတွေ့ရင်ဆိုင်လိုက်ရသော အဖြစ်ဆန်းအား စဉ်းစားဝေခွဲမရဟန်ဖြင့် လျှိုပေါ်သို့ပြန်တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



''အမေ ဘယ်သွားတာလဲ၊ ခုန ... ဟင်းကောင်ဟိန်းသံ ကြားလိုက်တယ်ဗျ၊ ဒီနားမှာ ဟင်းကောင် ရှိနေပုံပေါ်တယ်''

*အောင်မောင်းသည် သားဖြစ်သူ၏လှမ်းပြောလိုက်သောစကား* ကြောင့် ခုန သူမြင်တွေ့ခဲ့ရခြင်းသည် သူ့ အမြင်မှားခြင်း မဟုတ်မှန်း သတိပြုလိုက်မိသည်။ သို့သော် သူ ရှင်းစာမျှမရသည်က သူ ကြုံတွေ့ခဲ့သည့် လူကြီးသည် ဟင်းကောင်အဖြစ် ပြောင်းလဲသွားသည်ပဲလား။

လူသားစစ်စစ်တစ်ဦးဆိုလျှင်လည်း သူ လှမ်းတွေ့လိုက်သော ဟင်းကောင်ကြီးက ယင်းလူကြီးအား မည်သည့်အတွက်ကြောင့် အန္တရာယ်မပေးသလဲ စဉ်းစား၍မရပါချေ။ အောင်မောင်း အတွေးတွေရှုပ်လာရရင်း သားဖြစ်သူ မိုးကောင်းအား ...

''ကဲ ... မိုးကောင်း အရက်ပုံးထမ်းခဲ့၊ ဟိုဘက် သွားကြမယ်''

မိုးကောင်း အရက်ပုံးအား ထမ်းပြီး ဖခင်ဖြစ်သူနောက်မှ လိုက်ခဲ့လေသည်။

''အမေရာ ဒီအရက်ပုံးကြီးက ဘာကြောင့် သယ်လာရတာလဲ ... လေးက လေးနဲ့ဗျာ''

''အေးလေ ... အဲဒီအကြောင်း သိပ်မကြာခင် မင်းသိလာရမှာပါ ငါ့သားရာ၊ အလုပ်တစ်ခုလုပ်ရင် စိတ်ရှည်စမ်းပါကွ၊ မုဆိုးဆိုတာ စိတ်ရှည်ဖွဲ့သန်မှ သားကောင်ရတာကွ''

သစ်ပင်များကြားသို့ သူတို့ရောက်ရှိလာကြ၏။ တောက အတန်ငယ် ညို့နေလေသည်။ ယင်းအခိုက် သစ်ပင်များထက်မှ ဆူညံသော မျောက်အုပ်တစ်အုပ်အား တွေ့လိုက်ကြရသည်။

'ကွ် .. ကွီး .. ခွီး' ... 'ကွပ် .. ကွပ် .. ကျိ'

မျောက်များမှာ သစ်ကိုင်းများကို ကိုင်လျက်လည်းကောင်း၊ နွယ်ကိုင်းများအား ခိုစီး၍လည်းကောင်း သူတို့အား ငုတ်တုတ် မျက်လုံးအပြူးသား ကြည့်နေကြလေသည်။ သူတို့၏အသွင်သဏ္ဌာန်သည် အောင်မောင်း





နှင့် မိုးကောင်း ဘာလုပ်မလဲဟူ၍ စူးစမ်းနေကြပုံပင်။

အောင်မောင်းသည် သစ်ပင်မြင့်များပေါ်က မျောက်အုပ်စုအား *မသိမသာ မော့ကြည့်အကဲခတ်လိုက်ရင်း သားဖြစ်သူ မိုးကောင်းအား* လေသံတိုးတိုးဖြင့် ...

''မင်း ဒီကောင်တွေကို သွားပစ်ခတ်ဖို့ မကြံနဲ့နော် မိုးကောင်း၊ မင်း ထမ်းယူလာတဲ့ အရက်ပုံးကို အသုံးချဖို့ အချိန်ရောက်ပြီကွ၊ ဝါးတစ်လုံး သွားခုတ်ကွာ ... ဝါးဆစ်ခွက် လုပ်ရအောင်''

'ခွီး .. ကွီး ... ခီး .. ကျိ'

အောင်မောင်းသည် မျောက်အုပ်နှင့်မလှမ်းမကမ်းသစ်ပင်ကြီးတစ်ပင်အောက်၌ စခန်းချရန် ပြင်ဆင်လိုက်သည်။ မိုးကောင်းသည် အနီးရှိ ဝါးပင်တောထဲက ဝါးပိုးဝါးတစ်လုံးခုတ်ကာ ပြန်ရောက်လာ၏။ ပြီးလျှင် ဝါးဆစ်ရေခွက် နှစ်လုံးသုံးလုံးလုပ်လေသည်။

မျောက်အုပ်ကြီးမှာ မျောက်ညိုများဖြစ်သည်။ အနည်းဆုံး အကြီးအသေး အကောင်ဆယ့်ငါးကောင်ရှိပေမည်။ တချို့အကောင်ငယ်များသည် အောင်မောင်းတို့လုပ်ကိုင်သမျှကို သစ်ကိုင်းသစ်ရွက်ကြားကနေ ပြူးကြောင်သောမျက်လုံးများဖြင့် ချောင်းကြည့်နေကြပေသည်။

''မျောက်ဆိုတာ ဉာဏ်ရည်ကောင်းပြီး စူးစမ်းလေ့လာတတ်တဲ့ သတ္တဝါကွ၊ တောထဲမှာ လူတွေလုပ်သမျှ အကုန်လိုက်လုပ်တတ်တယ်၊ သူတို့ကို ပစ်ခတ်ဖမ်းရင် တစ်ကောင်နှစ်ကောင်ထက် ပိုမရနိုင်ဘူး၊ ဒါကြောင့် ရွာကနေ အရက်ဦးရည်ပုံးကြီးကို တပင်တပန်းသယ်လာခိုင်းတာပေါ့ကွာ၊ ကဲ ... အရက်တွေ ဒီဝါးဆစ်ခွက်ထဲ ထည့်''

''ဟာ ... အမေ''

''ငါခိုင်းတာ လုပ်စမ်းပါကွာ ... ပြီးရင် မင်း သိလာမှာပါ''

ဖခင်ဖြစ်သူ၏စကားအတိုင်း ပုံးတွင်းက အရက်ကိုငှဲ့ကာ ဝါးဆစ်ခွက်ထဲ ထည့်လိုက်၏။ ပြီးနောက် အောင်မောင်းက ထမင်းတွေကိုဖြည်

www.burmeseclassic.com



ကာ အရက်ခွက်ကို မော့သောက်လိုက်သည်။

မျောက်များသည် အသံမထွက်ဘဲ သစ်ကိုင်းများကြား ငြိမ်သက်နေလျက် အောင်မောင်းနှင့်မိုးကောင်းတို့လုပ်သမျှ ခိုးကြည့်နေကြလေသည်။ အမှန်တော့ အောင်မောင်းနှင့်မိုးကောင်းတို့မှာ ပထမ ဝါးဆစ်ခွက်၌သာ အရက်ကို အနည်းငယ်သောက်လိုက်ကြပြီးနောက် ခွက်များ၌ပုံးကိုငှဲ့ကာ အရက်ထည့်ဟန်ပြုပြီး သောက်ပြနေခြင်းသာ ဖြစ်သည်။

ပြီးလျှင် စားသောက်စရာအချို့ကို စားသောက်၏။

အတန်ကြာတော့မှ ဦးအောင်မောင်းက မိုးကောင်းအား . . .

"ကဲ . . . ငါတို့ ဟိုဘက်အောက်က လျှိုစပ်သွားကြမယ်"

"ဟာ . . . အဖေ ဒီပစ္စည်းတွေ . . ."

"ဒီအတိုင်း ထားခဲ့လိုက်ကွာ၊ ခဏနေမှ ပြန်လာကြတာပေါ့"

အောင်မောင်းနှင့်မိုးကောင်း လျှိုစပ်သို့ ဆင်းလာခဲ့ကြသည်။ အောင်မောင်းနှင့်မိုးကောင်းတို့နှစ်ဦး ထိုနေရာကနေ ထွက်ခွာသွားသည်နှင့် သစ်ပင်များထက်ကနေ ချောင်းမြောင်းကြည့်ရှုနေသော မျောက်များသည် ဒရောသောပါး ပြေးဆင်းလာကြ၏။ ခုန အောင်မောင်းတို့ ထိုင်နေခဲ့သည့်နေရာသို့ အပြေးရောက်လာ၏။ သည့်နောက် အောင်မောင်းနှင့်မိုးကောင်းတို့ ထားရစ်ခဲ့သည့် စားကြွင်းများကို ကောက်ယူစားပြီး ပုံးကြီးထဲက အရက်များကို အောင်မောင်းတို့ ဝါးဆစ်ဘူးဖြင့် ငှဲ့သောက်သလို တစ်ကောင်ပြီးတစ်ကောင်၊ တစ်ခွက်ပြီးတစ်ခွက် ငှဲ့၍သောက်သည်။ အသံများကလည်း ဆူညံစွာ . . .။

'ချွီး . . ကွီ'

'ချွီး . . ကွီကွီ'

အမှန်တော့ လူသားတို့လုပ်သမျှ မှတ်သားထားပြီး ထိုအတိုင်း ပြန်လည်လုပ်ကြခြင်းဖြစ်လေသည်။ သို့သော် ပုံးထဲက ရှိသည်မှာ ရေမဟုတ်ဘဲ အရက်များသာဖြစ်သောကြောင့် မျောက်များမှာ သိပ်မကြာခင်





အရက်ရှိန်ကြောင့် ဒေါင်ချာစိုင်း မူးဝေကြလေတော့သည်။

အမူးလွန်ပြီး တချို့မျောက်က မြက်ခင်းပေါ် အိပ်ပျော်သွားကြလေ၏။ အချို့က သစ်ပင်ပေါ်ကနေ ပြန်ပြုတ်ကျသည်၊ အချို့သော မျောက်များကမူ ဒယီးဒယိုင်ဖြင့် ပိုးလိုးပက်လက် ဖြစ်နေကြသည်။

တောတွင်း၌ ထိုကဲ့သို့ အသိဉာဏ်ရှိပြီး လျင်လွန်းသော မျောက်ညီမှများမှာ အောင်မောင်း၏လှည့်ကွက်တွင်းသို့ ရောက်ရှိသွားရပေပြီတည်း လူတို့၏ မာယာပရိယာယ် လှည့်စားမှုထောင်ချောက်ထဲသို့ ကျရောက်သွားရခြင်းပင် ဖြစ်လေသည်။

အောင်မောင်းနှင့်မိုးကောင်း ပြန်ရောက်လာသောအခါ မိုးကောင်းသည် မြေပြင်ထက် တုံးလုံးပက်လက် လဲနေကြသော မျောက်အကြီးအငယ်တွေကိုကြည့်လျက် . . .

"ဟာ . . . အဖေ ဒီကောင်တွေ ဘယ်လိုဖြစ်ကုန်တာလဲ"

"အရက်မူးကုန်ကြတာလေ၊ မုဆိုးတစ်ယောက်ဟာ မာယာ ပရိယာယ်လည်း ကျွမ်းကျင်ရတယ်၊ ခုပဲကြည့်လေ . . . ငါတို့ မြားတစ်ချောင်းတောင် မကုန်လိုက်ဘူး မဟုတ်လား၊ ဒါဟာလည်း မုဆိုးပညာတစ်ခုပဲပေါ့ သားရာ၊ ကဲ . . . မင်းမူးနေတဲ့မျောက်တွေကိုဖမ်းပြီး လက်တွေခြေတွေကြိုးနဲ့တုပ်ကွာ၊ အကောင်ငယ်လေးတွေကိုတော့ ထားခဲ့ပါ . . . သနားပါတယ်၊ အမူးပြေရင် သူတို့ဘာသာ ထပြေးသွားလိမ့်မယ်"

"ကျွန်တော်တို့ ဒါဆို မျောက်ချေးခါးနဲ့မျောက်သွေး ကောင်းကောင်းရပြီပေါ့ဗျာ . . . ဟား ဟား"

"ဒါပေါ့ကွာ . . . အဲဒါကြောင့် မင်းကို အရက်ပုံးယူလာခိုင်းတာပေါ့၊ ထူးဆန်းတဲ့ မျောက်ဖမ်းနည်းပေါ့ကွာ . . . ဟဲဟဲ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## ကျားဖြစ်သွားတဲ့လူသား

ရိုးမသည် ညို့မှောင်နေလေသည်။ အဝေးဆီမှ မြင့်မားမှိုင်းပြာသော မဲနယ်ရောင်ရိုးမတောင်တန်းတွေကိုပင် လှမ်းမြင်နေရ၏။ မနက်ခင်း၏နေရောင်ခြည်သည် စိမ့်မြိုင်ထပ်နေသော သစ်ပင်ကြီးများ ကြားကနေ ငွေရောင်အလင်းတန်းများအဖြစ် ထိုးဖောက်ဖြာဆင်းကျနေပေသည်။ တောပန်းတောင်ပန်းရောင်စုံတို့၏ ရနံ့ကလည်း ပျံ့နှံ့ကြိုင်သင်းနေကြ၏။

အမောက်နီနီ တောင်ပံရှည်လျားသည့် ရှားပါးငှက်ရောင်စုံလေးများသည်လည်း သစ်ပင်မြင့်ကြီးများထက်၌ လူးလာခေါက်တုံ့ သီကျူးနေကြသည်မှာ ရိုးမဂီတတစ်ခုပမာ ကြည်နူးစဖွယ်။ မြင့်မားလှသည့် သစ်ပင်ကြီးတွေအောက်ကနေ မုဆိုးသွားတောလမ်းလေးအတိုင်း လူလေးဦး လျှောက်လှမ်းလာကြလေသည်။ ရှေ့ဆုံးက ဦးဆောင်သွားနေသူက ဆလူတောရွာကြီးမှ မုဆိုးဘသောင်ပင် ဖြစ်လေသည်။ သူနှင့်အတူ ရိုးမထဲသို့ ချဉ်းနင်းဝင်ရောက်လာသူတွေကတော့ မုဆိုးဘသောင်၏ တူတော်စပ်သူ ဗညားအောင်၊ တာတီးနှင့် လုကြီးမောင်တို့ဖြစ်သည်။

တာတီးနှင့်လုကြီးမောင်က လျှော်ထုံးရွာသားတွေဖြစ်ပြီး လုကြီးမောင်လက်ထဲမှာမူ ဒူးလေးတစ်လက် ကိုင်ဆောင်ထား၏။ ဗညားအောင်ကမူ ပို့ုင့်တူးတူးရိုင်ဖယ်သေနတ်တစ်လက် ကိုင်ထားသည်။ ဗညားအောင်၏ အပျော်တမ်းငှက်ပစ်သေနတ်ပင် ဖြစ်သည်။ ရိုးမထဲ၌မူ တောတိရစ္ဆာန်





ငယ်လေးများအား ပစ်ခတ်နိုင်သော်လည်း တောကောင်ကြီးများကိုမူ ပစ်ခတ်၍မရချေ။

''ဗျို့ ကိုဘသောင် . . . မရောက်သေးဘူးလားဗျ''

ဗညားအောင်သည် ငယ်စဉ်ကစ၍ ရိုးမဖျားလောက် တောကောင်ပစ်ခတ်ခဲ့ဖူးသော်လည်း ဤမျှခရီးထိတော့ မရောက်ဖူးပါ။ ဒါကြောင့်လည်း မေးလိုက်ခြင်းဖြစ်သည်။ ကိုဘသောင်သည် နောက်သို့လှည့်ကာ မျက်နှာပြင်ထက် ပင်ပန်းလွန်း၍ ရှုံ့မဲ့နေသော ဗညားအောင်၏မျက်နှာကိုကြည့်ပြီး

''ဗညားရာ . . . မင်းကလည်း ပျော့လိုက်တာ၊ ခုခရီးက တစ်ဝက်တောင် မကျိုးသေးဘူး။ မင်းပဲ ဆတ်ပစ်ချင်တာဆို . . . ဆတ်က လက်ပံမြိုင်လောက်မှာမှ ပေါ်တာကွ''

''လက်ပံမြိုင်ကို ကျုပ်ရောက်ဖူးတယ်ဗျ ကိုဘသောင်၊ နောက်ထပ် အတော်သွားရဦးမယ်ထင်တယ်''

လုကြီးမောင်ကလည်း ဝင်ပြောသည်။ လုကြီးမောင်က ရဲဖန်ရဲခါ ရိုးမပေါ်သို့တက်၍ သစ်ခုတ်ဝါးခုတ် အမဲပစ်အလုပ်ကို ရဲဖန်လုပ်ကိုင်တတ်သည်။ ထိုကြောင့်လည်း တောအတွေ့အကြုံရှိသည်ဟု ဆိုရပေမည်။ ဗညားအောင်ကမူ သူစိမ်းသက်သက် . . .။

ဒီမနက် ဗညားအောင်သည် ရိုးမပေါ်တက်၍ ဆတ်ပစ်ချင်သည်ဆို၍ ဆလူတောရွာမှ မုဆိုးကိုဘသောင်ကို အကူအညီတောင်း၍ ရိုးမထဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ရိက္ခာကို အပြည့်အစုံယူလာခဲ့သည်။

ရိုးမပေါ်ရှိ လက်ပံမြိုင်သစ်စခန်းမှာ ကိုဘသောင်၏မိတ်ဆွေတွေရှိသည်။ ဗညားအောင်သည် သူ့စိတ်ကြိုက် အမဲပစ်ပြီးမှ ပြန်ဆင်းမည်ဟု ကြံစည်ထားသည်။ ဒါကြောင့်လည်း စားစရာသောက်စရာကစ၍ ရိက္ခာအပြည့်အစုံ ယူလာခဲ့ခြင်းဖြစ်သည်။ တစ်နေရာသို့အရောက်တွင် ရှေ့ကနေသွားနေသော ကိုဘသောင်၏ခြေလှမ်းအစုံ ရပ်သွား၏။

ဗညားအောင်က နောက်ပါးမှ ကပ်လျက်ပါလာသူမို့ ကိုဘသောင်



www.burmeseclassic.com

www.burmeseclassic.com



၏ အမူအရာကို သတိပြုမိဟန်ဖြင့် ...

"ဘာလဲ ကိုဘသောင်"

"ရှေ့ဘက်မှာ တောတိုးသံကြားတယ်၊ လူလား, တောကောင်လားမသိဘူး။ မင်းတို့ မပစ်ခတ်နဲ့နော် ... တော်ကြာ လူဆို ခက်လိမ့်မယ်"

အားလုံးငြိမ်သက်သွားကြသည်။ မုဆိုးဘသောင်၏အကြည့်သည် ရှေ့ဘက်ရှိ ဝါးတောစပ်သို့သာ စိုက်ကြည့်နေလျက်။ ကြီးမားသော သူ၏ ဒူးလေးလေးလုတ်ပေါ် လက်ကမူ အသင့်၊ တောတိုးသံသဲ့သဲ့နှင့်အတူ ဝါးတောစပ်ချုံကွယ်ကနေ အမှတ်မထင် လူတစ်ယောက် လှမ်းထွက်လာလေသည်။ မုဆိုးဘသောင် ပါးစပ်ဟ သွား၏။

"ဟာ ... ကောင်းစံ"

ထွက်လာသူမှာ မုဆိုးကောင်းစံဖြစ်နေ၍ ဘသောင်သည် ဒူးလေးအား အောက်သို့ချလိုက်ပြီး သက်ပြင်းရှိုက်လိုက်မိ၏။ ကောင်းစံကလည်း မုဆိုးဘသောင်တို့အား မြင်သွားဟန်ဖြင့် သက်ပြင်းရှိုက်လိုက်မိ၏။

"ဟင် ... ဘသောင်တို့ပါလား"

"တော်သေးတာပေါ့ ကောင်းစံရာ၊ ငါက တောသံကြားလို့ ချေလား, ဆတ်လား ထင်နေတာ၊ ဟူး ... ကံကောင်းလို့ပေါ့ကွာ"

"မင်းပစ်လည်း ငါခံလိုက်ရုံပေါ့ကွာ ... ဟား ဟား"

မုဆိုးကောင်းစံက ရယ်မောရင်း ဆလူတောရွာသား မုဆိုးဘသောင်တို့ထံ လှမ်းလျှောက်လာ၏။ မုဆိုးဘသောင်နှင့်မုဆိုးကောင်းစံတို့နှစ်ဦးမှာ မုဆိုးချင်းဖြစ်၍ ခင်မင်ရင်းနှီးကြလေသည်။

ဘသောင်၏နံဘေးမှ တာတီးနှင့်လှကြီးမောင်တို့တွေ့လိုက်ရ၍ ကောင်းစံ မျက်မှောင်ကြုတ်သွားရ၏၊ စိတ်ထဲမှာလည်း အံ့သြသွားရသည်။

"တာတီးတို့, လှကြီးမောင်တို့ပါလား ...မင်းတို့က ရှိုးမထဲ ဘာလာလုပ်တာလဲ၊ မုဆိုးကိုဘသောင်နဲ့ ပါလာသလား"

"ရှိုးမထဲလာတာ အမဲပစ်ဖို့ပေါ့ဗျ၊ ဘာလဲ ... ခင်ဗျားပိုင်တဲ့





တောလား"

"ဟုတ်သားပဲဗျာ ကိုကြီးကောင်းစံကလဲ ... ကျုပ်တို့ အမဲလိုက်မလို့ဗျ"

လှကြီးမောင်ကပါ ဝင်ပြောလိုက်၍ ကောင်းစံ မျက်နှာတည်သွားသည်။ ပြီးတော့မှ ...

"မသိပါဘူးကွာ ... ငါက မင်းတို့ တစ်ခါမှ အမဲလိုက်တာ မတွေ့ဖူးလို့ အံ့သြသွားတာ၊ အေးလေ ... သတိနဲ့သွားကြပေါ့ကွာ၊ ငါက ကိုယ့်ရွာသားအချင်းချင်းမို့ သတိပေးတာ ဘသောင်ရေ ... သွားမယ်ဟေ့"

"အေး ကောင်းစံ ... ကောင်းပြီ"

မုဆိုးကောင်းစံသည် ဘသောင်အား နှုတ်ဆက်ရင်း တစ်ဖက်သို့ ဆက်လျှောက်သွားလေသည်။ ကိုဘသောင်တို့လူစုလည်း လက်ပံမြိုင်ခေန်းဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့လေတော့သည်။

"နားကြမယ်ဟေ့ ... စားပြီးမှ လက်ပံမြိုင်ကို ခရီးဆက်ကြတာပေါ့ ကိုဘသောင်ရာ၊ အမဲပစ်ချင်လို့ ရှိုးမထဲ လာပါတယ်ဆိုမှ ခုထိ သားကောင်ဆိုလို့ မူးလို့ရှူစရာမတွေ့ဘူး ... ဟူး"

အားလုံး ခြေပစ်လက်ပစ်နားလိုက်ကြ၏။ ဗညားအောင်က ...

"တာတီး ရေသွားရှာချည့်ကွာ"

သူတို့ပါလာသော ရေဘူးအချို့မှာ တစ်လမ်းလုံးသောက်လာ၍ ကုန်သွားပေပြီ၊ ဗညားအောင်၏စကားကြောင့် တာတီးသည် ရေဘူးနှစ်ဘူးဆွဲကာ လျှိုကုန်းလေးအောက်ဘက်သို့ ဆင်းလာခဲ့သည်။

လျှိုအောက်၌ အတော်အတန်ကြီးမားသော ကျောက်စိမ့်အိုင်ငယ်းတစ်ခုတွေ့၍ တာတီးပျော်သွား၏။ ထိုစဉ် ...

'ဖျောက်'

ရုတ်တရက် နောက်ဘက်မှအသံကြောင့် တာတီးလန့်ဖျပ်သွားပြီး ချာခနဲလှည့်ကြည့်လိုက်မိသည်။ တာတီး၏ အနောက်ဘက်ခြုံနွယ်၌



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကမ်းပါးယံကြီးတစ်ခုပေါ်မှာ ရပ်နေသော အဝါစင်းကြား ဟင်းကောင်ကြီးကို လှမ်းတွေ့မြင်လိုက်ရသည်။ တာတီး အသက်ရှူရပ်တန့်မတတ် ထိတ်လန့်သွားမိသည်။ အူတုန်အသည်းတုန် ဖြစ်သွား၏။

ရေခပ်ဆင်းလာခြင်းသာဖြစ်၍ တာတီးတွင် ဒူးလေးယူမလာခဲ့ချေ။ သူ ဒီနေရာကနေ အော်ဟစ်အသံပြုလိုက်ပါကလည်း လျှို‌ပေါ်၌ရှိသော မုဆိုးကိုဘသောင်တို့ ကြားမည်မထင်။ ချက်ချင်း တာတီး တဆတ်ဆတ်တုန်ကာ ဇောချွေးများပြန်လာ၏။ ဟင်းကောင်ကြီးကမူ သူ့ကို မျက်လုံးစိမ်းပြာကြီးတွေဖြင့် စိုက်ကြည့်ရင်း ချက်ချင်း ဖျတ်ခနဲ မြင်ကွင်းကပျောက်ကွယ်သွားလေတော့၏။ ယင်းအနိုက်မှာပင် ...

"ဟင် ... ဗုဒ္ဓေါ"

တာတီးမြင်တွေ့လိုက်ရသည်မှာ ခုန ဟင်းကောင်ကြီးရှိနေခဲ့သောနေရာမှာ အညိုရောင်အရိပ်သဏ္ဍာန်တစ်ခု။ တာတီး သေချာကြည့်လိုက်သောအခါ အညိုရောင်ဝတ်စုံကြီးအား ဝတ်ဆင်ခြုံလွှမ်းထားလျက် ကျောလယ်ထိ ဖွာရာကျဲလွင့်နေသော ဆံနွယ်ရှည်ကြီးဖြင့် ရပ်နေသည့်လူကြီးတစ်ယောက်။ ဟင်းကောင်ကြီး မဟုတ်တော့ပြန်ပါပေ။

ထိုစဉ် ကျယ်လောင်သော ကျားဟိန်းသံကြီးတစ်သံက ထွက်ပေါ်လာလေတော့သည်။ ကျယ်လောင်လွန်း၍ တစ်တောလုံး ညံဆူသွားလေတော့သည်။

'ဝေါင်း'

'အောင်မလေးဗျ'

တာတီး နှုတ်ကနေ အသံကုန်ဟစ်အော်ရင်း စမ်းအိုင်လေးနံဘေးကနေ လျှိုထက်သို့ အတင်းပြေးတက်လာမိတော့သည်။ နောက်သို့ လှည့်ပင် မကြည့်ရဲတော့။

မုဆိုးဘသောင်သည် ကျားဟိန်းသံကြီးထွက်ပေါ်လာသဖြင့် နားစွင့်လိုက်မိစဉ် လျှိုလမ်းစဉ်အတိုင်း အသက်လုပြေးလွှားလာသည့် တာတီး





အဖြစ်ကို မြင်တွေ့လိုက်ရလေသည်။ ချက်ချင်း ဒူးလေးကို ကောက်ကိုင်လိုက်မိ၏။ တစ်ဆက်တည်း ...

"တာတီး ဘာဖြစ်လာတာလဲ"

"ကို ... ကိုဘသောင်"

တာတီး၏မျက်နှာက သွေးမရှိတော့သလို ဖြူဆွတ်နေပြီး ထိတ်လန့်ချောက်ချားမှုက အထင်းသား။ မုဆိုးဘသောင်သည် တောအတွေ့အကြုံကြွယ်ဝသူပီပီ တာတီးတစ်ယောက် အောက်လျှိုထဲ၌ ကြောက်လန့်ဖွယ်ရာ တောကောင်တစ်ကောင်ကောင်နှင့် ကြုံတွေ့လာခဲ့ပြီမှန်း ရိပ်စားမိလိုက်သည်။ ခုနကျားဟိန်းသံလည်း သူ ကြားလိုက်ရသေးသည်။

အသက်ကိုလုယက်ရှူနေသော တာတီးအား သိချင်ဇောဖြင့် အလျင်အမြန်မေးလိုက်၏။

"တာတီး ... မင်း ဟင်းကောင်နဲ့တွေ့လာလို့လား ... ဘာဖြစ်တာလဲ"

"တွေ့ ... တွေ့တာပေါ့ဗျာ၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူးဒါပေမဲ့ ကျုပ်ကို တောခြောက်လိုက်တာဗျ၊ ကျုပ်မျက်စိရှေ့မှာတင် ဟင်းကောင်ကြီးကနေ လူ ... လူဖြစ်သွားတယ်ဗျ"

"ဟာ ... အဓိပ္ပာယ်မရှိတာ"

"ဟုတ်ရဲ့လား တာတီးရာ"

"ကဲ ... ငါ့ကို အေးအေးဆေးဆေး ပြောပြစမ်း တာတီး"

"ဒီ ... ဒီလိုဗျ ကိုဘသောင်ရ"

တာတီးသည် သူကိုယ်တိုင်မြင်တွေ့လိုက်ရသော မြင်ကွင်းအားအစအဆုံးပြောပြလိုက်လေတော့သည်။ သူ၏စကားဆုံးတော့ မုဆိုးကိုဘသောင်ရော၊ ဗညားအောင်နှင့် လူကြီးမောင်ပါ မျက်မှောင် အသီးသီးကြုတ်သွားကြလေသည်။ တာတီး၏စကားက အဓိပ္ပာယ်မရှိ။

ဗညားအောင်က မယုံသလို ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားက အဓိပ္ပာယ်မရှိပါဘူး တာတီးရာ . . . ကျွတ်"

"ဗညားရာ ငါ . . . ငါက လိမ်ပြောရမလားကွာ၊ ငါတွေ့တာ ဟင်းကောင်မှ ဟင်းကောင်ကြီးအစစ်၊ ဒါပေမဲ့ ချက်ချင်း အညိုရောင်ဝတ်ထားတဲ့လူကြီးတစ်ယောက်အဖြစ် ငါ့မျက်စိရှေ့တင် ပြောင်းသွားတာ၊ သူ့မျက်လုံးတွေက စိမ်းပြာနေတယ်၊ ကျားမျက်လုံးမှ ကျားမျက်လုံးအစစ်ကွ"

"မင်း တကယ်တွေ့ခဲ့တာနော် တာတီး"

"ဟာ . . . တကယ်ပါဆိုမှဗျာ"

"ဒါဆိုရင် အဲဒီ မင်းရေဆင်းခပ်တဲ့စိမ့်အိုင်ဆီ ငါတို့သွားမယ်၊ ဒါပေမဲ့ သတိဝီရိယရှိကြဟေ့"

မှဆိုးဘသောင်ကပြောပြီး လျှိုစပ်သို့လမ်းလေးအတိုင်း ဆင်းသွားသဖြင့် တာတီးအပါအဝင် အားလုံးလိုက်သွားကြလေ၏။ စောစောက တာတီးရေခပ်ခဲ့သည့် စိမ့်အိုင်လေးအနီးသို့ ရောက်ရှိလာကြသည်။ ရေစပ်၌ တာတီးကျန်ခဲ့သော ရေဘူးနှစ်ဘူးကို တွေ့ရ၏။

"ဟို . . . ဟော . . . ဟောဟို ကမူစွန်းပေါ်မှာ တွေ့တာ"

အပေါ်ကုန်းကမူစပ်လေး၌ မည်သည့်အရာကိုမျှ မတွေ့ရပါချေ။ သို့သော် . . .

"ဟင်"

"ဟာ . . . ဟင်း . . . ဟင်းကောင်ခြေရာပဲ"

ကျောက်ကမ်းပါးယံ မြေပွသည့်ကုန်းကမူလေးထက်မှာ လတ်လတ်ဆတ်ဆတ် ကြီးမားသည့်ဟင်းကောင်ကြီး၏ခြေရာကို အားလုံး မြင်တွေ့လိုက်ကြရသည်။ ဒါပေမဲ့ သူတို့အားလုံးကို မှင်တက် အံ့သြသွားစေခဲ့သည်မှာ ဟင်းကောင်ကြီး၏ခြေရာနှင့် လူသားတစ်ယောက်၏ခြေရာများ ရောထွေးနေခြင်းပင်ဖြစ်လေသတည်း။

❊ ❊ ❊



## သမန်းကျားတကယ်ရှိသလား

လက်ပံမြိုင်သစ်ခုတ်စခန်းလေးသည် ရိုးမ၏အမှောင်ဝတ်ရုံအောက်၌ ငြိမ်သက်နေလေသည်။ စခန်း၌ သစ်ခုတ်တဲက လေးလုံးသာရှိပြီး ယင်းတဲများ၏အလယ်၌ ထိန်ထိန်ညီးနေသောမီးဖိုကြီးတစ်ခု ဖိုထား၏။

ကြီးမားသည့် ထင်းစကြီးများကို တောက်လောင်နေသည့် မီးအရှိန်ကြောင့် ပတ်ဝန်းကျင်အမှောင်ထုကို လင်းကျင်းပြီး မြင်တွေ့နေရုံမျှမက တစ်စထက်တစ်စ စိမ်းမြအေးသက်လာသည့် ရိုးမအအေးကိုလည်း ကာကွယ်နိုင်သည်။ ယင်းအပြင် ဖိုထားသည့် မီးဖိုကြီးများ၏အလင်းရောင်ကြောင့်လည်း ညတောကောင်ကြီးများ စခန်းအနီးသို့ မကပ်ဝံ့ကြတော့ပေ။ တစ်ခါတစ်ရံ တောကောင်ကြီးများအား ခြောက်လှန့်သည့်အနေဖြင့် ဝါးပိုဝါးဆစ်ပိတ်များအား မီးထဲထည့်ဖောက်လေသည်။

'ဖောင်း . . ဒိုင်း'

မီးလင်းဖိုကြီးနံဘေးရှိ ဝါးကွပ်ပျစ်ပေါ်မှာတော့ လက်ပံမြိုင်စခန်း၏သစ်ခုတ်သမား ဦးထော်နှင့် မုဆိုးဘသောင်တို့လေးယောက်သား ယားကာဝိုင်းဖွဲ့နေကြလေသည်။ ကျန်သစ်ခုတ်သမားများကမူ အလုပ်ပင်ပန်း၍ အိပ်စက်ကုန်ကြလေပြီ။

မီးဖိုတွင်းက ဝါးဆစ်ပေါက်သံများက ရံဖန်ပေါ်ထွက်လာနေ၏ ဦးထော်က . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့တွေ့ခဲ့ကြတာ ဟုတ်မှဟုတ်ရဲ့လား ဘသောင်"

"ကျုပ်လည်း အဲဒါကို စဉ်းစားနေတာပဲ ဘထော်၊ တာတီးပြောတာ မယုံလို့ ကိုယ်တိုင်သွားကြည့်တာ အဲဒီဟင်းကောင်ခြေရာကို တွေ့ခဲ့တာ၊ အဲ ... ဒါပေမဲ့ ပြန်ထွက်သွားတဲ့ ဟင်းကောင်ခြေရာကနေ လူခြေရာတွေ တွေ့ဆိုတော့"

မုဆိုးဘသောင်သည် အရက်ခွက်ကို ပြန်ချလိုက်မိသည်။ သစ်စခန်းရှိ ဓားခေါင်းကြီးဦးထော်က တစ်စုံတစ်ရာကို စဉ်းစားနေဟန်ပြုပြီးမှ

"ခုတစ်လော ရိုးမထဲမှာ ထူးဆန်းတဲ့သတင်းတစ်ခု ထွက်နေတယ်ကွ ဘသောင်"

"ဘာသတင်းများလဲ ဘထော်ရ"

"ငါကတော့ သိပ်မယုံချင်ပါဘူးကွာ၊ ဒါပေမဲ့ မင်းကိုပြောခဲ့တဲ့ လူကနေ ကျားအသွင်ပြောင်းသွားတဲ့အဖြစ်ကိုတော့ မင်းတို့လိုပဲ ကြုံတွေ့ရတဲ့သစ်ခုတ်သမား သုံးလေးဦးရှိပြီကွ၊ အဲဒီလူတွေကတော့ သမန်းကျားလို့ ယုံကြည်နေကြတယ်"

"ဗျာ"

"သ ... သမန်းကျား ... ဟုတ်လား"

ဓားခေါင်းကြီးဦးထော်၏စကားကို မုဆိုးဘသောင်တင်မက ဗညားအောင်နှင့်တာတီးတို့ပါ မျက်လုံးမျက်ဆံပြူး အံ့သြသွားကြလေသည်။ သမန်းကျားအကြောင်းကို မုဆိုးဘသောင်ရော၊ ဗညားအောင်တို့ပါ ကြားဖူးနားဝရှိသည်။

"တာတီး"

"ဗျာ"

"မင်းတွေ့ခဲ့တယ်ဆိုတဲ့လူကြီးက အညိုရောင်ဝတ်စုံကြီးနဲ့ မဟုတ်လား"

"ဟာ ... ဟုတ် ... ဟုတ်တယ် ဘထော်၊ အဲဒီအတိုင်းပဲဗျ"





တာတီးသည် ကမန်းကတန်း ပြောလိုက်သည်။ သူ မျက်မြင်တွေ့လိုက်သည်မှာလည်း ယင်းလူကြီးသည် အညိုရောင်ဝတ်စုံကြီး ဝတ်ဆင်လျက် ရှည်လျားသော ဆံပင်မုတ်ဆိတ်ဖြူကြီးများဖြင့် ယောဂီကြီးလိုလို ဆာဒူးကြီးလိုလိုပုံစံမျိုး ဖြစ်သည်။ ပြီးတော့ ထိုလူကြီး၏မျက်ဝန်းအစုံကလည်း သေးငယ်ကျဉ်းမြောင်းလျက်၊ တာတီး၏စိတ်ထဲ၌ အရောင်အလျှံတွေထွက်နေသည့်ဟု ထင်မြင်မိသည်။ ထူးဆန်းတာတော့အမှန်ပင်။ ဦးထော်ကြီးပြောသလို သမန်းကျားပင်များလား မသိချေ။ မုဆိုးဘသောင်က

"ဘထော်ပြောတဲ့ သမန်းကျားတော့ ဟုတ်နိုင်မယ် မထင်ပါဘူးဗျာ၊ သမန်းကျားဆိုတာ ဒီခေတ်ကြီးထဲမှာ ရှိရောရှိသေးလို့လားဗျ၊ ကျုပ်ကြားဖူးတာတော့ ဟိုးအထက် ယောနယ်ကွေ့ဘက်မှာပဲ ရှိတယ်ဆို"

"ဒီလိုတော့ ပြောလို့မရဘူး ဘသောင်၊ သမန်းကျားဆိုတာကို ငါလည်း ငယ်စဉ်ထဲက လူကြီးတွေပြောလို့ ကြားခဲ့ဖူးတာ၊ ဒီရိုးမကြီးထဲ ငါ သစ်ခုတ်လာတာပဲ ကြာလှပြီ ... သမန်းကျားကို တစ်ခါမှ မတွေ့ဖူးပါဘူးကွာ၊ ခု သမန်းကျားဆိုတော့ မခက်ပေဘူးလား၊ မဖြစ်နိုင်ပါဘူးကွာ"

"ဒါဆို ကျွန်တော်တို့တွေ့တဲ့ ကျားခြေရာကနေ လူခြေရာ ဖြစ်သွားတာကရော ဘယ်လိုစဉ်းစားမလဲ ဘထော်ရ"

"အေး ... အဲဒါကို ငါလည်း စဉ်းစားရကြပ်နေတာပေါ့ကွာ၊ ပြီးတော့ မင်းတို့က ခုမှကြုံဖူးတာလေ၊ သစ်ခုတ်သမားသုံးလေးယောက်က ကိုယ်တိုင်ကြုံတွေ့ဖူးလို့ ငါ့ကိုပြောပြတာ၊ သူတို့အပြောကတော့ သူတို့ မျက်စိရှေ့မှာတင် လူကြီးက ဟင်းကောင်အဖြစ် ပြောင်းလဲသွားတာလို့ ပြောကြတယ်၊ ဒါပေမဲ့ တစ်ခုထူးဆန်းတာက သူတို့ကို အန္တရာယ်မပြုတာတဲ့ကွ၊ ဟင်းကောင်ဆိုရင် တိုက်ခိုက်ရမှာမဟုတ်လားကွ၊ ခဏစ္စာက တွေ့ပြီး ပျောက်သွားတာကွ၊ မင်းတို့ကြုံခဲ့တဲ့အတိုင်းပဲ"

"ဟူး"

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## လူထူးဆန်းကြီးနှင့် တောချောက်ခြင်း

မုဆိုးဦးအောင်မောင်း ဒူးလေးထမ်းလျက် ရွာလမ်းအတိုင်း လျှောက်လာ၏။ နေရောင်ခြည်က အရှေ့လောကဓာတ်မှ ဖြာဆင်းလာနေပြီဖြစ်သည်။ ဒီနေ့ သွားနေကျတောတွေဘက်မသွားဘဲ လက်ပံမြိုင်ဘက်သို့သွားမည်ဟု မုဆိုးအောင်မောင်းတွေးနေမိသည်။

လက်ပံမြိုင်တောက ပိုနက်၍ သားကောင်ပေါမှလသည်။

ထိုစဉ် ရှေ့ကနေ ယျော်ထုံးကြီးထမ်းကာလာနေသော လူခင်ကို တွေ့လိုက်ရသည်။

"မုဆိုးကြီး . . . အမဲပစ်သွားပြီလားကွ"

"အေး . . . လူခင်၊ မင်း လျှော်ခုတ်ပြန်လာတာလား"

"အေးလကွာ သုံးစရာလေးလိုလို့ ငါ ရှိုးစပ်မှာ ကောင်းစံနဲ့တောင် ဆုံသေးတယ်၊ ဒီကောင်ကတော့ မင်းထက် ဝီရိယကောင်းတယ်ဟေ့ မုဆိုးပီသပါပေရဲ့ . . . ဟား ဟား"

"ကျွတ် . . . ဒီကောင့်အကြောင်း မပြောစမ်းနဲ့ကွာ၊ ငါ မကြား ချင်ဘူး လူခင်"

ကောင်းစံဆိုသောအမည်ကို ကြားလိုက်ရသဖြင့် မုဆိုး ဦးအောင် မောင်း၏မျက်နှာသည် ခက်ထန်ဟင်းမာသွားသလို လူခင်ကိုလည်း လေသံ ပြတ်ပြတ်ဖြင့် ပြောလိုက်သည်။



ဒီတော့မှလည်း ဦးလူခင် သဘောပေါက်သွားမိသည်။ ဟုတ် သည်လေ၊ ယခင်က မုဆိုးကောင်းစံသည် မုဆိုးအောင်မောင်း၏ တပည့် ဖြစ်သည်။ လွန်ခဲ့သော လေးငါးလကစ၍ ကောင်းစံသည် မုဆိုးဦးအောင် မောင်းနှင့် အတူတကွ အမဲမလိုက်တော့ဘဲ ကတောက်ကဆစကားများ ကြသလို ဘာလိုလိုနဲ့ကြားရကာ သူ့ဘာသာသူ အမဲလိုက်လေတော့သည်။

အဲသည်ကတည်းက မုဆိုးဦးအောင်မောင်းနှင့်ကောင်းစံတို့ အခေါ်အပြောမလုပ်ကြသည်မှာ ကြာသွားလေပြီ၊ ဒါကို ရွာထဲက ရိပ်စားမိ ကြသည်။ သို့ရာတွင် မည်သို့မျှတော့ မဝေဖန်ကြပါ။

"အေးပါကွာ . . . ငါတောင်းပန်ပါတယ်၊ မေ့ပြီး လွှတ်ခနဲ ထွက် သွားတာကွ၊ မင်း အမဲရလာရင် ငါ့အိမ်ဖို့လည်း တစ်တွဲချန်ထားလိုက်ဦး နော် အောင်မောင်း"

"အေး . . . ရမယ် . . . ငါ ကိုမိုးကို ပို့နိုင်းလိုက်မယ်"

မုဆိုးဦးအောင်မောင်းက လူခင်အား နှုတ်ဆက်ပြီး ရိုးမစပ်ဆီသို့ ဆက်၍လျှောက်လာခဲ့လေသည်၊ ဦးအောင်မောင်း လမ်းသာလျှောက်နေရ သည်။ စိတ်တွင်းကတော့ စောစောက လူခင်ပြောသွားသည့်အကြောင်း ကြောင့် ခံပြင်းနေမိတာအမှန်။

"အလကား . . . မုဆိုးပညာလေး မတောက်တခေါက်နဲ့ ဒီကောင့် ကိုယ်ဒီကောင် မုဆိုးဖြစ်ပြီထင်တဲ့ကောင်၊ ကျေးဇူးတရား နားမလည်ဘူး"

ကောင်းစံတစ်ယောက် သူ့ဘာသာသူ သီခြားအမဲပစ်ခွင့် တောင်း ပြီးနောက် အောင်မောင်းထံသို့ နှစ်ကြိမ်သုံးကြိမ်လာရောက်၍ တောင်းပန်ပါ သေးသည်။ သို့သော် စိတ်ကြီးသော ဦးအောင်မောင်းသည် မည်သူတော့ ညှော်မျှပိုင်း၍ နားချစေကာမူ ဟင်ဆိုရင် ကရင်ထက်ဆိုးသည်ဆိုသော လူစားမျိုး . . .

သူ သင်ကြားပြသပေးသော မုဆိုးပညာဖြင့် သူ့အပေါ် မာန်တက် ပြီး အာခံကာ သီးခြားပြိုင်ဆိုင်သည်ဟုထင်သည့် သူ့အထင်ကိုအစ်ပြားမှ



www.burmeseclassic.com

www.burmeseclassic.com



မလျှော့။ လက်မခံ။

ကောင်းစံနှင့်ရည်ငံနေသော ဆွေမျိုးနီးစပ်တော်သူ ညိုစိမ့်ပြော ဆိုကာ တောင်းပန်သည်ကိုတောင် အောင်မောင်း၏ခံပြင်းစိတ်က မယိုင် မလဲ။

ဒီကတည်းက တစ်ရွာတည်းနေပြီး ယခင်က တူသားနှယ် သံ ယောဇဉ်ကြီးခဲ့ရသော ကောင်းစံနှင့် အောင်မောင်း တစ်စစ စိမ်းသက်သွား ရလေဟော့၏။

တစ်ခါတစ်ရံ ရွာထဲ၌ မျက်နှာချင်းဆိုင်မတော်တဆ ဆုံတွေ့လျှင် တောင် အောင်မောင်းသည် ဦးစွာ မျက်နှာလွှဲ၍ အခြားလမ်းက တိမ်း ရှောင်သွား၏။ မျက်နှာချင်းမဆိုင်လို၊ သားဖြစ်သူ မိုးကောင်းကိုလည်း။ ။

"လူဆိုတာ ကျေးဇူးရှိမှ ကျေးဇူးဆပ်တာကွ၊ သူတောင်းစား ထမင်း ဝရင် အဝှာဖြစ်တယ်ဆိုတာ ဒီကောင်လိုမျိုးပေါ့ကွာ၊ ငါ ခံပြင်းတာက ငါမွေးတဲ့မျောက် ငါ့ကိုပြန်ခြောက်လို့ ခံပြင်းနေတာကွ၊ မခင်သွယ် နေမ ကောင်းတာတို့ ညိုစိမ့်နဲ့ယူဖို့ ငွေကြေးလိုတာတို့ဆိုတာတွေက သက်သက် အကြောင်းပြတာပဲ၊ ဒီကောင်ကိုယ်၌က သူ့ကိုယ်သူ မှဆိုးဖြစ်ပြီလို့ ဘဝင် မြင့်သွားတာ၊ မင်းလည်းကြားစာ၊ မိုးကောင်း၊ ဒီကောင့်ထက် မုဆိုးပညာမှာ ဆရာတစ်ဆူဖြစ်အောင်လုပ်၊ ဂူတစ်ဂူထဲမှာ ခြသေ့နှစ်ကောင် နေရိုးထုံးစံမရှိ ဘူး"

ဟု ပြောခဲ့သည်။ သည့်နောက် မိုးကောင်းကိုလည်း မုဆိုးပညာ ပိုကျွမ်းကျင်သထက်ကျွမ်းကျင်အောင် တစ်ယောက်တည်း အမဲပစ်ခိုင်း လေတော့သည်။ ဒီကြားထဲ တစ်ရံတစ်ခါ သူပင် သားကောင်မရသောနေ့ များ၌ ကောင်းစံ သားကောင်ရလာသည်ဟုကြားလျှင် ပို၍ခံပြင်းဒေါသ စိတ်က ရင့်ထဲမွှေနှောက်လာပြန်သည်။ ဤသည်ကပင် ကောင်းစံက မုဆိုးအရာ၌ သူ့ထက်ပညာတော်နေသည်ဟု ထင်မြင်စရာပင် မဟုတ်ပါ လား။ ထို့ပြင် ကောင်းစံက ရွာထဲ၌ အသားများကို ဈေးသက်သာစွာ





ရောင်းချခြင်းကလည်း အောင်မောင်းထက် ပို၍ စေတနာကောင်းသည်ဟု ရွာထဲ၌ ဝုံကြွားခြင်းပင် မဟုတ်ပါလား။

"တောက်"

တဖြည်းဖြည်းနှင့် တောက နက်ရှိုင်းလာသည်။

အောင်မောင်း စမ်းချောင်းတစ်ခုအနားသို့ ရောက်ရှိလာသည်။ တစ်မနက်ခင်လုံး တောင်ကြောတွေဖြတ်၊ လျှိုတွေဆင်းသက်လိုက်ဖြင့် သူ့တစ်ကိုယ်လုံး ပေကျံလျက် ပင်ပန်းနွမ်းနယ်ကာ ဗိုက်ကလည်း အလွန် ဆာလောင်နေလေပြီ၊ စမ်းချောင်းလေးအစပ်မှာ အောင်မောင်းနားလိုက်၏။

ထိုစဉ် နားပါးသော အောင်မောင်း၏အကြား၌ လှုပ်ရှားသံတစ်ခု၊

အောင်မောင်း၏မနောစိတ်က ချက်ချင်းသိလိုက်၏၊ ယည်လှုပ် ရှားသံက သားကောင်၏လှုပ်ရှားသံ။ ချက်ချင်း ဒူးလေးအား အသင့်ပြင် လိုက်မိသည်။

သူ၏ရှေ့တည့်တည့်မြင်ကွင်းတွင်းသို့ ဘာသာဘာဝ ပျော်မြူးစွာ ပြေးလွှားခုန်ပေါက်၍ ဝင်လာသည်က သမင်ဖိုမမောင်နှံနှစ်ကောင်။

အောင်မောင်း လှိုက်ခနဲ ဝမ်းသာသွားမိသည်။ သမင်နှစ်ကောင် သည် စမ်းချောင်းစပ်၌ ရေသောက်နေကြလေသည်။ အောင်မောင်း သူ၏ ပစ်မှတ်ကို သမင်ဖိုအား ချိန်ရွယ်လိုက်လေသည်။

'ဝှစ် ။ ဒုတ်'

ရုတ်တရက် သမင်ဖိုသည် လှုပ်ရှားသွားသဖြင့် သူ၏ပစ်မှတ်သည် လွဲသွားရလေသည်။

သေကွင်းသေကွက်ကိုမထိဘဲ ပေါင်သို့သာ မြားတံစူးဝင်သွား သဖြင့် သမင်ဖိုရော သမင်မပါ လှစ်ခနဲ စမ်းချောင်းအထက် ဝါးတော ဘေးသို့ ခုန်ပေါက်ထွက်ပြေးသွားလေ၏။

အောင်မောင်း နေရာကနေ ရုတ်ခြည်းထပြီး သမင်နှစ်ကောင် ထွက်ပြေးရာနောက်သို့ ပြေးလိုက်သွားလေသည်။ ဒဏ်ရာရသွားသော



www.burmeseclassic.com

www.burmeseclassic.com



သမင်ဖိုသည် ဝေးဝေးသို့ မပြေးနိုင်မှန်း အတွေ့အကြုံအရ အောင်မောင်း သိသည်။

ဒဏ်ရာကနေ စီးကျခဲ့သော သွေးစက်များကြောင့် ခြေရာခံလိုက်ရသည်မှာ သိပ်မခက်ခဲလှ။ သွေးစက်များသည် လျှိုပြန့်တစ်ခုအားဖြတ်ပြီး စိမ်းညို့နေသော ဝါးတောကြီးတစ်ခုတွင်းသို့ ဝင်သွား၏။ ထူထပ်စွာပိတ်ဆို့ပေါက်ရောက်နေသည့် ဝါးပင်ကိုင်းခက်များအား ကျော်လွှားကာ ခြေလှမ်းသွက်လက်စွာ လိုက်ခဲ့၏။

ဝါးရုံတောကြီးမှာ ညို့ဆိုင်းနေပြီး ဂူကြီးတစ်ခုသဖွယ် နေပြောက်မထိုးနိုင်အောင်ပင် မှိုင်းညို့ရိပ်မှောင်နေသည်။ ရုတ်တရက် ရှေ့၌ လူသွားလမ်းဖုံဖုံလေးအား လှမ်းတွေ့လိုက်၍ အောင်မောင်းပျော်သွားသည်။ သမင်ဖိုကျခဲ့သော သွေးစက်များကလည်း ယင်းတောလမ်းလေးအတိုင်း ဦးတည်သွားလေ၏။ တစ်နေရာ၌ ဒဏ်ရာဖြင့် လဲနေပေလိမ့်မည်။

"ဟင်"

ဝါးတောကြီးအဆုံး၌ မမျှော်လင့်ဘဲ ကျောက်ကမ်းပါးကြီး တစ်ခုနှင့်အတူ ဂူပေါက်ဝတစ်ခုအား လှမ်းမြင်ရသဖြင့် အောင်မောင်း အံ့ဩသွားရသည်။ သို့သော် ဝမ်းလည်းသာသွားရသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် သူပစ်ချလိုက်၍ ဒဏ်ရာရရှိသွားသည့် သမင်ဖိုအား ယင်းဂူကြီး၏ရှေ့တွင် ဒဏ်ရာဖြင့်လဲနေသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင်တည်း။

အောင်မောင်း ဘာကိုမှ မစဉ်းစားတော့ဘဲ သားကောင်ကို လက်လွှတ်သွားမည်စိုး၍ ထပ်မံချိန်ရွယ်ပြီး ပစ်ခတ်လိုက်သည်။

'ဝုစ် . . ဒေါက်'

မှဆိုးအောင်မောင်း မျက်လုံးပြူးသွားရသည်။

အရှိန်ဖြင့် ပြေးလွင့်သွားသည့် သူ၏မြားတံသည် မည်သည့်နေရာက ပြေးလွင့်လာသည်ကို မသိရဘဲ ကျောက်တုံးငယ်တစ်ခုကြောင့် သမင်ဖိုထံ မရောက်တော့ဘဲ အနီး၌ကျသွားရလေသည်။





"ဟင်"

"စကြဝဠာကြီးထဲမှာ လူသားတိုင်း ထားရှိရတာ မေတ္တာတရားပဲ၊ မေတ္တာဆိုတာ အေးမြခြင်း၊ ငြိမ်းချမ်းခြင်းတွေရဲ့ ပြယုဂ်သဘောပဲဖြစ်တယ်၊ ကိုယ့်ကြောင့် အနာတရဖြစ်ပြီးတော့ ကိုယ့်ကိုလည်း ပြန်လည်အန္တရာယ်မပြုနိုင်တဲ့ အင်အားနည်းတဲ့ သတ္တဝါလေးတွေအပေါ် နိုင်လိုမင်းထက်နဲ့ ရက်စက်ရဲတာ လူသားမပီသတဲ့ လူသားတွေရဲ့လုပ်ရပ်ပဲ . . .၊

မင်းတို့တစ်တွေလို ယုတ်မာရက်စက်တဲ့ မနုဿမှဆိုးတွေကြောင့် အပြစ်မဲ့တဲ့ သတ္တဝါငယ်လေးတွေဟာ အကြောင်းမဲ့ သေကျေပျက်စီးကြရတယ်၊ တကယ်တော့ လောကကြီးရဲ့အလှအပနဲ့ မေတ္တာတရားကို ဖျက်ဆီးနေတဲ့ လူအန္တတွေထဲမှာ မင်းလည်းပါဝင်တယ်"

တည်ငြိမ်လေးနက်သော လေသံနှင့်အတူ ဂူတွင်းကနေ တစ်လှမ်းချင်းလှမ်းထွက်လာသူကြောင့် အောင်မောင်း ထိတ်လန့်သွားရသည်။ အညိုရောင်ဝတ်စုံကြီးခြုံလွှမ်းထားသည့် ရသေ့လိုလို ယောဂီဆရာဒူးကြီးလိုလို လူကြီးပင်ဖြစ်သည်။ ဒီလူကြီးသည် ဒီနေရာသို့ မည်သို့မည်ပုံရောက်လာခဲ့ရသည်လဲ။

အောင်မောင်းအား ရူးစိုက်ကြည့်နေသော မျက်ဝန်းအစုံကမူ အေးစက်နေ၏။ ထို့အပြင် ယင်းအေးစက်မှုထဲ၌ နက်ရှိုင်းသောစွမ်းအားတစ်ခု စိမ့်ဝင်နေသကဲ့သို့ အရောင်များ လက်ပနေလေသည်။ အောင်မောင်း ဖျတ်ခနဲ မှတ်မိလိုက်၏။

ယင်းလူကြီးကို အောင်မောင်းသည် အိပ်မက်ထဲတွင် တစ်ကြိမ်မြင်ဖူးလေသည်။ ယခု ပြင်ပလောက၌လည်း အမှန်တကယ် လာဆုံတွေ့နေလေပြီ။

"ခင် . . . ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်ပစ်တဲ့ သားကောင်ရှေ့ကနေ ဖယ်ပါ"

"ဒီသတ္တဝါကို မင်း ပစ်ခတ်လို့ရရင် ပစ်ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . ခင်ဗျားရှိနေလို့ ကျုပ် မပစ်ရဲဘူးထင်လို့လား"

"မင်းကိုယ်မင်း မယုံရင် စမ်းသပ်ကြည့်လိုက်လေ"

အညိုရောင်ဝတ်စုံဖြင့် ယောဂီကြီး၏မျက်နှာသည် ရေခဲတုံးပမာ အေးစက်နေလေသည်။ အောင်မောင်း သူ၏အလုပ်ကို မဆီမဆိုင် ဝင်ရောက်နှောင့်ယှက်သော လူကြီး၏မထီမဲ့မြင်နှင့် ပုံစံကြောင့် အောင်မောင်း ခံပြင်းသွားရသည်။

"ကြီးကျယ်လို့ဗျာ . . . ပစ်တယ်ဗျာ ပစ်တယ် ကဲ . . . ကဲ"

'ဝုစ် . . ဝုစ်'

မုဆိုးအောင်မောင်း ခံပြင်းလွန်းလှစွာဖြင့် ဒဏ်ရာရနေသော သမင်ငယ်အား ဒူးလေးဖြင့် ပစ်ခတ်လိုက်လေတော့၏။ သို့သော် . . .

"ဟင်"

အောင်မောင်း အံ့သြသွားရ၏။ သူ ပစ်လွှတ်လိုက်သော မြားတံများသည် ဒဏ်ရာရနေသော သမင်ဖိုကြီးဆီသို့ ရောက်ဖို့နေနေသာ . . . ရပ်နေရာမှ လက်တစ်ချက်ဝှေ့ယမ်းလိုက်သော ယောဂီကြီး၏ လှုပ်ရှားမှု တစ်ခုအောက် ဖုတ်ခနဲ မြေပြင်ပေါ် ပြုတ်ကျသွားလေတော့၏။

ယောဂီအဘိုးကြီးသည် အောင်မောင်းအား စူးစိုက်ကြည့်ရင်း . . .

"မင်းရဲ့မြားအိမ်ထဲက မြားတံတွေ ကုန်အောင်ပစ်ခတ်လည်း ငါ့ရဲ့မေတ္တာနိုင်အောက်မှာ အပြစ်ကင်းမဲ့စွာ နိုလှုံနေကြတဲ့ ငါ့သားသမီးတွေကို တစ်ချောင်းမှ ထိက်ဝင်နိုင်မှာမဟုတ်ဘူး။ ဟောဒီ ရိုးမတောကြီးထဲမှာရှိတဲ့ တောကောင်ငယ်လေးတွေ, သတ္တဝါတွေမှန်သမျှ ငါ့ရင်၌ဖြစ်တဲ့ သားသမီးတွေချည်းပဲဖြစ်တယ် . . . မယုံရင် ဟောဒီမှာ ကြည့်"

'ခွီး . . ခွီး'

'ကျီ . . ကျလိ'

"ဟာ"

အောင်မောင်း မျက်ဝန်းအစုံ ပြူးကျယ်ဝိုင်းစက်သွားရသည်။





သူ့အား ပြောပြီးသည်နှင့် သျှောင်ထုံးကြီးဖြင့် ယောဂီအဘိုးအိုသည် သူ၏ ညာလက်အား ညင်သာစွာဝှေ့ယမ်းလိုက်သည်နှင့် ရုတ်ခြည်းပင် အနီးဝန်းကျင် ဝါးတောတွင်းမှာရော ကျောက်ဂူကြီးတွင်းမှာရော ချက်ချင်းခုန်ပေါက်ပြေးလွှားလာကြသည့် တောတိရစ္ဆာန်ငယ်များစွာ . . .။

တိရစ္ဆာန်များမှာ သမင်၊ ဒရယ်များမှစ၍ ယုန်၊ ကျေးငှက်များအထိ ပါဝင်သလို ယောဂီကြီး၏ရှေ့ ဂူဝန်းကျင်တစ်ဝိုက် အသံမျိုးစုံအော်မြည်လျက် ပြည့်ကျပ်စွာ စုရုံးရောက်ရှိလာကြ၏။ ဤမျှ များပြားလှသော တောကောင်ငယ်များကို မုဆိုးအောင်မောင်း ယခုကဲ့သို့ တစ်နေရာတည်း၌ စုရုံးပြီး လိမ်မာယဉ်ကျေးသော အိမ်မွေးတိရစ္ဆာန်များကဲ့သို့ ငြိမ်သက်တိတ်ဆိတ်စွာရှိနေသည်ကို အောင်မောင်းတစ်သက်နှင့်တစ်ကိုယ် မမြင်တွေ့ဖူးပါ။

အညိုရောင်ဝတ်ရုံကြီးလွှမ်းထားသည့် ယောဂီလူကြီးသည် မျက်ဝန်းအစုံအား မှေးမှိတ်လျက် သူ၏နှုတ်ခမ်းကနေ တစ်စုံတစ်ရာကို တီးတိုးရွတ်နေတာ အောင်မောင်း မှက်တက်စွာငေးကြည့်နေမိသည်။ ကြောက်စိတ်သည်လည်း သူ၏ရင်ထဲမှာ ငယ်ထိပ်ထိ ဖြန့်ယှက်တက်လာသည်။

အောင်မောင်း နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်လိုက်မိ၏။

ယောဂီရောင်လူကြီး၏နှုတ်ဖျားကနေ ဂါထာမန္တန်ရွတ်ဖတ်နေသံသည် တစ်စစကျယ်လောင်၍ လာလေသည်။ ထိုအခိုက်မှာပင် ဂူကြီး၏ ဝန်းကျင်နှင့် ဝါးတောကြီးတစ်ခုလုံးသည် မြူလိုလို နှင်းထုခြိုးလွှာကြီးသို့လို အဖြူရောင်အခိုးအငွေ့များ စတင်လွှမ်းခြုံလာလေ၏။

"ဟင် . . . ခင် . . . ခင်ဗျား လူ . . . လူအစစ်မှမဟုတ်ဘူး။ အောင်းဆိုးဝါးကြီး လူယောင်ဆောင်ထားတဲ့ နာနာဘာဝဝိညာဉ်ပဲ အောင်းတဲ့ မှော်ဆရာကြီးပဲ . . . ကဲကွာ . . . ကဲ သေစမ်း . . . သေစမ်း"

'ဝုစ် . . ဝုစ်'

'ဝုစ် . . ဝုစ်'



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်း သွေးပျက်နေလေပြီ။ သူ၏မျက်စိအမြင်အာရုံ၌ ယောဂီရောင်လူကြီးသည် အရုပ်သဏ္ဍာန်ကြီး ပြောင်းလဲသွားလိုက်၊ ဟင်းကောင်ကြီးအဖြစ် ပြောင်းလဲသွားလိုက် ချောက်ချားသွေးလန့်စဖွယ် မြင်နေမိသည်။

ထို့ကြောင့်လည်း မြားဘူးထဲက မြားတွေကုန်သည်အထိ ဒေါသတကြီး အော်ဟစ်ဆဲရေးလျက် ပစ်ခတ်နေမိသည်။

ယင်းအချိန်မှာပင် အောင်မောင်း၏နားစည်တွင်းသို့ . . .

"မိုက်မဲလွန်းလှတဲ့ လူ့ငမိုက်သား . . . သင်သည် သင်၏မျက်စိရှေ့မှောက်၌ပင် သူတော်ကောင်းကို မြင်တွေ့နေရသည့်တိုင် အမှန်တရားကို မမြင်ရအောင် သင်၏အတ္တမာန်မာနဒေါသတို့က အဝိဇ္ဇာအဖြစ် သင့်မျက်ဝန်းအစုံအား လွှမ်းမိုးထားလေပြီ၊ သင်သည် မနောကံ၊ ဝစီကံ၊ ကာယကံတို့အား ပြစ်မှားကျူးလွန်ခဲ့ပြီဖြစ်တယ်၊ ဒီအတွက် လောကပါလတရားက သင့်အား ခွင့်လွှတ်လိမ့်မည်မဟုတ်။ သင်၏သက်တမ်းသည် ကုန်ဆုံးသွားခဲ့လေပြီ။ မကြာခင်မှာပဲ သင်ပြုခဲ့သောကံတို့သည် သင့်ထံသို့ ရောက်ရှိလာပေလိမ့်မယ်၊ သင်လွတ်အောင် ရှောင်ပါလေတော့"

"ဘာတွေ လာပြောနေတာလဲ . . . အရူး . . . မကောင်းဆိုးဝါးကြီး . . . သွား . . . သွား"

အောင်မောင်းသည် ထိတ်လန့်ချောက်ချားစွာ အသံကုန်အော်ဟစ်ရင်း ထိုင်နေရာကနေ တစ်ဟုန်ထိုး ပြေးထွက်ခဲ့လေတော့သည်။ သူ၏လက်မှာ ဒူးလေးပင် မပါတော့။

ပတ်ဝန်းကျင်တစ်ခုလုံး လျှင်တော်လည်းသလို တောပြုံသံများ ဆူညံလာလေသည်။

သစ်ပင်သစ်ကိုင်းတွေ ပြိုလဲသံ၊ သားကောင်တွေ ပြေးလွှားအော်ဟစ်သံများက တောလုံးဆူညံလာလေသည်၊ အဖြူရောင် အခိုးအငွေ့များကလည်း မြူနှင်းများသဖွယ် ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်ထူထပ်စွာ လွှမ်း





ခြုံလာ၍ အောင်မောင်း ဘာကိုမျှပင် မမြင်ရတော့။

'ဝေါ . . ရှီး'

'ဝေါင်း . . ဖြောင်း'

တောကောင်များ၏ပြေးလွှားသံ အော်ဟစ်သံများ၊ တဟုန်းဟုန်း တဝေါဝေါမြည်ဟည်းနေသည့် သစ်ပင်ကြီးများ လှုပ်ရှားယိမ်းနွဲ့ ကျိုးပြတ်သံများက တစ်တောလုံး ကမ္ဘာပျက်သည့်နှယ် . . .။

အောင်မောင်း ပွန်းရာပဲ့ရာ ဒဏ်ရာအလိမ်းလိမ်းဖြင့် ဝါးတောအုပ်ကြီးအတွင်းကနေ ကြောက်လန့်တကြား လွတ်လမ်းရှာနေမိသည်၊ သူ ဤတောကြီးအတွင်းက အမြန်ဆုံး အပြင်သို့ရောက်အောင် ထွက်ရပေမည်။ သူ တောခြောက်ခံနေရပြီ။ သွေးပျက်မတတ် ထိတ်လန့်စွာ အတင်းပြေးရင်းလွှားရင်း အောင်မောင်း ဥမင်သဖွယ် ဝါးတောကြီးတွင်းမှ အပြင်သို့ အထွက် . . .

"အား"

အောင်မောင်း အသံနက်ကြီးဖြင့် အော်လိုက်မိလေတော့၏။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

## တော၏မဟာယာသားကောင်

ကောင်းစံ ဤကုန်းကြောလေးအစပ် ဝါးရုံတောကြီးအနီးသို့ ရောက်နေခဲ့သည်မှာ ကွမ်းတစ်ယာညက်ခန့်ပင် ရှိနေပြီဖြစ်သည်။ တစ်မနက်ခင်းလုံး မည်သည့်သားကောင်၏အရိပ်အရောင်ကိုမျှ မတွေ့ရှိရ၍ ထိုင်ပြီးအမောဖြေနေမိခြင်း ဖြစ်လေသည်။

ယင်းအခိုက်မှာပင် ထူးခြားဆန်းကြယ်သောဖြစ်ရပ်နှင့် ကောင်းစံ ကြုံတွေ့လိုက်ရခြင်းဖြစ်၏။ ရုတ်တရက် သူ၏အရှေ့ဘက်၌ရှိသော စိမ်းညို့အုပ်ဆိုင်းနေသော ဝါးတောကြီးများသည် မည်သည့်လေမျှ မတိုက်ခတ်ပါဘဲနှင့် တဝေါဝေါ အော်မြည်လာခြင်းပင် ဖြစ်သည်။

"ဟင်"

အချိန်က နေမွန်းတိမ်းစပင် ရှိသေး၏။ တောသည် မည်သို့ဖြစ်လာသည်လဲ။

ကောင်းစံ၏နားစည်တွင်းရှိ ဒုံကြားအာရုံထဲသို့လည်း အဝေးကနေ တောတိုးသံများ၊ တောဆင်ရိုင်းအုပ်များ ပြေးလွှားလာသံလို အသံများ စတင်ကြားလိုက်ရသည်။ ယင်းအချိန်မှာပင် ...

'ဝေါ .. ဝေါ'

'ဝူး .. ကျို'

'ဝေါင်း .. ဂရား'





အဝေးကနေ ကျယ်လောင်သော တောကောင်ကြီးအချို့၏ အော်ဟစ်သံများနှင့်အတူ ခုနငြိမ်သက်နေသော တောပြင်သည် တဝေါဝေါ မြည်ကြွေးလျက် လှုပ်ရှားယိမ်းထိုးလာလေ၏။

ဖျတ်ခနဲ ကောင်းစံ ချက်ချင်းသတိပြုမိလိုက်၏။ တောချောက်လေပြီ။

'ဝေါ .. ဝေါ'

'ဖြောင်း .. ဒိုင်း'

တော၏ပြိုသံက တစ်စထက်တစ်စ ပို၍ကျယ်လောင်မြည်ဟည်းလာသဖြင့် ကောင်းစံပင် မသိမသာစိတ်၌ ကြောက်ရွံ့စိတ် နိုဝင်လာသည်။ သူ မှဆိုးသက်တစ်လျှောက် ဤသို့ကြီးမားသော တစ်တောတစ်တောင်လုံး ဆူညံပွက်လောရိုက်နေရလောက်သည့် တောချောက်ခြင်းကို မကြုံဖူးပါ။

တစ်ခါတစ်ရံ တောလည်ရင်း တောစိုးနတ်ရဲ့ပင်ကြီးမှအကိုင်းများ သူ့အလိုလိုနဲ့ ကျိုးကျခြင်း၊ ဝါးပင်များ သူ့အလိုလို ညွှတ်ကွေးသွားလျက် အသံမြည်သွားခြင်း၊ မျက်စိရှေ့မှောက်၌ သားကောင်ဟု ထင်မှတ်နေရာမှ သစ်ငုတ်တိုကြီးဖြစ်နေခြင်း အစရှိသော တောချောက်ခြင်း အသေးလေးတွေကိုမူ ကြုံတွေ့ခဲ့ရဖူး၏။ ယခုကဲ့ သို့သော် ယောက်ျားရင့်မကြီးဖြစ်လျက် ကြောက်စိတ်မသိုးမသန့် ဝင်လာသည်ထိတော့ မဖြစ်ဖူးပါချေ။

ယခု တောချောက်ခြင်းက ချောက်ချားစရာ ...။

တစ်တောလုံးပင် အမှောင်တိုက်ကြီးထဲ ရောက်သွားသလို မှောင်မည်းသွားလေသည်။ ဝန်းကျင်တစ်ခုလုံးလည်း တောငိုသံ တောညည်းသံများ အဆက်မပြတ် ကြားနေရသည်။ နာနာဘာဝ ဝိညာဉ်လောကသားများ၏ အော်ညည်းသံကဲ့သို့ပင် သွေးပျက်ချောက်ချားလွန်းလှ၏။

လက်စွဲတော် ဒူးလေးအား ကောင်းစံ လက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ တောချောက်လျှင် အန္တရာယ်ကြီးသော တောကောင်ကြီးများလည်း တောချောက်ခြင်းကြောင့် ခြေဦးတည့်ရာ ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြသောသဘောရှိလေသည်။

မုဆိုးတစ်ယောက်ယောက်များ မြင်အပ်မမြင်အပ် တောစည်းကမ်း တောင်စည်းကမ်းကို ချိုးဖောက်မိ၍ပဲလားဟု ကောင်းစံတွေးနေမိသည်။

ကောင်းစံ အာရုံအား မပျံ့စေဘဲ တဝေါဝေါဖအော်မြည်ယိမ်းထိုး နေသော ရှေ့တည့်တည့်ရှိ ဝါးတောကိုသာ စိုက်ကြည့်နေမိသည်။ ယင်း အခိုက် ...

"ဟာ"

ရုတ်တရက် ဝါးပင်များကြားကနေ သူရှိရာသို့ တစ်ဟုန်ထိုး ကမူး ရှူးထိုးပြေးလာသော တောကောင်ကြီးတစ်ကောင်။ ကောင်းစံ အသိလက် လွတ်စွာ လျှပ်တစ်ပြက် ယင်းတောကောင်ကြီးထံသို့ ဒူးလေးအား ပစ် လွှတ်လိုက်သည်။ ကျင့်သားရနေသည့်လက်။

'ဝုစ် .. ဒုတ်'

'အား'

"ဟာ"

ကောင်းစံ၏မြားဖူးသည် သားကောင်၏ဦးခေါင်းသို့ တည့်မတ်စွာ ထိမှန်သွားသည်။ သို့သော် အော်လိုက်သည့်အသံနက်ကြီးမှာ လူတစ် ယောက်၏အော်သံပါလား။

ကောင်းစံ ချက်ချင်း အသိဝင်သွား၏။ ခေါင်းနားပန်းကြီး သွားရ ၏။ ယင်းအချိန်မှာ ခုနတစ်ချိန်လုံး ဆူညံစွာမြည်းဟည်းနေသော တော သံကြီးသည် မီးကို ရေဖြင့်ထိတွေ့လိုက်သလို တိခနဲ အသံဗလံများ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

"ဘုရား ဘုရား ... ငါပစ်မိလိုက်တာ လူ ... လူတစ်ယောက်ပါ လား"

မုဆိုးကောင်းစံသည် ဝန်ဆိုင်းကဲ့ခုန်လှုပ်နေသော စိုးရိမ်မှုပန်းစိတ် တို့ဖြင့်အတူ လဲကျနေသောလူထံသို့ အလျင်အမြန်ပြေးသွားလိုက်လေ





သည်။

"သေ ... သေများသွားပြီလား ... ဟင်"

ကောင်းစံသည် မြားထိမှန်ကာ လဲကျနေသောလူအား တွေ့ လိုက်ရသည်နှင့် သူ၏ငယ်ထိပ်သို့ မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရ လေသည်။ နဖူးပြင်တည့်တည့်၌ မြားတံစိုက်၍ မျက်လုံးပြူးကာ သေဆုံး နေသူမှာ မုဆိုးကြီးဦးအောင်မောင်းပင် ဖြစ်လေတော့သတည်း။ ကောင်းစံ အတွက် ကမ္ဘာကြီးပြောင်းပြန်လည်သွားရချေပြီ။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အနုကျွဲခတ်ခြင်း

နေရောင်၏အလင်းတန်းတို့က မြင့်မားရှည်သွယ်သော ထန်းပင်ကြီးတွေ ကြိုးကြားကနေ၍ မြေပြင်သို့ ထိုးဖောက်ဖြာကျနေ၏။ ယင်းထန်းပင်များကြား ထန်းတောဘက်မှာ ဝါးခုံတန်းလျားလေးတွေထက် ထန်းရည်သောက်သူအချို့ ရှိနေကြသည်။ ညနေဆိုလျှင် ထန်းတော၌ လူစုံသည်။

ရွာမှာ သည်ရွာထိပ်ရှိ ကိုဖိုးတုတ်ထန်းတဲက ပင်ကျရည်အစစ်ခါးခါးရသည်မို့ ညနေဆိုလျှင် လူစည်ကားတတ်လေ့ရှိမြဲ။ အစွန်ဆုံး ဝါးစားပွဲတန်းလေးထက် ဗညားအောင်၊ တာတီးနှင့် လှကြီးမောင်တို့ ရှိနေကြသည်။ ဒါက သူတို့သုံးယောက်၏ညနေခင်း အနားယူရာ ရိပ်ငြိမ်ဖြစ်သည်။

"ဗညား"

"ဘာလဲ . . . တာတီး"

"မင်းကို ငါကြည့်နေတာ အတော်ကြာသွားပြီ၊ ဒီနေ့ မင်း ငြိမ်နေပါလား . . . ဗညား ဘာတွေစဉ်းစားနေတာလဲ၊ ဘာလဲ . . . ရွာက မင်းအဖေဦးအောင်ထုံက ရွာကိုပြန်မလာနဲ့တော့လို့ တစ်ခါတည်း အမိန့်ထုတ်လိုက်လို့လား . . . အဟား"

"မဆီမဆိုင်ကွာ . . . ငါ့မိဘတွေလား အဲလိုပြောမှာ၊ ပြောမယ့်ပြော ငါ့သား ငွေဘယ်လောက်ယူမလဲ၊ သုံးလို့ကုန်ပြီးလားပဲ ပြောမှာ





. . . ဟဲ ဟဲ၊ ငါတွေးနေတာ တခြားပါကွာ"

"တွေးတာလည်း တွေး၊ သောက်လည်းသောက်လေကွာ၊ ခုထိတစ်ခွက်မလျော့သေးဘူး။ ငါဆို သုံးခွက်ကျနေပြီ . . . ဟီး ဟီး"

တာတီးရော လှကြီးမောင်ပါ ရယ်မောကာပြောရင်း သူ့ရှေ့သို့ ဝါးဆစ်ခွက်အား တွန်းပို့သဖြင့် ဗညားအောင် ကောက်ယူဖမော့လိုက်၏။ ချိုပြင်းရှတသော ထန်းရည်အရသာက လည်ချောင်းထဲ လျှောဆင်းသွားသည်။ ဗညားအောင် ဝါးဆစ်ခွက်ကို ပြန်ချလိုက်၏။

သူ့အတွေးထဲမှာ မြဝန်းညို၏မျက်နှာက ပြန်မြင်လာသည်။ ဗညားအောင် ထန်းတောထဲသို့ရောက်လာကတည်းက မြဝန်းညို၏အကြောင်း တွေးနေမိခြင်းဖြစ်သည်။ တာတီးက . . .

"ပြောပါဦး ဗညားရ . . . ဘာတွေတွေးနေတာလဲ၊ မြဝန်းညိုအကြောင်းမှ ဟုတ်ရဲ့လား၊ကွ"

"မင်းပြောတာ အမှန်ပဲ တာတီး၊ မနေ့က ငါ့မိဘတွေကို မြဝန်းညိုကို တောင်းရမ်းပေးဖို့ ငါပြောလိုက်ပြီ"

"အဟီး . . . ဒါဆို မြဝန်းညိုကို မင်း ပိုင်ဆိုင်တော့မှာပေါ့ . . . ဟား ဟား၊ ကဲ . . . ဗညား . . . မြဝန်းညိုကို ပိုင်ဆိုင်ရမယ့်အထိမ်းအမှတ်အဖြစ် သောက်လိုက်ကြဦးစို့ . . . အဟဲ"

သုံးယောက်သား ပျော်ရွှင်ရယ်မောစွာ ပြောဆိုရင်း ထန်းရည်ခွက်တွေကို မြှင့်တူမော့သောက်လိုက်ကြ၏။ ခဏချင်းမှာပဲ မြူအိုးတွေက သူတို့ရှေ့၌ စုပုံသွားသည်။ တာတီးက လျှာလေးအာလေးသံကြီးဖြင့် . . .

"ဟေ့ကောင် ဗညားအောင်"

"အေ့ . . . ဘာလဲ"

"မြဝန်းညိုကိုသာ မင်းမိဘတွေ တောင်းရမ်းနိုင်းမယ် လုပ်နေတာ၊ ဟိုကောင်မိုးကောင်းနဲ့ မြဝန်းညိုက ရွာထဲမှာ ဘာလိုလို သတင်းထွက်နေတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအစုတ်အပဲ့ကောင်ရဲ့နာမည် မပြောစမ်းနဲ့ကွာ"

"ဟဲ ဟဲ . . . သတိပေးတာပါကွာ၊ တော်ကြာ မင်းပိုင်ဆိုင်ရမယ့် ရွှေထုပ်ကလေး သူတစ်ပါးနောက် ပါသွားမှာစိုးရိမ်လို့ပါ။ မြဝန်းညိုကရော မင်းကိုကြည်ဖြူရဲ့လား၊ ဒီလောက်ဆို အခြေအနေတိုးတက်သင့်ပြီ မင်းက လက်နှေးတာကိုးကွ"

"မြဝန်းက မာနကြီးတယ်ကွ၊ ခုလည်း သူ့အဖေ သူကြီး ဦးညိုခက်ကို ငါ နည်းမျိုးစုံနဲ့ ချဉ်းကပ်ထားလို့သာ အိမ်ကို ဝင်ထွက်ခွင့်ရနေတာ၊ သူကတော့ ငါ့ဆို ခါးသီးသီးကွ၊ ငါကလည်း မရရအောင်ယူမှာပဲ"

ဗညားအောင်၏ ရင်တွင်းပေါက်ကွဲချက်တွေ ပွင့်အန်လာသည်။ အမှန်တကယ်လည်း ယခုချိန်ထိ မြဝန်းညိုဆီက မေးထူးခေါ်ပြောအဆင့်ထက် ပိုရှိသော အခွင့်အရေးမရသေးပါချေ။ ဒါကိုပဲ ဗညားအောင် ခံပြင်းနေမိခြင်းဖြစ်သည်။ ဗညားအောင် နည်းမျိုးစုံဖြင့် သွေးတိုးစမ်း ချဉ်းကပ်ဖူးသည်။ မြဝန်းညိုက ခေါင်းခါမြဲခါသည်။ နောက်ဆုံး သူမမှာ ချစ်သူရှိသည်ဟု ပွင့်ပြောသည်။

ဗညားအောင် ခံပြင်းသွားရသည်မှာ ထိုစကားပဲဖြစ်သည်။ မြဝန်းညို၏ချစ်သူမှာ မည်သူမည်ဝါဟု မသိရပါသော်လည်း သူမအိမ်သို့ ဝင်ထွက်နေသော ဟိုမုဆိုးအစုတ်ပလုတ်ကောင်ကလွဲ၍ အခြားသူ မဖြစ်နိုင်။ ဒီကောင့်ကို ဗညားအောင် လုံးဝကြည့်၍မရပေ။

ဒါပေမဲ့ မိုးကောင်းဆိုသောကောင်က ရွာ၌သိပ်မရှိပေ။ မုဆိုးပီသစွာ နေ့စဉ်ရက်ဆက် ရိုးမပေါ်သို့သာ တက်နေလေသည်။ ရွာမှာ လေးငါးရက်မှသာတစ်ခါ ရံဖန်ဆုံတွေ့ရတတ်သည်။ မိုးကောင်း၏ ဖခင်ဖြစ်သူ မုဆိုးအောင်မောင်းသည်လည်း မကြာခင်ကပဲ ရိုးမထဲမှာ သေဆုံးသွားရချေပြီ။

ရိုးမထဲမှာ အမဲလိုက်ရင်း တောခြောက်ခံရကာ သူ၏တပည့်ဖြစ်သူ ကောင်းစံက တောကောင်အမှတ်ဖြင့် ပစ်ခတ်လိုက်၍ သေဆုံးသွားရ





ခြင်း ဖြစ်သည်။ မုဆိုးကောင်းစံကမူ မြို့သို့သွားကာ သူ့ကိုယ်သူ အဝင်းဒ်သည်ဟုလည်း ဗညားအောင်ကြားသည်။ ယခု ရွာ၌ မုဆိုးဆို၍ မိုးကောင်တစ်ယောက်သာ ရှိလေတော့၏။ ဒါကြောင့်လည်း မိုးကောင်း ရိုးမပေါ်က မဆင်းခြင်းဖြစ်သည်။

မိုးကောင်း ရွာမှာမရှိ၍ ဗညားအောင် သူကြီးဦးညိုခက်အိမ်သို့ မကြာခဏ ဝင်ထွက်ခွင့်ရနေသည်။ အမှန်မှာ သူကြီးဦးညိုခက်နှင့် တွေ့ဆုံဖို့ထက် ဗညားအောင်သည် မြဝန်းညို၏မျက်နှာကို မြင်တွေ့ချင်၍ ဝန်း၍သာသွားနေမိခြင်းဖြစ်သည်။

သို့သော် သူရောက်တိုင်း မြဝန်းညိုသည် အလုပ်တစ်ခုမဟုတ် တစ်ခု လုပ်ကိုင်နေကာ သူ့ကိုမေးထူးခေါ်ပြောသာ ဆက်ဆံတတ်သည်၊ မြဝန်းညို၏ပုံသဏ္ဌာန်က သူ့အဖေကို မဖွင့်ဆန်နိုင်၍သာ ဗညားအောင် လာတိုင်း လက်ခံတွေ့ဆုံနေရခြင်းပင် ဖြစ်လေသည်။ ဗညားအောင်သည် သူ့အား ဤသို့ဆက်ဆံတတ်သည့် မြဝန်းညိုအား စိတ်တွင်းက ကျိတ်၍ ခံပြင်းနေသော်လည်း ချဉ်းကပ်မြဲချဉ်းကပ်လျက်၊ မျက်နှာကာမှု အပြုံးမပျက် ပါချေ။

ယခုလည်း ရွာထိပ်ထန်းတော၌ တာတီးတို့နှင့် လမ်းခွဲပြီး သူကြီး ဦးညိုခက်၏ခြံဝိုင်းသို့ လျှောက်လာခဲ့သည်။ မြဝန်းညိုအား ဗညားအောင် အလွန်အမင်း တွေ့ချင်နေမိသည်။ အချိန်က နွားရိုင်းသွင်းချိန်သို့ ရောက် နေလေပြီ။ ရွာလမ်းသည် မှောင်ရီပျပျ။

ဗညားအောင် သူကြီးဦးညိုခက်၏ခြံဝိုင်းတွင်းသို့ လှမ်းဝင်လာခဲ့လေ၏။ ယခုချိန်ဆိုလျှင် ဦးညိုခက် ရွာတွင်းသို့သွားနေ၍ အိမ်၌ မြဝန်းညိုတစ်ယောက်တည်း ရှိနေမည်မှန်းသိ၍ ဗညားအောင် ပြုံးလိုက်မိလေသည်။

"မြဝန်း"

ဗညားအောင် မျက်မှောင်ကြုတ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြီး ဦးညိုခက်၏ခြံထောင့်ရှိ သစ်ပင်ရိပ်နားမှာ မြဝန်းညို ရှိနေ၏။ သို့သော် သူမတစ်ဦးတည်းတော့ မဟုတ်ပါ။ မိုးကောင်းပါ ရှိနေလေသည်။

"မိုးကောင်းရယ် နင်က အိမ်တက်ကို အရင်က နေ့တိုင်းလာနေကျ၊ အခု တစ်ပတ်လုံးနေတောင် တစ်ရက်မရောက်တော့ဘူး။ ဘာလဲ . . . ငါ့ကို အလုပ်မအားလို့ပါလို့ ပြောဦးမလို့လား၊ အေးလေ . . . ငါက မိန်းမသားဆိုတော့လဲ"

"မြဝန်းရယ် . . . ငါ့မိသားစုအခြေအနေလည်း နင်အသိသားပဲ၊ နင်နဲ့ငါ နီးစပ်ခွင့်ရဖို့ ငါ ဘယ်လောက်ထိ ကြိုးစားခဲ့တယ်ဆိုတာ ငါ့ကိုယ်ငါ အသိဆုံးပါဟာ၊ ဒါပေမဲ့ အဖေသေပြီးကတည်းက အမေ့ကျန်းမာရေးက အရမ်းချူချာလာလို့ ငါ နင့်ဆီမလာဖြစ်တာပါ၊ ငါ့ရင်ထဲမှာတော့ . . ."

"နင့်ကို ငါနားလည်ပါတယ်ဟယ်၊ ဦးကြီးအောင်မောင်း သေသွားပြီကတည်းက နင်တို့စားရေးသောက်ရေး ကျပ်တည်းသွားမှန်း ငါသိတယ်၊ ဒါ . . . ဒါပေမဲ့ ငါ နင်နဲ့မခွဲနိုင်ဘူး မိုးကောင်းရယ်၊ ငါ စိုးရိမ်နေတာ တစ်ခုရှိတယ် . . . သိလား"

"ဘာလဲ မြဝန်း"

"နင် ငွေကြေးမြန်မြန်စုပါ မိုးကောင်းရယ်၊ အဖေက ငါ့ကို ဟို တစ်နေ့က ဗညားအောင်အကြောင်း စကားစတယ်၊ ငါ့ကို ဗညားအောင် နဲ့ပေးစားမလို့ပြောတယ်၊ ငါ . . . ငါ . . . အဲဒီကောင်ကို လုံးဝကြည့်မရဘူး နင်နဲ့လည်း မခွဲနိုင်ဘူး"

"မြဝန်းရယ်"

မိုးကောင်း တိုးတိတ်ရှိုက်ငင်စွာပဲ သက်ပြင်းချလိုက်မိလေသည်။ အမှောင်ပျိုးစမှာ ချစ်ရသူ၏မျက်နှာလေးကို နေဝင်စအရောင်ဖြင့် လှပစွာ တွေ့နေရသည်။ မြဝန်းညို မည်မျှပူပင်သောကရောက်နေမည်ဆိုတာကို မိုးကောင်း ရိပ်စားနားလည်မိပါသည်။





ယခု သူ့အဖြစ်သည် မြဝန်းညိုနှင့် နီးရက်က ဝေးရတော့မည့် အဖြစ်။ မြဝန်းညိုကဲ့သို့ပင် သူလည်း မြဝန်းညိုအား မည်သို့မျှ စွန့်လွှတ် အဆုံးရှုံးမခံနိုင်ပါ။ မြဝန်းညိုနှင့်သာ ကွဲကွာရလျှင် မိုးကောင်း မည်သို့ ခံစားရမည်ကို သူကိုယ်သူသာ သိလေသည်။ မိုးကောင်း မြဝန်းညိုထံ သို့သာ မရောက်ဖြစ်သော်လည်း ဗညားအောင် ချောင်းပေါက်မတတ် လာနေမှန်း ရွာထဲကနေ ကြားသိနေရ၏။

သူကြီးဦးညိုခက်ကလည်း အရေးပေးမှန်း မိုးကောင်း ရိပ်စားမိသည်။ ထိုအကြောင်းတွေကို ကြားသိရတိုင်း မိုးကောင်းသည် သူ၏ဘဝ နှင့် အနာဂတ်တစ်ခုလုံးအား ပျက်စီးကြေမွအောင် ပြုလုပ်ဖန်တီးခဲ့သည့် ကောင်းစံကို အခဲမကြေပါ။ ကောင်းစံကြောင့် သူ၏ဖခင် ဦးအောင်မောင်း သေဆုံးရသည်။ သူ၏ဖခင်အား ကိုကောင်းစံသည် အငြိုးအတေးထစ်ခုဖြင့် တောချောက်သည်ဟု လိမ်ညာပြောဆိုပြီး လူ့ဘဝထဲကနေ ဖယ်ရှားပစ်ခဲ့ သည်ဟု မိုးကောင်းယုံကြည်နေ၏။ အဖေဆုံးတာ တစ်နှစ်ပြည့်တော့မည်၊

ဖခင်မသေခင်က ပြောခဲ့ဖူးသလို ဂူတစ်ဂူထဲ၌ ခြသေ့နှစ်ကောင် အောင်း၍ အတူနေထိုင်ရိုး ထုံးစံမရှိဘူး မဟုတ်ပါလား။ တကယ်တော့ ကောင်းစံကို မိုးကောင်းကိုယ်တိုင် သူ၏လက်ဖြင့် သတ်ဖြတ်ချင်ပါသော် လည်း ကောင်းစံသည် သူ့ဘာသာသူ သွားရောက်အဖမ်းခံခဲ့လေသည်၊ ဖခင်ဖြစ်သူအတွက် မိုးကောင်း ကလဲ့စားချေခွင့်မရလိုက်။

ဒီအတွက် မိုးကောင်း၏နှလုံးသားထဲ၌ မဆိုးကောင်းစံအား ယခု ထိုနေ့ထိ နာကြည်းနေဆဲ။ ဖခင်ဖြစ်သူ ဦးအောင်မောင်းသေဆုံးသွား၍ မိခင်ဖြစ်သူ ဒေါ်နှင်းထုံက အိပ်ရာထဲ လူမမာကြီးတစ်ပိုင်း ဖြစ်သွားရ လေသည်။ မြဝန်းညိုနှင့် သူ၏အနာဂတ်တစ်ခုအတွက် သူစုဆောင်းထား သော ငွေကြေးဟူသမျှ ကုန်ခန်းသွားသည်။ ယခုထိလည်း အမေသည် အိပ်ရာထဲ၌ လဲနေဆဲ။ မြဝန်းညိုနှင့်သူ မနီးစပ်ခြင်းမှာ မဆိုးကောင်းစံ ကြောင့်ပင်။ ထို့ကြောင့်လည်း မိုးကောင်း ယခုကဲ့သို့ ပြန်တွေးမိတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းနေရခြင်းပင်ဖြစ်သည်။

''ကိုမိုး''

''မြဝန်း''

''မြဝန်း ကိုမိုးနဲ့မခွဲချင်ဘူး ကိုမိုးရယ်၊ ကိုမိုးကို မြဝန်း သိပ်ချစ်တယ်''

''ကိုမိုး ကြိုးစားပါ့မယ် မြဝန်းရယ်''

''အို''

ခြံထောင့်အမှောင်ရိပ်ပျိုးဖျဉ်း အရိပ်သဏ္ဍာန်နှစ်ခု ပူးကပ်သွားလေသည်။ ပတ်ဝန်းကျင်အား သူတို့မေ့လျော့သွားကြလေသည်။ ထိုအခါ တစ်နေရာကနေ နာကြည်းခံပြင်းစွာ ယင်းအဖြစ်အပျက်များကို စောင့်ကြည့်ပြီး လှမ်းထွက်ခွာသွားသူတစ်ဦးကိုတော့ သူတို့ မမြင် မတွေ့မိလိုက်ကြပါချေ။

❀ ❀ ❀

# အထွာမျက်နှာဖုံး

''တောက်''

''အဲဒါကြောင့် မင်းကို ငါတို့ အတန်တန်သတိပေးနေတာပေါ့ ညာ:ရာ၊ ခုတော့ မင်းက ငါးရိုးနင်နေသလို ထွေးရခက် ခံရခက်ဖြစ်ပြီ မဟုတ်လား။ ကြည့်လည်းလုပ် . . . ကော်ကြာ မြဝန်း အဲဒီအစုတ်အပြတ် နောက် ပါသွားလိမ့်ဦးမယ်''

''အဲဒီတော့လည်း ဗညားအောင် ဘာကောင်ဆိုတာ ပြရဦးမှာ ပေါ့ကွာ''

''ဘယ်လိုပြမှာတုံး . . . ဟိုကဖြင့် မိုးကောင်းရင်ခွင်ထဲ ရောက်နေပြီ မင်းကိုအားမရလိုက်တာ ဗညားရာ၊ နေရာလဲလိုက်ချင်တယ် . . . တောက်''

ဗညားအောင် အရက်ခွက်အား ကောက်ယူကာ တစ်ဟုန်ထိုး မော့ချလိုက်လေသည်။ ပြီးတော့ ခွက်ကို ကြမ်းပေါ်ဆောင့်ချလိုက်၏။ ဗညားအောင်၏အတွေးထဲ၌ ညနေက မြင်ခဲ့သော မိုးကောင်းဆိုသည့် ကောင်စုတ်နှင့် ထိုမြင်ကွင်းက ပျောက်မရ။ ဒါကြောင့်ပင် ရွာသို့မပြန်တော့ဘဲ တာတီး၏အိမ်၌ အရက်ထိုင်သောက်နေခြင်းဖြစ်သည်။

ညက နက်စပြုနေလေပြီ။ တာတီးမှာ ရွာအစွန်၌ သူ့ဘာသာသူ တစ်ယောက်တည်းဖြင့် နေထိုင်သူဖြစ်၍ လွတ်လပ်စွာ စကားပြောနေထိုင်နိုင်ကြ၏

www.burmeseclassic.com



ဒါကြောင့်လည်း သောက်ပွဲ ထပ်မံကျင်းပပြီး ဗညားအောင် ပေါက်ကွဲနေခြင်း ဖြစ်လေသည်။ ယခုချိန်ထိ သူ့ရင်ထဲမှာ တနုံ့နုံ့။

"ဒီတော့ မင်း ဘာဆက်လုပ်မလဲ ဗညားအောင်၊ မြဝန်းညိုကို မင်း တကယ်ပိုင်ဆိုင်ချင်တယ်ဆိုရင် ခုလို လက်နှေးပြီး အပျော့ဆွဲနေလို့တော့ မဖြစ်ဘူး။ တော်ကြာ ဟိုကောင့်နောက် ပါသွားမှ ဟုတ်ပေ့ဖြစ်နေမှာ"

"ဟုတ်တယ် ဗညား၊ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး၊ ကိုယ်အနိုင်ရဖို့ ကိုယ်ပိုင်ဆိုင်ရဖို့ပဲ၊ အနုနည်းနဲ့မရရင် အကြမ်းနည်းပေါ့ကွာ၊ မင်း ဒီလိုမျှော့သွေးစမ်းနေပုံမျိုးနဲ့ဆို မြဝန်းညိုကို ဒီတစ်သက် ရမှာမဟုတ်ဘူး၊ မိုးကောင်းဆိုတဲ့ကောင်နဲ့ မြဝန်းညိုက ငယ်စဉ်ကတည်းက သူငယ်ချင်းတွေဆိုတော့ သံယောဇဉ်က မင်းထက်ပိုမှာပါ၊ စဉ်းစားမနေစမ်းနဲ့ကွာ ... ယောကျ်ားဆိုတာ လုပ်စရာရှိ ပြတ်ပြတ်သားသားလုပ်မှကွ"

"ဟေ ... မစဉ်းစားရင် ငါက ဘာလုပ်ရမလဲ၊ ငါသိတာက မြဝန်းညိုပိုင်ဆိုင်ခွင့်ရဖို့ ငါ ဘယ်လောက်ထိ အချိန်ကုန်ခံ ငွေကုန်ခံခဲ့သလဲဆိုတာလည်း မင်းတို့အသိပဲ တာတီး၊ ဒီအတွက် ငါ သူ့ဆီက ထိုက်တန်တာတစ်ခုခု ပြန်ယူရလိမ့်မယ်၊ ပေါကြီးတော့ အဖြစ်မခံနိုင်ဘူး တာတီး"

"ဒါဆို ငါ အကြံပေးမယ် ... မင်း ဒီလိုလုပ်"

တာတီးသည် ဗညားအောင်၏နားနားသို့ကပ်လျက် တီးတိုး ပြောလိုက်လေသည်။ ဗညားအောင်၏မျက်နှာကြီးက မီးရောင်အောက်၌ လက်ခနဲဝင်းပသွားလေသည်။

ပြီးလျှင် တာတီးနှင့်လူကြီးမောင်အားကြည့်ပြီး တစ်ချက်ပြုံးလိုက်၏။

"မင်းတော်တယ် တာတီး၊ ဒါပေမဲ့ ဒီကိစ္စပေါက်ကြားလို့ မဖြစ်ဘူးနော်"

"ဟဲ ဟဲ ... စိတ်ချစမ်းပါကွာ ... တာတီးတို့က နှုတ်လုံပါတယ် ... ဟား ဟား"





"ကဲ ... ငါတို့အကြံအောင်ဖို့အတွက် ..."

"မြဝန်းညိုကို ပိုင်ဆိုင်ပါစေ ... ဟား ဟား"

"ဟား ... ဟားဟား"

သုံးယောက်သား အရက်ခွက်ချင်းထိကာ ရယ်မောဟားတိုက်လျက် ပြိုင်တူမော့သောက်လိုက်ကြလေတော့၏။ ညဉ့်က တစ်စစနက်လာပြီဖြစ်သည်။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်တစ်ရေးနိုး

မိုးကောင်းသည် လက်ဆွဲတော်ဒူးလေးအား ထမ်းလျက် ခြံပိုင်းထဲက လှမ်းအထွက် တောစပ်ကနေ ခပ်သုတ်သုတ်လှမ်းလာနေသူတစ်ဦးအား တွေ့လိုက်ရသည်။ အဝေးကပင်ဖြစ်သော်လည်း ယင်းလူကို ရွာက ထောင်ကျသွားသည့် ဦးထွေးလှကြီးနှင့်တူသည်ဟု မိုးကောင်းတွေးမိ၏။ ဦးထွေးလှကြီးသည် သူ့ဖခင်၏သူငယ်ချင်း ဖြစ်သည်။ သူ့ကို သံယောဇဉ်ရှိသည်။

ရွာမှာ လူသတ်မိ၍ ထောင်နှစ်ကြီးကျသွားသည်ဆိုသော သတင်းကြားရပြီး နှစ်ပေါင်းများစွာ ပျောက်ကွယ်နေသူဖြစ်သည်။ အမှတ်မထင် ရွာလမ်းစပ်မှာ ကြုံမိတော့ အမှန်ပင် ဦးထွေးလှကြီးဖြစ်၍နေလေသည်။ မိုးကောင်း ဝမ်းသာအားရဖြင့် ...

"ဟာ ... ဦးထွေးလှ ... ဦးကြီးထွေးလှနော်"

"ဟာ ... မိုးကောင်း၊ ဟုတ်ပါတယ်ကွ ... ငါ ဦးထွေးလှပါ။ မနေ့ကမှ ငါ ထောင်ကလွတ်လာခဲ့တာကွ၊ ဒါနဲ့ မင်းအမေ မနှင်းထုံရော ကျန်းမာရေးကောင်းရဲ့ မဟုတ်လား၊ မင်းရော မုဆိုးလုပ်နေတယ်ဆို"

"ဟင် ... ကျွန်တော် မုဆိုးလုပ်နေမှန်းသိတယ်"

"ဘာလဲကွ မောင်မိုးကောင်းရ ... မင်း မုဆိုးဖြစ်နေတာကို ငါသိနေလို့ အံ့ဩနေတာလား အံ့ဩစရာမရှိပါဘူးကွာ ... ငါ ထောင်ထဲမှာ





ရှိနေတုန်း ကောင်းစံနဲ့တွေ့ခဲ့ရလို့"

"ကောင်း ... စံ"

"အေးလေကွာ ... ဒီကောင်ထောင်ကျလာတော့ ငါ အံ့ဩသွားတယ်၊ ကောင်းစံက သူ့ဘဝအဖြစ်အပျက်တွေပြောပြလို့ အချို့တစ်ဝက် သိရတာပါကွာ၊ ဘယ်တတ်နိုင်မလဲကွာ ... ကံတရားပေါ့၊ ဒီကောင်လည်း ငါနဲ့အတူ လွတ်ငြိမ်းခွင့်နဲ့ လွတ်လာတယ်ကွ"

"ဟင် ... ကောင်းစံ ထောင်ကလွတ်ပြီ"

"အေးလေ ... ရွာကိုမရောက်သေးဘူးလား၊ ငါက ရောက်နေပြီ တောင် ထင်နေတာကွ၊ ကဲ ကဲ ... ငါသွားမယ်ဟေ့၊ ရွာက မျှော်နေရော့မယ်"

ဦးထွေးလှသည် သူ့အား နှုတ်ဆက်၍ လျှော်အိတ်ကြီးထမ်းကာ ရွာဟွင်းသို့ လှမ်းလျှောက်ဝင်သွားလေတော့၏။ မိုးကောင်း ဦးထွေးလှ၏နောက်ကျောကိုကြည့်ကာ အံ့တစ်ချက်ကြိတ်လိုက်မိလေသည်။ ဦးထွေးလှ၏အရိပ်က ပျောက်ကွယ်သွားပေပြီ။

သို့သော် ဦးထွေးလှပြောပြခဲ့သော မုဆိုးကောင်းစံပါ လွတ်ငြိမ်းခွင့်ဖြင့် ထောင်ကလွတ်လာကြောင်း ကြားလိုက်ရ၍ သူ၏ရင်ထဲမှ ငုပ်လျှိုးနေခဲ့သော နာကြည်းခံပြင်းမှုကား ပြန်လည်၍ပေါ်ပေါက်လာခဲ့ရသည်။ သူ၏ဖခင် သေဆုံးခဲ့ရခြင်းအတွက် မုဆိုးကောင်းစံအား ယနေ့ထိ သူ အခဲမကြေသေးပါ။ တွေ့ရာနေရာ၌ လက်တုံ့ပြန်ရန် မိုးကောင်း တွေးသားသည်။ ယခု ထောင်ကထွက်လာပြီဆိုတော့ ရွာသို့ ပြန်ရောက်လာပေလိမ့်မည်။

"တောက် ... ခင်ဗျားကို ကျုပ်မကျေဘူး ကောင်းစံ"

မိုးကောင်း၏နာကြည်းခံပြင်းမှုကြောင့် တက်ခေါက်သံကို ကျောင်းကာတော့ ကြားမည် မဟုတ်ပါချေ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## သန္တိရသလူသား

နေသစ်၏အရုဏ်လင်းသည် ရှိးမထဲ တိုးဖြာကျခဲ့ပြီ။ မြင့်မား လှသော ရေတံခွန်ကြီးထက်မှ အရှိန်ဖြင့် စီးဆင်းကျနေသည့် ရေသံသည် တဝုန်းဝုန်းမြည်နေလေ၏။ ရေတံခွန်ကြီး၏မြောက်ဘက် သစ်တောမြက်ရိုင်းတောစပ်မှာ တောကောင်ငယ်လေးမှာ နေစာလှုံကာ အသီးကြွေများ၊ မြက်နုများအား စားသောက်နေကြလေသည်။

အနီးဝန်းကျင်ရှိ သစ်ပင်များထက်မှ ရောင်စုံငှက်ကျေးသာရကာများ၊ မျောက်အုပ်များ၏ တကွဲကွဲအော်မြည်သံများ၊ သစ်ကိုင်းတစ်ခုမှ တစ်ခုသို့ ခုန်ကျော်လွှဲပြီး ပျော်မြူးစွာ ဆော့ကစားနေသံကလည်း တစ်တောလုံး ဆူနေသည်မှာ နံနက်သစ်၏ဂီတပမာ ...။

တောပန်းတောင်ပန်းအချို့နှင့် တောသဇင်ပန်းများ၏သင်းပျံ့သောရနံ့ကလည်း ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့သင်းကြိုင်လှိုင်စွာ မွှေးရီနေလေသည်။

ယင်းသို့သော် ပတ်ဝန်းကျင်အား သူနှင့် လုံးဝမပတ်သက် မဆိုင်သကဲ့သို့ ရေတံခွန်ကြီး၏နံဘေးရှိ ကြီးမားသော ကျောက်ဖျာကြီးတစ်ခုထက်၌ တည်ငြိမ်စွာထိုင်နေသော လူတစ်ဦးရှိလေသည်။ သူ၏ကိုယ်ခန္ဓာထက်၌ အညိုရောင်ဝတ်စုံရှည်ကြီးအား ဝတ်ဆင်ထားလျက် ရှည်လျားသော ဆံပင်ရိုင်းကြီးတွေက ကျောလယ်သို့ ဘုတ်သိုက်ကြီး မဖြီးမသင်





အုပ်ဝဲနေ၏။ တင်ပျဉ်ခွေထိုင်နေလျက်က သူ၏မျက်ဝန်းအစုံတို့က မှေးမှိတ်လျက်ရှိသည်။

ဤကျောက်ဖျာပေါ်၌ ထိုသူသည် မည်သည့်အချိန် မည်သည့်ကာလကတည်းက ရောက်ရှိထိုင်နေမှန်း သူသာလျှင် သိပေမည်။ သူ၏မျက်နှာသည် ပကတိတည်ငြိမ်နေလျက် မျက်ဝန်းအစုံကို မှေးမှိတ်ထားသဲ၊ တရားရှုမှတ်နေခြင်းပင် ဖြစ်ပေလိမ့်မည်။

သူ၏အနီးဝန်းကျင်ရှိ ကျေးငှက်သာရကာပေါင်းစုံတို့၏ ကွန်ကျူးအော်မြည်သံနှင့် တောတိရစ္ဆာန်လေးများ၏ ပျော်ပါးရွှင်ပျော်နေသံတို့ကလည်း သူနှင့်လုံးဝမသက်ဆိုင်သည့်အလား သူ့အသွင်က ပကတိ တည်ငြိမ်လွန်းလှပေ၏။

သို့သော် ထူးခြားတာတစ်ခုရှိသည်။ ယင်းမှာ ထိုသူ၏မျက်နှာပြင်သည် မည်သည့်အတွက်ကြောင့်ဟု မဆိုနိုင်သော ဒဏ်ရာအမာရွတ်ကြီးတစ်ခုသည် မျက်နှာကို အရုပ်ဆိုးအကျည်းတန်နေစေတာပင် ဖြစ်လေသည်။

အတန်ကြာလျှင် သူ၏မျက်ဝန်းတွေက မှေးမှိတ်ထားရာကနေ ညင်သာစွာ ပွင့်ဟလာလေတော့သည်။ ထိုအခါ သူ၏အရုပ်ဆိုး အကျည်းတန်လွန်းလှသော မျက်နှာသွင်ပြင်နှင့် မလိုက်ဖက်စွာပင် မျက်ဝန်းအစုံသည် ကြည်လင်တောက်ပ၍နေသည်။

သူသည် နေရာကနေ မတ်တတ်ရပ်လိုက်သည်နှင့် မျောက်ညိုတစ်အုပ်သည် သူ၏ထံပါးသို့ ပြေးဆင်းလာပြီး သူ့ကိုယ်ပေါ်သို့ တွယ်တက်ကြ၏။ သူ၏မျက်နှာက ပြုံးရောင်သန်းသွားလေသည်။

"အင်း... သားတို့သမီးတို့ ဆာနေကြပြီလားကွယ်၊ လာ သာ ...ဂူထဲကို လိုက်ခဲ့ကြ"

'ခွီ ... ခွီး'

'ကွိ .. ကွိ'



www.burmeseclassic.com

www.burmeseclassic.com



မျောက်ညိုအုပ်ရော ရှဉ့်ညိုလေးများပါ ရွှင်ပျစွာ အော်မြည်လျက် ရှေ့ကနေ လှမ်းဖွက်သွားလေသော ယောဂီကြီးနောက်သို့ ခုန်ပေါက်လိုက်ပါသွားကြလေတော့သည်။

ရိုးမသည် နေရောင်လင်းကျင်းလာခဲ့ပြီဖြစ်သည်။

သိပ်မကြာခင် ရေတံခွန်ကျောက်ဆောင်ကြီး၏နံဘေးရှိ ကျောက်ဂူကြီးတစ်ခုတွင်းသို့ သူသည် ဝင်ရောက်သွားသည်။ ဂူသည် သိပ်ပြီးမကျယ်ဝန်းလှပါ။

ဂူတွင်း၌လည်း တောတိရစ္ဆာန်ငယ်အချို့ လဲလျောင်းလျက် ရှိလေသည်။ ညမှောင်လျှင် အချို့တောတိရစ္ဆာန်ငယ်လေးများသည် ဂူကြီးတွင်းသို့ သူနှင့်အတူ လာရောက်အိပ်စက်တတ်ကြလေသည်။ ယင်းတိရစ္ဆာန်ငယ်လေးများနှင့်သူ့အကြား ဆက်သွယ်ထားသည့် တစ်ခုသောအရာမှာ မေတ္တာတရားပင်ဖြစ်သည်။

ဂူကြီး၏ကျောက်ဖျာထက်ရှိ သစ်သီးဝလံများရှိရာသို့ ကိုယ်ပေါ်မှ မျောက်ညိုလေးများက ခုန်ပေါက်ပြေးဆင်းသွားကြ၏။ ငှက်ပျောသီး၊ တောင်သဖန်းသီး၊ စသည့်သစ်သီးဝလံများအား ဆွဲယူစားသောက်နေသော သတ္တဝါငယ်လေးများအားကြည့်လျက် သူ့ရင်၌ ကြည်နူးခြင်းတည်းဟူသော ပီတိသည် ခိုဝင်ရောက်လာ၏။

'နို ... နို'

'ကွိ'

မကြာမီ သူ၏ကျောက်ဂူကြီးထဲသို့လည်း နောက်ထပ် ဂူအပြင်ကနေ တောကောင်ငယ်လေးများ ထပ်မံ အပြေးအလွှား ဝင်ရောက်လာပြန်၏။ ဤကျောက်ဂူလေးသည် သူတို့အတွက် အေးချမ်းလုံခြုံရာ မေတ္တာရိပ်ကလေးအဖြစ် သတ္တဝါလေးများသည် နေ့ပေါင်းရက်ပေါင်းများစွာကြာလာသည်နှင့်အမျှ သိရှိလာကြလေပြီ။

သူ၏သတ္တဝါလေးများအပေါ်ထားရှိသော မေတ္တာတရားကြောင့်





လည်း ဖြစ်ပေမည်။

သူ၏အကြားအာရုံ၌ အေးမြကြည်လင်သည့် အသံတစ်သံအား ပြန်လည်ကြားယောင်လိုက်မိ၏။

"မေတ္တာတရားဆိုတာ စကြဝဠာကြီးရဲ့ တန်ခိုးစွမ်းအား အကြီးမားဆုံးသော အင်အားပဲဖြစ်တယ်၊ မေတ္တာတရားဆိုတာ လူသားတွေနဲ့ စကြဝဠာကြီးတို့ကြားက ဝင်ရိုးတစ်ခုပဲ၊ မေတ္တာတရား မတွန်းကားတဲ့နေရာမှာ အေးမြငြိမ်းချမ်းခြင်း မရှိနိုင်ဘူး၊ လူသားတွေဟာ အတ္တမာန်မာနကြီးမားတယ်၊ လောဘ, ဒေါသ, မောဟ အမိုက်မှောင်တွေ ထူပြောပြီး ရက်စက်ကြမ်းကြုတ်တဲ့ စရိုက်သဘာဝ ရှိကြတယ်၊ ကိုယ့်ထက် အင်အားသေးတဲ့သတ္တဝါတွေအပေါ်မှာလည်း နိုင်ထက်စီးနင်း သတ်ဖြတ်နေကြတယ်၊ ဒါ ... လောကပါလတရားကြီးကို ဖောက်ဖျက်ကျူးလွန်နေကြတာပဲ၊ သူတို့အတွက် ဥပဒေက စာရွက်ထဲမှာ မရှိပေမယ့် ပစ္စုပ္ပန်နဲ့ သံသရာမှာ ပါရှိသွားတယ်ဆိုတာ သတိမေ့လျော့နေကြတယ် ...၊

ဒီတော ဒီတောင်တွေထဲမှာ ဘာသာဘာဝ ငြိမ်းချမ်းစွာ အသက်ရှင်နေကြတဲ့ အပြစ်မဲ့သတ္တဝါလေးတွေအပေါ် ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ရက်ရက်စက်စက်သတ်ဖြတ်နေကြတယ်၊ ကိုယ်ချင်းစာစိတ် မေတ္တာကရုဏာ အကြင်နာစိတ် မထားရှိနိုင်ကြဘူး၊ ဒါကြောင့်လည်း လောကကြီးဟာ အရုပ်ဆိုးအကျည်းတန်နေရတာပဲဖြစ်တယ် ...၊

မင်းရဲ့ဘဝဟာ ပြောင်းလဲခဲ့ပြီ၊ မေတ္တာလမ်းပေါ် မင်းရောက်နေပြီ သူကလေး၊ တတ်နိုင်သမျှ သတ္တဝါတွေအပေါ် သနားညှာတာပါ၊ ကိုယ်ချင်းစာစိတ်မွေးပြီး ရန်ကိုရန်ချင်း မတုံ့နှင်းပါနဲ့၊ အရာရာကို မေတ္တာတရား, ခန္တီသည်းခံခြင်းတရားနဲ့သာ အနိုင်ယူပါ၊ လောကမှာ ကိုယ်က အလိုရမ္မက်ကြီးစွာ ယူသူဘဝထက် ပေးဆပ်နိုင်အောင် ကြိုးစားလေ့ကျင့်ပါ သိပ်မကြာခင် မင်းလိုချင်တဲ့ ပန်းကိုင်ကို ရောက်ရှိလာပါလိမ့်မယ်"

သူ၏ရင်ဘတ်အတွင်း၌ ယင်းစကားသံကိုက သံမှိုနှက်သကဲ့သို့

www.burmeseclassic.com



ထွဲမြဲနေခဲ့ပြီဖြစ်သည်။ အေးချမ်းကြည်လင်သည့် မေတ္တာတရား၏ အနှစ်သာရကို သူ နားလည်လာနိုင်ခဲ့ပြီဖြစ်သည်။ ဂူကြီး၏အတွင်း၌ သစ်သီးဝလံများကို စားသောက်နေသည့် အပြစ်မဲ့ဖြူစင်သော သတ္တဝါငယ်လေးများကို ငေးမောနေရင်းမှ သူ့ရင်သည် ကြည်နူးပီတိကို လှိုင်းခတ်နေလေသည်။

အတန်ကြာတော့ တောတောင်ငယ်လေးများသည် သူ့အား နှုတ်ဆက်သလို လာရောက်ထိတွေ့ပွတ်သပ်ကာ ကျောက်ဂူကြီးပြင်ပသို့ အလျှိုလျှို ပြေးလွှားထွက်သွားကြလေတော့၏။ ညနေစောင်း နေညိုချိန်ကမှ သူနှင့် ပြန်တွေ့ဆုံကြပေမည်။

သူသည်လည်း ဤရိုးမတောကြီးအတွင်းရှိ သတ္တဝါလေးများ ဘေးရန်အန္တရာယ်ကင်းဝေးအောင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရပေဦးမည်။ ဒါသည် အရာရာအား စွန့်လွှတ်ခွဲခွာထားရစ်ခဲ့ပြီဖြစ်သော သူ၏ နိဗ္ဗူဝ ပြုကျင့်မြဲ စရဏဝတ္တရားတစ်ခုပင် ဖြစ်လေတော့သတည်း။

သူသည် ဂူအတွင်းရှိ ကျောက်ပလ္လင်ကြီးထက်၌ တင်ပျဉ်ခွေထိုင်လိုက်လေတော့၏။

❊ ❊ ❊

## အလှမျက်ညနေ

မြဝန်းညို သူမ၏ခြေအစုံအား ရွာထိပ်ကန်ကြီးဆီသို့ ခပ်သွက်သွက် လှမ်းလာမိသည်။ ရေခပ်ပြန်သူ ဖွေးတုတ်တို့၊ မိစာဥတို့ကိုပင် မတွေ့ရတော့။

ယနေ့ညနေစောင်း၌ အိမ်မှာအလုပ်မပြတ်သည်မို့ ယခုကဲ့သို့ မြဝန်းညို သောက်ရေခပ်နောက်ကျနေရခြင်း ဖြစ်လေသည်။ ခြေလှမ်းအစုံအား ခပ်သုတ်သုတ်လှမ်းလာရာ ကန်စောင်းနံဘေး၌ လယ်ထဲက ပြန်လာသော ကိုသာမောင်နှင့် သွားဆုံသည်။

"ဟဲ့ မြဝန်းညို ... ဒီနေ့ ရေခပ်နောက်ကျပါလား"

"ဟုတ်တယ် ကိုကြီးသာမောင်ရေ ... အိမ်မှာ လုပ်စရာလေးတွေ မပြတ်လို့၊ အမေ့လည်း မရှိဘူး၊ တစ်ဖက်ရွာကို သွားနေလို့"

"ဪ ... အေးအေး ... ခပ်ခပ်၊ သိပ်တော့ မိုးမချုပ်စေနဲ့၊ ဒီအချိန် ရွာထဲက ကစော်မူး, ထန်းရည်မူးကောင်တွေက ရှိနေတာ"

ကိုသာမောင်သည် သတိပေးစကားပြောပြီး ရွာတွင်းသို့ နွားခွဲတာ လှမ်းဝင်သွားလေတော့သည်။ မြဝန်းညို ရွာဦးကန်ပေါင်သို့ လှမ်းတက်ထိုင်သည်။ ကန်ဘေးပတ်ပတ်သည်၌ ပေါက်လျက်ရှိသော နှစ်ချို့ညောင်ပင်ကြီးများ၏ အုပ်ဆိုင်းနေမှုကြောင့် ကန်တစ်ဝိုက် မှောင်ပျလျက်ရှိနေသည်ပြီ။ ဆောင်နေသူ တစ်ဦးမျှပင် မတွေ့မမြင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



မြဝန်းညို ရေဆင်းတံတားကနေ ရေအိုးအား နှစ်လိုက်ကာ ခပ်လိုက်၏။ ခပ်ပြီးသည်နှင့် ရေအိုးအား ဦးခေါင်းထက်သို့ ပင့်မြှောက်လိုက်ကာ ကန်ပေါင်ပေါ်ကနေ ဆင်းလာလိုက်လေသည်။

ကန်ပေါင်ပေါ်က ဆင်းလာရင်း မြဝန်းညို အနောက်ဘက် ရိုးမစပ်ဆီသို့ မျှော်ကြည့်လိုက်မိသေးသည်။ နေ့လယ်ခင်းက မိုးကောင်းတို့အိမ်ဘက် မြဝန်းညို ရောက်ရှိသွားသေး၏။ မိုးကောင်း၏မိခင်ဖြစ်သူ ဒေါ်နှင်းထုံဖြင့်သာ တွေ့ခဲ့ရ၏။

မိုးကောင်း အမဲပစ်သွားသည်မှာ နှစ်ရက်ခန့်ရှိနေပြီဟု သိရသည်။ ဒေါ်နှင်းထုံအား ယူလာသည့် ဆေးဝါးတချို့နှင့် ဓာတ်စာပေးရင်း မြဝန်းညို နှုတ်ဆက်ကာ ပြန်လာခဲ့လေ၏။ ကန်ပေါင်တာရိုးလေးအတိုင်း မြဝန်းညို ရွာဘက်ဆီသို့ လျှောက်လာခဲ့သည်။ ထိုစဉ် ...

"အမေ့"

ဖျတ်ခနဲ သူမ၏ညာဘက်နံဘေး ညောင်ပင်ကြီးအကွယ်ကနေ လှမ်းထွက်လာသည့် အရိပ်သဏ္ဍာန်တစ်ခုကြောင့် အထိတ်တလန့် အော်မည်ပြုစဉ် ကြမ်းတမ်းသော လက်ဝါးကြီးတစ်ဖက်က သူမ၏ပါးစပ်အား ပိတ်လိုက်သည်ကို ခံစားလိုက်ရ၏။

မြဝန်းညို ထိတ်လန့်တကြား အတင်းရုန်းကန်လိုက်သည်။

'ခွမ်း'

'အု .. အု'

"မအော်နဲ့ ... အော်ရင် သတ်ပစ်လိုက်မယ်"

မြဝန်းညို အတင်းကြောက်လန့်တကြား ရုန်းကန်တွန်းထိုးနေမိစဉ် မျက်နှာအား အဝတ်စည်းထားသူထံမှ မာကျန်သည့်လေသံနှင့်အတူ ဝင်းလက်နေသော ဓားမြှောင်ကိုပါ မြင်လိုက်သဖြင့် သူမ မျက်ဝန်းဝိုင်းသွား၏။

နောက်ထပ် လူနှစ်ယောက်ကလည်း သစ်ပင်များအကွယ်ကနေ ပြေးထွက်လာပြီး သူမအား အတင်းဆွဲကာ ရိုးမစပ် သင်ပေါင်းတောဘက်





သို့ ဆွဲခေါ်သွားလေတော့သည်။

"လွှတ် ... လူယုတ်မာတွေ ... အု ... အု"

"ပါးစပ်ပိတ်ထား ... အော်ရင် ပြဿနာပေါ်ကုန်မယ် ... မြန်မြန်လုပ်ကွ"

"ဟင်"

မျက်နှာတွေကို ချည်နှောင်ထားကြပါသော်လည်း ပြောလိုက်သော အသံကို မြဝန်းညိုကျက်မိလိုက်၍ အံ့အားသင့်သွားမိသည်။ အသံက ရွာတွင်းရှိ ထန်းရည်သမား တာတီး၏အသံ။ ဒါ ... ဒါဆို ကျန်သူတွေက

မြဝန်းညို သူမ၏စိတ်တွင်းမှအတွေးကို ရှေ့ဆက်မတွေးနိုင်တော့ဘဲ ကြမ်းတမ်းသော လူသုံးဦး၏တွန်းထိုးခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

ကန်ပေါင်တစ်ဝိုက်သည်လည်း ရှင်းလင်းနေသဖြင့် မြဝန်းညို၏အဖြစ်ကို မည်သူမျှ မမြင်မတွေ့လိုက်ကြပါချေ။ မြဝန်းညို အော်ဟစ်အကူအညီတောင်းပါကလည်း ရွာဦးရေကန်နှင့် ရွာစည်းရိုးသည် ကွာဝေးသဖြင့်လည်း မည်သူမျှမကြားနိုင်ပါချေ။

သို့သော် ယင်းအဖြစ်ကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသူ တစ်ဦးတော့ရှိပေသည်။ ယင်းမှာ ဗျိုက်တောစပ်နံဘေးကနေ ရွာသို့ ဖြတ်ပြန်လာသော ရွာသားဖိုးလုံးပင် ဖြစ်သည်။

"ဟင် ... မမြ ... မြဝန်းညိုပါလား ... ဒါ ... ဒါက"

သူ၏မြင်ကွင်းထဲမှာ မြဝန်းညိုအား ဓားကိုင်ထားသော လူသုံးယောက်တို့က အတင်းအဓမ္မ တွန်းထိုးပြီး တောစပ်သို့ ဆွဲခေါ်သွားနေသော မြင်ကွင်းပင်ဖြစ်သည်။ ချက်ချင်းပင် ဖိုးလုံး သဘောပေါက်သွား၏။ ရင်ထဲ ထိတ်ခနဲဖြစ်သွားလေ၏။ ဖိုးလုံး ရွာဘက်သို့ ချာခနဲ ဒုန်းစိုင်းပြေးလေတော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## သတင်းဆိုး

''ဦးကြီးညိုခက် ... ဦးကြီးညို ... ခက်''

ခြံဝိုင်းတွင်းသို့ ပုဆိုးမနိုင်ပဝါမနိုင်ဖြင့် အော်ဟစ်ရင်း အလဲလဲ အကွဲကွဲပြေးဝင်လာသည့် နွားကျောင်းသားလေး ဖိုးလုံးကိုမြင်လိုက်၍ သူကြီးဦးညိုခက် မျက်မှောင်ကြုတ်သွားရသည်။ တစ်ဆက်တည်း မပြေ သေးသော ဒေါသဖြင့် လှမ်းမေးလိုက်ကာ ...

''ဟေ့ကောင် ဖိုးလုံး ဘာဖြစ်လာတာလဲ''

''ဟော ... ဟောဟဲ''

ရွာထိပ်မှာ သောက်ရေသွားခပ်သည့် သမီးဖြစ်သူမြဝန်းညို ခုထိ ပြန်မရောက်သေး၍ စိတ်တိုနေသည့် ဦးညိုခက်က ဖိုးလုံးအား မာထန်ထန် မေးလိုက်၏။ ဖိုးလုံးသည် ဟောဟဲဆိုက်၍နေရင်းကပင် အလျင်အမြန် ..

''ရွာ ... ရွာထိပ်မှာ ဓား ... ဓားပြတွေ ... မြ ... မြဝန်းညို ကို ဖမ်း ... ဖမ်း ခေါ်သွားတာတွေ့ ... တွေ့ခဲ့တယ် ဦးကြီးညိုခက်''

''ဟင်''

ဖိုးလုံး၏စကားသည် သူကြီးဦးညိုခက်၏ရင်သို့ ဒုန်းခနဲဝင်ဆောင့် လေသည်။ ချက်ချင်းပင် ဖိုးလုံး၏အနားသို့ ရောက်သွားပြီး ...

''ပြန်ပြောစမ်း ... ပြန်ပြောစမ်း ဖိုးလုံး ... သမီးကို ဓားပြတွေ ဖမ်းခေါ်သွားတယ် ... ဟုတ်လား၊ ဘယ် ... ဘယ်မှာတွေ့ခဲ့တာလဲ''

''ရွာ ... ရွာဦးကန့်ထိပ်က သင်ပေါင်းတောနားမှာ၊ ဓားပြတွေက





သုံးယောက်ဗျ ... လက်နက်တွေလည်း ပါကြတယ်၊ သူ ... သူတို့တွေ မ ... မမြဝန်းညိုကို တောစပ်အတင်းဆွဲခေါ်သွားတာ ... ဗျ''

ဖိုးလုံးသည် သူ မျက်မြင်ကိုယ်တွေ့ကြုံလာခဲ့သော မြင်ကွင်းကို ပြောလိုက်လေသည်။ ဖိုးလုံး၏စကားအဆုံး ရွာသူကြီးဦးညိုခက်၏ မျက်နှာ သည် ချက်ချင်း စိုးရိမ်ရိပ်လွှမ်းသွားပြီး ...

''ဟာ ... မ ... မဖြစ်ဘူး၊ မင်းမြင်တာ အမှန်နော်၊ ဖိုးလုံး''

''ဟာ ... ဦးကြီးညိုခက်ရာ ကျွန်တော်က မမြင်မဟုတ်ဘဲနဲ့ အမောဆို့ခံ ပြေးလာပြီး ပြောပါ့မလားဗျာ''

''ဒါဆို ... မင်း ရွာထဲက ညိုမောင်တို့၊ သာဦးတို့ကို ပြေးပြော စမ်း ... ငါ ခုချက်ချင်း ခေါ်နေတယ်လို့၊ ရွာသားတွေလည်း စုခေါ် လာလိုက်လို့၊ မြန်မြန်သွား ... မြန်မြန်''

ဦးညိုခက်၏စကားဆုံးသည်နှင့် ဖိုးလုံးသည် သွက်လက်စွာ ရွာ တွင်းသို့ ပြေးဝင်သွားလေတော့သည်။ သူကြီးဦးညိုခက်၏မျက်နှာကြီး နီရဲတင်းမာလျက် တက်တစ်ချက်အား ခံပြင်းစွာ ခေါက်လိုက်မိလေသည်၊

''တောက်''

ချက်ချင်းပင် အိမ်ခြံဝိုင်းထဲကနေ အိမ်ပေါ်သို့ လွှားခနဲ ပြေးလွှား တက်လိုက်ကာ အိမ်အပေါ်ထပ်နံရံ၌ ချိတ်ဆွဲထားသည့် ငှက်ကြီးတောင် ဓားအား ဆွဲဖြုတ်ယူလိုက်၏။ ဦးညိုခက် အောက်ထပ်သို့ ပြန်ဆင်းလာ သည်နှင့် ဖိုးလုံးနှင့်အတူ ရွာတွင်းရှိ ဆယ်အိမ်ခေါင်း ညိုမောင်နှင့် ကာလ သားခေါင်း သာဦးအပါအဝင် ရွာသားလေးငါးဆယ်ယောက်ကို ခြံဝိုင်း တွင်းသို့ အပြေးအလွှားရောက်လာကြသည်ကို မြင်တွေ့လိုက်ရ၏။

တချို့ရွာသားတွေ၏လက်တွင်း၌ လက်နက်များကိုင်ဆောင်လာ ကြလေသည်။ ဆယ်အိမ်ခေါင်းသာဦးက ...

''သူကြီး မြဝန်းညိုကို ဓားပြတွေ ခေါ်သွားလို့ဆို''

''ဟုတ်တယ် ... ဖိုးလုံးကိုသာ မေးကြည့်တော့ ... တောက်



www.burmeseclassic.com

www.burmeseclassic.com



• ဖိုးလုံးသည် သူ မြင်တွေ့ခဲ့သည်များကို ရွာသားများအား ထပ်မံ ပြောပြလိုက်သည်။ ထိုအခါ ရွာသားအချို့က ခံပြင်းသောမျက်နှာများဖြင့်

"တောက် … ဒါ ကျုပ်တို့ရွာကို စော်ကားတာပဲဗျ၊ သုံးယောက် ဆိုတာတော့ မြင်လိုက်သလား၊ ဘယ်ကောင်တွေလဲ"

"သူတို့က မျက်နှာတွေကို စည်းထားကြတာ၊ သုံးယောက်ဆိုတာ တော့ သေချာတယ်၊ ကျွန်တော် သေချာမြင်လိုက်တာ"

"မဖြစ်ဘူး သူကြီး … အားချင်း တောနင်းရှာမှဖြစ်မယ်၊ အချိန် က လင့်နေပြီ၊ သိပ်မှောင်သွားရင် မကောင်းဘူး"

"ဟုတ်တယ် … သာဦးပြောသလို ငါတို့ အမြန်လိုက်ရှာမှ တော်ကြာ ငါ့သမီးလေး ရေတိမ်မှာ …"

"တောက် … တွေ့ရင်တော့လားကွာ"

ရွာသားများသည် ခံပြင်းနေသူ၊ ဒေါသထွက်နေသူများနှင့် တစ် ယောက်တစ်ပေါက် ဆူညံနေကြ၏။ ခဏအကြာတွင် မြဝန်းညိုအား ရှာဖွေ ရန် လိုအပ်သည့်လက်နက်များ၊ ဓားလှံများမှစ၍ မီးတုတ် ဓာတ်မီးများပါ မကျန် ယူဆောင်ကာ ဖိုးလုံးလမ်းပြသည့်အတိုင်း လျင်မြန်စွာ ရိုးမဘက် ဆီသို့ ထွက်ခွာလာခဲ့ကြလေသည်။

ဦးညိုခက်၏ရင်မှာ မီးတောက်ကြီးတစ်ခုကဲ့သို့ တောက်လောင် နေလေသည်။ သမီးဖြစ်သူအတွက်လည်း စိုးရိမ်ပူပန်လွန်းလှစွာ ခြေလှမ်းကို ခပ်သုတ်သုတ်လှမ်းနေမိသည်။ ရိုးမကြီးသည် ကျယ်ပြန့်နက်ရှိုင်းလွန်း လှ၏။ မည်သည့်နေရာမှာ မည်သို့ရှာဖွေရမည်နည်း။

မည်သို့ပင်ဖြစ်စေ … တစ်ညလုံး မတွေ့တွေ့အောင် ရှာဖွေရပေ မည်။ နို့မို့ဆိုလျှင် သူသိပ်ချစ်သော သမီးမြဝန်းညို၏ဘဝသည် …။

သူကြီးဦးညိုခက် မေးကြောကြီးများ ထောင်အောင်ပင် အံကို တင်းတင်းကြိတ်လိုက်မိတော့၏။

❋ ❋ ❋



## ချစ်သူအတွက် အသက်သေ

အမှောင်က ပျိုးစပြုနေလေပြီ။

'အဟွတ် .. ဟွတ် .. ဟွတ်'

"အမေ … အမေ … သက်သာရဲ့လား"

ဒေါ်နှင်းထုံ၏ရှုံ့ကျပ်နေသော ချောင်းဆိုးသံနှင့်အတူ အနား ထွေးခံအင်တုံတွင်းသို့ ထွေးချလိုက်သည့် သလိပ်များနှင့် သွေးစတခ် ကိုပါ တွေ့လိုက်ရ၍ မိုးကောင်း ညင်သာစွာ မေးလိုက်မိသည်။ မိခင်ဖြစ်င ဉ်မျှဝေဒနာကို ပြင်းပြစွာခံစားနေရသည်ကို မိုးကောင်း မည်သို့မျှ မကြေ ရက်နိုင်ချေ။ ဒီရက်တွေအတွင်း မိခင်ဖြစ်သူ ရောဂါက ပိုသည်းလာေ

ဒါကြောင့်လည်း ဒီညနေ မည်သည့်အမဲမှမရဘဲ ရိုးမထဲက ပြ ဆင်းလာခြင်းဖြစ်သည်။

ညရေးညတာဆိုလျှင် မိခင်ဒေါ်နှင်းထုံ၏ထံပါး၌ အဖော်အဖြ သူရှိနေမှဖြစ်မည်။ ထို့ကြောင့် ယခင်ကနှယ် ရက်ကြာကြာ ရိုးမထဲ အမဲပစ် သိပ်မထွက်တော့။ သားကောင်များကလည်း ဖွတ် ပဒတ်လော က လွဲ၍ ရိုးမ၌ အတော်ရှားပါးလာလေပြီ။

ထိုစဉ် ခြံဝိုင်းရှေ့ဆီကပန …

"မိုးကောင်းရေ … မိုးကောင်း"

"ဘယ်သူလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်အား အလျှင်စလိုခေါ်သံနှင့်အတူ ခြံဝိုင်းစပ်ကနေ အလျင်အမြန် အပြေးကလေးဝင်လာသူတစ်ဦးအား အမှောင်ရိပ်ထဲမှ လှမ်းမြင်လိုက်ရသည်။ အနီးရောက်တော့မှ . . .

"ဟာ . . . မြထိန်"

"မိုး . . . မိုးကောင်း မင်း . . . သိပြီးပြီလား"

"ဘာလဲ . . . ဘာသိရမှာလဲကွ . . . အရင်းမရှိ အဖျားမရှိ"

မျက်စိပျက်မျက်နှာပျက်ဖြင့် ဒရောသောပါး လှမ်းဝင်လာသူမှာ မြထိန်ဖြစ်နေသည်။ မိုးကောင်း ဘာမှန်းညာမှန်းမသိ၍ ပြန်မေးလိုက်မိ၏။

"မြ . . . မြဝန်းညို ညနေက ရွာထိပ်ကန်မှာ ရေခပ်ပြန်ရင်း ဓားပြတွေ တောထဲခေါ်သွားလို့တဲ့"

"ဘာ"

"အေး . . . အဲဒါ သူကြီးဦးညိုခက်ရော၊ သာဦးတို့၊ ကိုညိုမောင်တို့ပါ ရွာသားတွေစုပြီး လက်နက်ကိုယ်စီနဲ့ တောထဲလိုက်သွားကြပြီ"

"မြ . . . မြဝန်းကို ဓားပြတွေ ခေါ်သွားတယ်"

"မိုးလုံးက မြင်ပြီး ရွာကိုပြေးပြောလို့ အဲဒါ . . ."

မြထိန် ပြောသည့်စကားတွေက မိုးကောင်း၏ရင်ထဲသို့ မုန်တိုင်းတစ်ခု ဝင်မွှေသလို ကြမ်းတမ်းစွာလှုပ်ခါသွားသည်။ တစ်ဆက်တည်းချစ်ရသူ မြဝန်းညိုအတွက် အတိုင်းအဆမရှိသော စိုးရိမ်ခြင်းက ယော်ထိပ်ထိတိုင် တိုးဆောင့်လာလေ၏။

"မင်း လိုက်သွားမှဖြစ်မယ် . . . တော်ကြာ . . ."

"ငါလိုက်မယ်"

မိုးကောင်း ပြောပြီးမှ မိခင်ဖြစ်သူအား သတိရလိုက်မိသည်။ မြထိန်သည် သူ့မျက်နှာရိပ် မျက်နှာကဲကို ရိပ်စားမိဟန်ဖြင့် . . .

"ဟေ့ကောင် မိုးကောင်း . . . မင်းက တောကျွမ်းတယ်၊ အမိုးဒေါ်နှင်းထုံအတွက် မပူနဲ့ . . . ငါရှိနေမယ် . . . မြန်မြန်သာ သွား"





"အဟွတ် အဟွတ် . . . ဟုတ်တယ်သား . . . အမြန်လိုက်သွားတော်ကြာ သမီးလေးမြဝန်း တစ်ခုခုအန္တရာယ်တွေ့နေပါဦးမယ်ကွယ်၊ အမေ့အတွက် မပူနဲ့ . . . သွား . . . သွား သား"

မိုးကောင်း ဘာမျှမပြောတော့ဘဲ နံရံမှာချိတ်ထားသည့် လက်ခွတော် ဒူးလေးအား ဖြုတ်ယူကာ အိမ်ပေါ်ကနေ လွှားခနဲပြေးဆင်းသွားလေတော့သည်။ လရောင်က လင်းမြစွာ သာနေလေသည်။ မိုးကောင်း၏ခြေဖျားကနေ ဆံစထိတိုင် မြဝန်းညိုအတွက် ဖော်မပြနိုင်သော စိုးရိမ်စိတ်က လွှမ်းခြုံနေလေသည်။ ရိုးမဆီသို့ ပြေးလွှားနေသော သူ့ခြေလှမ်းတွေကိုပင် နှေးသလို ထင်နေ၏။

ချက်ချင်းလိုလို မိုးကောင်း ရိုးမစပ် လှည်းလမ်းပေါ်သို့ ရောက်ရှိလာ၏။

လရောင်သည် ယနေ့ညမှ လင်းမြနေ၍ တော်ပေသည်။ ဆူးချုံများ ကိုင်းစပ်များကို အတင်းတိုးဝှေ့ဖြတ်သန်းလာသောကြောင့် မိုးကောင်း၏ကိုယ်လုံး ခြစ်ရာရှရာတွေအပြည့်။ သို့သော် ယင်းမပြောပလောက်သော အနာတရတွေသည် သူ၏နှလုံးသားတွင်းက စိုးရိမ်ပူပန်ခြင်းဝေဒနာကို မမီချေ။

ရိုးမတွင်းသို့ အနီးဆုံးသစ်ခုတ်လှည်းလမ်းကနေ သူ ပြေးဝင်ခဲ့သည်။ လရောင်ဖုံဖုံအောက်၌ မြင်တွေ့နေရသည့် ခြေရာများကြောင့် ဦးကြီးညိုခက်နှင့်ရွာသားများလည်း ရိုးမထဲသို့ သူ့ရှေ့ကနေ ဝင်ရောက်သွားပြီမှန်း တပ်အပ်သိလိုက်၏။

တစ်နေရာအရောက်၌ ခြေရာများပျောက်သွား၏။ မည်သည့်ဘက်သို့ ချိုးကွေ့သွားသည်မှန်း မိုးကောင်း မဝေခွဲတတ်တော့ချေ။ ရိုးမထဲမှာ လမ်းသွယ်လမ်းပြောင်တွေက များပြားလွန်းသည်။

ဤမျှကျယ်ပြန့်သော ရိုးမတွင်း၌ ယခုလို ညဘက်အချိန် မှိုင်းမှိုင်းနှင့် . . . နေ့လယ်နေ့ခင်းပင်လျှင် တောမကျွမ်းကျင်ပါက လမ်းမှား



www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ ယခုအဖြစ်က ဓားပြများခေါ်ဆောင်သွားသည်ဟူသော ချစ်ရသူ မြဝန်းညိုအား ကောက်ရိုးပုံထဲမှာ အပ်ပျောက်ရှာရသကဲ့သို့ ဖြစ်ရသော အဖြစ် . . .။

မြဝန်းညို၏အဖြစ်ပျက်အား မြင်တွေ့လိုက်ရသည့် ဖိုးလုံး၏ စကားအရဆို ဓားပြတွေက သုံးယောက်ဖြစ်နေ၏။ ဖျတ်ခနဲ မိုးကောင်း၏အတွေးထဲမှာ ဗညားအောင်၊ တာတီးနှင့်လှကြီးမောင်တို့သုံးယောက်၏ မျက်နှာများက ကွက်ခနဲပေါ်လာ၏။

လျှော်ထုံးရွာထဲ၌ သုံးယောက်သား ကြက်တိုက် ဖဲရိုက် တွဲလေ့ တွဲထရှိသော သုံးယောက်။ ပြီးတော့ ဓားပြဟုပြောရအောင်လည်း သူတို့ လျှော်ထုံးရွာတင်မက . . . ရွာနီးချုပ်စပ်များ၌ပင် ဓားပြဟူ၍ တစ်ကြိမ် တစ်ခါမျှ မကြားမိဖူးချေ။

အရာရာကို ကြောင်းကျိုးဆက်စပ်၍ မိုးကောင်း ရိပ်စား သဘော ပေါက်မိလိုက်ပြီဖြစ်၏။ ခံပြင်းလွန်းစွာ တက်ကာစ်ချက်ခေါက်လိုက်မိသည်။ ဒူးလေးကို တင်းကျပ်စွာ ဆုပ်လိုက်မိ၏။

"တောက်"

သူ၏ရင်ထဲမှာ နာကြည်းခံပြင်းမှုဖြင့် စပ်ဖျင်းဖျင်း ဖြစ်နေလေ ေသည်။

❁ ❁ ❁





"နင် . . . နင် လူယုတ်မာပဲ ဗညားအောင် . . . ငါ့ကို ခုလွှတ်"

မြဝန်းညို၏စကားသည် ဒေါသဖြင့် တင်းမာခက်ထန်နေသည်၊ သူမ၏ရှေ့တွင် ထွန်းထားသည့် မီးတုတ်အလင်းရောင်အောက်မှာ မထိမဲ့ မြင်မျက်နှာဖြင့် အရက်သောက်မပျက်သည့် ဗညားအောင်က ပြုံးလိုက်၏ မြွေဆွေးတစ်ကောင်၏အပြုံးမျိုးဖြစ်သည်၊ ပြီးမှ ဟက်ခနဲ ရယ်မောလိုက်ကာ

"ပြောရက်လိုက်တာ မြဝန်းညိုရယ်၊ နင့်ကိုလိုချင်လို့ ငါက ခေါ် လာပါတယ်ဆိုမှ ပြန်လွှတ်ပါလို့ မင်းမှိုပြောရက်တယ်၊ ငါ မင်းကို သိပ် ချစ်လွန်းလို့ မရရအောင် ခေါ်လာခဲ့တာ သိလား . . . အဟား ဟား"

"ထွီ . . . နင့်လိုကောင်မျိုး ငါ့တစ်သက် စိတ်တောင်မကူးဘူး ဗညားအောင်"

"ဟော့ကောင် ဘာတီး . . . မြဝန်းညိုက ခုထိ လေသံက မာနေ တုန်းပါလားကွ . . . ဟား ဟား"

ဗညားအောင်က အရက်ခွက်ကို မော့သောက်လိုက်ပြီး နံဘေးရှိ တာတီးနှင့်လှကြီးမောင်ဘက်သို့ လှမ်းကြည့်လိုက်ကာ ပြုံတီတီပြောလိုက် ၏။ မြဝန်းညိုသည် မိမိ၏ရွာသားဖြစ်လျက်က ဗညားအောင်၏အနိုင် အစေ ကျေးကျွန်ဖြစ်နေသော တာတီးနှင့်လှကြီးမောင်အားလည်း နှမ်း စက်ဆုပ်စွာ ကြည့်လိုက်၏။ တာတီးက . . .



www.burmeseclassic.com

www.burmeseclassic.com



''အဟီး . . . မြဝန်းညိုက ငါတို့ရှိနေလို့ ရှက်ပြီးမူနေတာ ဖြစ်မှာပါကွာ၊ ခဏကြာရင် တက်ဝင်သန်းကုသလေး ကျပြီးရင် မင်းအလိုကျ မင်းစိတ်ကြိုက် လေသံပျော့သွားမှာပါ ဗညားအောင်ရာ . . . မပူစမ်းပါနဲ့ ဟား ဟား''

''မြဝန်းညိုရာ တာတီးပြောသလိုပဲ ဗညားက နင့်ကို သိပ်ချစ်လွန်းလို့ ဒီလိုအခြေနေမျိုး လုပ်ရတာပါ၊ တော်ကြာ မိုးကောင်းရဲ့လက်ထဲ ပါသွားမှာစိုးလို့ ငါတို့လည်း ဒီကောင်ခံစားနေရတာ မကြည့်ရက်လို့ပါဟာ . . . ဟဲ ဟဲ . . ခွင့်လွှတ်ပါ''

''ခွေး . . . ခွေးတိရစ္ဆာန်တွေ . . . တစ်ရွာတည်းသားဖြစ်ပြီး နမချင်း မစာမနာ''

''ဟီး ဟီး . . . ငါတို့မှာ စာနာရအောင် နမလည်း မရှိဘူး၊ ညီမလည်း မရှိဘူး . . . ဟား ဟား''

''ကဲ . . . ဟေ့ကောင် တာတီးနဲ့လုကြီးမောင်''

ဗညားအောင်သည် နောက်ဆုံးလက်ကျန်ခွက်ကို တစ်ဟုန်ထိုး မော့ပစ်လိုက်ကာ အနားတွင်ရှိသော တာတီးနှင့် လုကြီးမောင်အား အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်လိုက်လေသည်။ သူ၏မျက်နှာသည် ရမ္မက်အနိုးအငွေ့များလျှံကာ ကျောက်ဂူကြီးအတွင်းရှိ မီးရောင်အောက်၌ မသတီစရာအသွင် ဖြစ်နေ၏။ သူတို့ရောက်ရှိနေသောနေရာသည် ငှက်ကြီးချောင်းအနီးရှိ လုံခြုံစိတ်ချရသော ဂူကြီးတစ်ခုထဲမှာ ဖြစ်လေသည်။

တာတီးသည် အရက်ပုလင်းကိုကိုင်ကာ ဒယီးဒယိုင်ထရပ်လိုက်ရင်း . . .

''ဟေ့ကောင် ဗညား . . . မြဝန်းညိုကို ညင်ညင်သာသာလေး တော့ ဆက်ဆံပါကွာ၊ ငါတို့ရွာရဲ့ကွမ်းတောင်ကိုင်လေးမို့ပါ . . . ဟားဟား''

''ဟီး ဟီး . . . ငါတို့ကလည်း အလိုက်သိပါတယ်ကွာ . . . ဟဲ ဟဲ၊ လာ တာတီး . . . ငါတို့ ဂူအပြင်မှာ ဆက်ဝိုင်းဖွဲ့ကြမယ်''





''လူ . . . လူယုတ်မာတွေ''

မြဝန်းညိုသည် လက်နှစ်ဖက်အား နွယ်ကြိုးဖြင့် ပူးကပ်ချည်ထားသည်ကို အတင်းရုန်းကန်နေမိသည်။ သူမ၏လက်တွေသာ နာကျင်စုတ်ပြတ်လျက် သွေးတို့ယိုစီးလာသည်။

''ရုန်းမနေပါနဲ့ မြဝန်းရယ် . . . ကိုဗညား ဖြည်ပေးမှာပါ . . . အဟဲ''

''နင် . . . နင် ငါ့အနားမကပ်နဲ့''

မြဝန်းညို လက်နှင့်ခြေတို့အား ကြိုးဖြင့် တုပ်နှောင်ခံထားရပါလျက် နောက်သို့အတင်းဆုတ်နေမိသည်။ တာတီးနှင့်လုကြီးမောင်လည်း ဂူပြင်သို့ထွက်သွားကြပြီ၊ ကျောက်ဂူကြီးတွင်းမှာ သူမနှင့်ဗညားအောင်သာ၊

''ကိုယ်ဖြည်ပေးပါမယ် မြဝန်းလေးရယ်၊ လက်တွေ နာကုန်မှာပေါ့''

''နင် . . . နင်နော် . . . မယုတ်မာနဲ့''

''အချစ်ကို အေးချမ်းစွာ တောင်းခံယူလို့မရရင် အဓမ္မယူသင့် ယူရမှာပဲ မြဝန်းညို . . . ဟဲ ဟဲ . . . နင် ဘယ်လောက်ခါင်းမာနိုင်မှာလဲ''

ဗညားအောင်က မြဝန်းညိုနားသို့ တိုးကပ်လာရင်းမှ ကြိုးတွေကို ဖြည်ပေးလိုက်လေသည်။ လက်နှစ်ဖက် လွတ်မြောက်သွားသည်နှင့် မြဝန်းညို ဗညားအောင်၏ပါးကို ဒေါသတကြီး လှမ်းရိုက်လိုက်၏။ ဗညားအောင်သည် သူမ၏လက်အစုံအား ဖျတ်ခနဲ ဖမ်းချုပ်လိုက်ကာ . . .

''လွှတ် . . . လွှတ်နော် . . . လူယုတ်မာ''

''ဟဲ ဟဲ . . . ချစ်လို့ပါ မြဝန်းရယ်''

ယင်းအခိုက် ထူးဆန်းသောအဖြစ်အပျက်တစ်ခု လျှပ်တစ်ပြက် ပေါ်ပေါက်လာလေသည်။ ယင်းမှာ ကျောက်ဂူကြီး၏အပြင်ဘက်မှ ကျယ်လောင်သော ဟင်းကောင်ကြီး၏ဟိန်းသံအား ကြားလိုက်ရခြင်းပင် ဖြစ်လေသည်။

'ဝေါင်း'



www.burmeseclassic.com

www.burmeseclassic.com



"အား ... အား"

"အမလေး ... ကျား ... ကျားကြီး"

ကျောက်ဂူကြီး၏အပြင်မှ ဟင်းကောင်ကြီး၏ဟိန်းဟောက်မာန်ဖီသံနှင့်အတူ တာတီးနှင့်လုကြီးမောင်တို့၏ ကြောက်မက်သွေးပျက်ဖွယ်ရာအသံကြီးများ ထွက်ပေါ်လာလေသည်။ သို့သော် တခဏ တစ်ခဏမျှသာ ...။

ဗညားအောင်သည် နီးကပ်စွာကြားလိုက်ရသော ဂူပေါက်ဝမှ ကျားဟိန်းသံကြီးနှင့်အတူ တာတီးတို့၏အော်ဟစ်သံ၊ ဟင်းကောင် မာန်ဖီသံများကြောင့် တဒင်္ဂကြောင်ငေးထိတ်လန့်သွားခိုက် မြဝန်းညိုသည် ဗညားအောင်၏လက်တွင်းမှ ရုန်းထွက်လိုက်၏။

မြဝန်းညိုသည် စုတ်ပြဲနေသည့် သူမ၏အဝတ်အစားကို လက်နှစ်ဖက်ယှက်ကာ ကြောက်ဂူဝသို့ပြေးအထွက် ...

'ဖဝါင်း'

ဂူတွင်းသို့ ပြေးဝင်လာသော ကြီးမားသည့် ဟင်းကောင်ကြီး။

ဟင်းကောင်ကြီးသည် မြဝန်းညိုနံဘေးကနေ လွှားခနဲ ပြေးလွှားကာ ကြောင်ငေးနေသည့် ဗညားအောင်၏ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်လေတော့၏။

"အ ... အား"

ဗညားအောင်၏ငယ်သံပါအောင် ကြောက်လန့်တကြား အော်ဟစ်လိုက်သံကြီးက ဂူအတွင်းသို့ ပဲ့တင်ထပ်သွားလေတော့သည်။ ဗညားအောင်နှင့်ဟင်းကောင်ကြီးသည် လုံးထွေးသွား၏။ မြဝန်းညို အသည်းပျက်မတတ် ထိတ်လန့်ကြောက်ရွံ့လျက် သတိလစ်မေ့မြောသွားလေတော့သည်။ သူမ ဘာမျှမသိတော့ပါချေ။

❊ ❊ ❊



## ဟင်းကောင်ဆောင်ချောက်

"မြဝန်း ... မြဝန်းရေ ... မင်း ဘယ်မှာလဲ"

မိုးကောင်း၏အသံသည် လရောင်အလင်းဟပ် ယိုဖိတ်စီးကျနေသည့် တောကြီးထဲသို့ ပဲ့တင်ထပ်လွှင့်ပျံ့သွား၏။ သစ်ပင်ကြီးတွေသည် လရောင်ဖြင့် စိုစွတ်နေသည်။

မိုးကောင်း၏အခေါင်တွေပင် ခြောက်ကပ်၍ ကွဲအက်လုလု ဖြစ်နေခဲ့ပေပြီ။ ဤမျှနက်ရှိုင်းလွန်းလှသော ရိုးမတောကြီးတစ်ခွင်၌ မိုးကောင်း၏ ရှုးသွပ်စွာ အကြိမ်ကြိမ်ဟစ်အော်နေသော အသံသည်သာ ပဲ့တင်ထပ်လျက် မည်သို့မျှ မထူးခြားချေ။ သူ၏တစ်ကိုယ်လုံးလည်း စုတ်ပြတ်သတ်၍ နေပေပြီ။

မိုးကောင်းသည် သူ ဘယ်နေရာကိုရောက်၍ ဘယ်ပေါက်နေသည်ဆိုတာကိုပင် သဲကွဲစွာမသိတော့ပါချေ။ သူ၏စိတ်တွင်း၌ ချစ်ရသူမြဝန်းညိုကိုသာ တွေ့ရဖို့ဇောက တစ်ကိုယ်လုံးရှိ သွေးများထဲ လည်ပတ်နေ၏။ မြဝန်းညိုကိုရှာဖွေတွေ့ရမှဖြစ်မည်။ မတွေ့လို့မဖြစ်။

တစ်ညလုံး တောအုပ်ချုံကြား တိုးဝှေ့နေခဲ့ရသဖြင့် ဆူးခက်ဆူးချုံများကြောင့် တစ်ကိုယ်လုံး သွေးခြင်းခြင်းရဲနေပေပြီ ဖြစ်သည်။ သို့သော် သူ၏ခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာအနာတရများထက် နှလုံးသားထဲက ဒဏ်ရာက ပိုနက်ရှိုင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေအစုံကပင် ညွတ်ခွေယိုင်ပြိုလုလု။ သို့သော် သူ အားတင်းထားလေသည်။ တစ်ညလုံး တောတစ်ခွင် ပြိုပြိုစင်အောင် ရှာဖွေနေပါသော်လည်း မြဝန်းညိုကိုရော၊ သူမအား လိုက်လံရှာဖွေနေသည့် ဦးကြီးညိုခက်နှင့် ရွာသားတွေကိုပါ မိုးကောင်း လုံးဝမတွေ့ပေ။ ရွာသားအုပ်စုရော မည်သည့်ဘက်သို့ နယ်ကျွံသွားလေပြီလဲ။

ရုတ်တရက် မိုးကောင်း၏အကြားအာရုံ၌ ရေစီးသံသဲ့သဲ့အား ကြားလိုက်ရလေသည်။ မကြာခင် လရောင်ဖွေးဖွေးအောက်၌ ချောင်းတစ်ခုအား မိုးကောင်း မြင်လိုက်ရ၏။ ချောင်းကိုမြင်လိုက်၍ မိုးကောင်း မှတ်မိလိုက်လေသည်။ သည့်ချောင်းက အထက်ရိုးမပေါ်ကနေ ဖြတ်သန်းစီးဆင်းလာသော ငှက်ကြီးချောင်း ဖြစ်၏။ ရိုးမ၏ မြောက်ဘက်တောင်ကြောထဲမှာ ရှိသည့်ချောင်း။

မိုးကောင်း၏ခြေအစုံသည် လေးလံနေးကွေးစွာပင် ငှက်ကြီးချောင်းအတိုင်း အထက်ဘက်သို့ ဆန်တက်လာခဲ့သည်။ ရုတ်တရက်

'ဝေါင်း'

အဝေးတစ်နေရာမှ သူ၏အကြားအာရုံတွင်းသို့ ဟင်းကောင်ကြီး ဟိန်းသံလိုလို ကြားလိုက်ရလေသည်။ သူ၏အရှေ့ဘက် တောင်ကြောဘက်ကပင် ဖြစ်လေသည်။

မိုးကောင်း မှောင်ရိပ်ကျသောနေရာတွေကို ပါလာသောဓာတ်မီးဖြင့် ထိုးကာ နွယ်ပင်နွယ်တန်းတွေ၊ ဘီစပ်ချုံတောတွေကို ဖြတ်သည်။ လဲပြိုသွားလျှင် ပြန်ထပြီး ဆက်လှမ်းသည်။ ယခုအချိန်မှာ ဟင်းကောင်ဖြင့် ရင်ဆိုင်တိုးခဲ့လျှင်လည်း သူ မကြောက်ချေ။

ချစ်သူ မြဝန်းညိုအား တွေ့ချင်လွန်းသော ဆန္ဒမျှော်လင့်ချက်တစ်ခုက သူ့အား တွေကြုံသမျှ မည်သည့်အန္တရာယ်တို့ပင်မဆို ရင်ဆိုင်နိုင်စွမ်း သတ္တိခွန်အားတွေဖြစ်စေ၏။

''တောက်''





အတွေးထဲ၌ လူယုတ်မာသုံးယောက်၏မျက်နှာတွေကို မြင်လိုက်မိပြန်သည်။ မိုးကောင်း၏ရင်တွင်း၌ နာကြည်းမုန်းတီးစိတ်တို့က ပေါက်ကွဲထွက်လုမတတ်။ အမှန်တကယ်သာ ယခုအချိန်၌ ပက်ပင်း ရင်ဆိုင်တိုးမိပါက မိုးကောင်း၏ဒေါသခက်ထန်မှုအောက်၌ လူယုတ်မာများ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်မှာ သေချာသည်။

မိုးကောင်း ဝါးတောတစ်ခုအား ဖြတ်လိုက်စဉ် ရုတ်တရက် ...

''ဟာ''

သူ၏တစ်ကိုယ်လုံး အေးခနဲ ခံစားလိုက်ရလေသည်။ မိုးကောင်း လေထဲသို့လွင့်ပါမြောက်တက်သွား၏။ သူ သိလိုက်ပါသော်လည်း နောက်ကျသွားခဲ့လေပြီ၊ မည်သည့်မုဆိုးက ထောင်ခဲ့သည်မသိသော သားကောင်ထောင်သော သုတ်ကိုင်းမှာ သူ မိသွားခြင်းဖြစ်လေသည်။ သုတ်ကိုင်းမှာ သေးသေးမွှားမွှားမဟုတ်။ ကြီးမားသန်စွမ်းသော ဝါးပိုးဝါးသုတ်ကိုင်းကြီးမျိုးဖြစ်၍ ဟင်းကောင်အားထောင်ထားသည့်သုတ်ကိုင်း၌ မိုးကောင်း ကံဆိုးလွန်းစွာ မိသွားခြင်းဖြစ်သည်။

''အ''

ခြေထောက်ဆီမှ နာကျင်မှုကို အသည်းခိုက်မတတ် ခံစားလိုက်ရ၏။ လရောင်ဖြူဖြူအောက်၌ ဝါးပိုးသုတ်ကိုင်းမှာ မိနေသည့် မိုးကောင်း၏ခန္ဓာကိုယ်ကြီးမှာ လေထဲ၌ တွဲလောင်းကြီး ဖြစ်နေ၏။

သူ၏ခါးကြားမှ တောလိုက်ဓားမြှောင်နှင့် ဒူးလေးကလည်း သုတ်ကိုင်းမိမိချင်း လွင့်စဉ်ပြုတ်ကျကျန်ခဲ့လေပြီ။ မိုးကောင်းသည် လေထဲ၌ တွဲလောင်းဖြစ်လျက်ကပင် သူ၏ခန္ဓာကိုယ်အား သုတ်ကိုင်းမှလွတ်မြောက်အောင် ဖွားညွှတ်ဖို့ ကြိုးစားကြည့်သည် ... မရ။

သူလှုပ်ရှားလေ သုတ်ကိုင်းသည် လှုပ်ရှားယိမ်းခါလေမို့ ခြေကျင်းဝတ်ဆီမှ အသည်းခိုက်မတတ်နာကျင်မှုက ဖော်မပြနိုင်အောင် ခံစားရ၏။

မုဆိုးတစ်ဦးမို့ မိုးကောင်း သိလေသည်။ ထိုသုတ်ကိုင်းမျိုးသည်

www.burmeseclassic.com



ပြန်လည်လွတ်မြောက်ရန် မလွယ်ကူပေ။ ခွန်အားကြီးမားလှသော ဟင်းကောင်မျိုးပင် လွတ်လမ်းမရှိသည့်သုတ်ကိုင်းမျိုး ဖြစ်၏။ မိုးကောင်း တစ်ခုက်ကောင်းသွားသည်မှာ သုတ်ကိုင်းဆင်ထားခဲ့သူသည် သံမဏိကြိုးမျိုးဖြင့် မဟုတ်ဘဲ အလွန်ခိုင်ခန့်လှသော နွယ်ကြိုးနှင့်မို့သာ သူ၏ခြေထောက် ပြတ်မကျခြင်းဖြစ်သည်။ သံမဏိကြိုးသာဆိုပါက သုတ်ကိုင်းလှုပ်လေ လှုပ်လှုပ်လေ သံနန်းကြိုးက နစ်မြုပ်ဝင်လေဖြစ်ပေမည်။ ယင်းအခိုက်..

‘ဝေါင်း’

“ဟင်”

မိုးကောင်း ထိတ်လန့်သွားမိရလေတော့သည်။ ကျယ်လောင်စွာ ထွက်ပေါ်လာသော ဟင်းကောင်ကြီး၏ဟိန်းသံမှာ သူ၏မလှမ်းမကမ်း နောက်ကျောဘက်ဆီမှ ဖြစ်နေ၍ပင်တည်း။ မိုးကောင်း ထိတ်လန့်သွားရခြင်းမှာ ယခု သူ ခြောက်ထိုးကြီးဖြစ်နေသောသုတ်ကိုင်းမှာ သိပ်မြင့်မားလှသည် မဟုတ်လှပေ။

မြေပြင်မှအထက် ဆယ်ပေခန့်မျှသာရှိလေသည်။ ယင်းအမြင့်သည် တစ်ညလုံး အစာရှာဖွေထွက်၍ သားကောင်မရ၍ အလွန် ဆာလောင်မွတ်သိပ်နေသည့် ဟင်းကောင်ရိုင်းကြီးတစ်ကောင်အဖို့ တစ်ခုန်စာပင် ဖြစ်၍ပင်တည်း။

‘ဝေါင်း’

ထိတ်လန့်ချောက်ချားဖွယ်ရာ ဟင်းကောင်ကြီး၏အသံအား ကျယ်လောင်စွာ ထပ်မံကြားလိုက်ရပြန်လေသည်။ မိုးကောင်း မျက်ဝန်းအား ညင်သာစွာ ပိတ်လိုက်မိ၏။ မျက်ဝန်းထဲ၌ ချစ်ရသူ မြဝန်းညို၏မျက်နှာလေးအား မြင်မိသည်။

သူ့အသက်နှင့် ဝိညာဉ်မလွင့်ခွာမီ မြဝန်းညိုအား တွေ့ဆုံချင်ပါသေးသည်လေ။

❊ ❊ ❊



ဂမ္ဘီရကျောက်ဂူကြီး

မြဝန်းညိုသည် သတိရလာလျှင်ရလာချင်း ဖျတ်ခနဲ ထထိုင်လိုက်မိလေသည်။ သူမ ဘယ်ကိုရောက်နေသည်လဲ။ ချက်ချင်းပဲ မြဝန်းညိုသည် ဝိုင်းစက်သောမျက်ဝန်းအစုံနှင့် ပတ်ဝန်းကျင်အား ဝေ့ဝဲကြည့်လိုက်မိလေသည်။

“ဟင်”

ရုတ်တရက် မြဝန်းညို အသည်းတုန်ဖွယ်ရာမြင်ကွင်းအား မြင်တွေ့လိုက်ရ၏။ ယင်းမှာ ကျောက်ဂူကြီး၏ထောင့်နံရံလေး၌ လှဲလျောင်းပြီး သူမအား စိုက်ကြည့်နေသော ဟင်းကောင်ကြီးအား တွေ့လိုက်ရ၍ပင်တည်း။ မြဝန်းညို၏ခန္ဓာကိုယ်လေးသည် ကြောက်ရွံ့တုန်လှုပ်ခြင်းကြောင့် ဆတ်ခနဲ တုန်လှုပ်သွား၏။

ညတုန်းက အဖြစ်အပျက်မြင်ကွင်းတွေသည် သူမ၏မျက်လုံးထဲ ရုတ်ခြည်းပြေးမြင်လာလေသည်။ လူယုတ်မာ ဗညားအောင်။ ပြီးတော့ ကျောက်ဂူကြီးတွင်းသို့ ပြေးဝင်လာသော ဟင်းကောင်ကြီး။ ဗညားအောင် ထံ ခုန်ဝင်သွားသော ဟင်းကောင်။ ဒါ ... ဒါဆို ...

‘ဖျပ် .. ဖျပ်’

ရုတ်တရက် နောက်ဘက်နားဆီကနေ ကြားလိုက်ရသောအသံ တစ်သံကြောင့် မြဝန်းညို ဖျတ်ခနဲ လှည့်ကြည့်မိလိုက်၏။ ရုတ်တရက်

www.burmeseclassic.com



ကြောက်လန့်တကြား အော်ဟစ်လိုက်မိတော့မည့် သူ၏နှုတ်ခမ်းကို သူမ ပြန်ပိတ်လိုက်မိ၏။

မြဝန်းညို မြင်တွေ့လိုက်ရသည်က အညိုရောင်ဝတ်စုံကြီးအား ခြုံလွှမ်းဝတ်ဆင်လျက် . . . ကျောလယ်ခန့်ရှိ ဆံပင်ရှည်ကြီးများ ဖြန့်ခဲ နေသော လူသားကြီးတစ်ယောက်။ အဝတ်အစားကြောင့်သာ လူသား တစ်ဦးဟု ဆိုရပါသော်လည်း ထိုလူ၏မျက်နှာထက်မှ ကြီးမားလွန်းသော အမာရွတ်ကြီးတွေက ထိတ်လန့်ကြောက်ရွံ့စဖွယ်ကောင်းလှသည်။

မျက်ဝန်းတစ်စုံကမူ သေးငယ်စူးရှတောက်ပ၍နေ၏။

သို့သော် ခက်ထန်ကြမ်းတမ်းသည့် ရက်စက်သည့်မျက်ဝန်းမျိုး မဟုတ်ဘဲ အေးချမ်းကြည်လဲ့စွာ မေတ္တာရောင်များ ပြည့်လျှမ်းနေသော မျက်ဝန်းတစ်စုံသာ ဖြစ်ပေသည်။ ဂူကြီးတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင် လာသည့် ယင်းသူတော်စင်ကြီးတစ်ပါးနှယ် အညိုရောင်ဝတ်စုံကြီး ဝတ် ဆင်ထားသည့် လူကြီး၏လက်တွင်း၌မူ သီးနှံများယူဆောင်လာလေသည်။

ဟင်းကောင်ကြီးသည် လူကြီးအား တစ်ချက်မွေ့ကြည့်လိုက်၏။

''သတိရလာပြီလား မြဝန်းညို''

''ဟင်''

ယင်းအရုပ်ဆိုးအကျည်းတန်သော အညိုရောင်ယောဂီဝတ်စုံနှင့် လူကြီး၏နှုတ်ဖျားကနေ သူမ၏အမည်ကိုခေါ်လိုက်၍ မြဝန်းညို အံ့အား သင့်သွားရမိသည်။

''သီလကြီးကို ကြောက်နေလို့လား၊ မကြောက်ပါနဲ့ မြဝန်းညို၊ သူဟာ အသိဉာဏ်ကင်းမဲ့တဲ့ အဟိတ်တိရစ္ဆာန်ဖြစ်ပေမယ့် လူကောင်းနဲ့ လူဆိုး၊ အမှားနဲ့အမှန်၊ သူတော်ကောင်းနဲ့သူယုတ်မာကို ခွဲခြားပြီး သိပါ တယ်၊ ညတုန်းက မင်းကို လူယုတ်မာတွေရဲ့လက်တွင်းကနေ သီလကြီးက ကယ်တင်ပေးခဲ့တာပဲ''

သည်တော့မှ မြဝန်းညို မျက်ဝန်းအစုံ ပြူးဝိုင်းလျက် မငံ့မရဲလေး





မေးလိုက်မိသည်။

''သူ . . . သူတို့ . . . ဘာ . . . ဘာဖြစ်သွားပြီလဲ''

အညိုရောင်ဝတ် ယောဂီကြီး၏မျက်ဝန်းတွေက အေးစက် စူးရှ သွား၏။ ပြီးနောက် သူမအား တစ်ခွန်းချင်း တည်ငြိမ်စွာပြောလိုက်သည်။

''ယုတ်မာပက်စက်သူတွေကို ကမ္ဘာမြေကြီးဟာ သယ်ပိုးထမ်း ရွက်ထားရတာ လေးလံလွန်းပါတယ်၊ သူတို့တစ်တွေရဲ့ အပြစ်ဒဏ်နဲ့ ထိုက်သင့်တဲ့နေရာနဲ့ သွားရမယ့်လမ်းကို ညတုန်းက သီလကြီးကပဲ ရွေး ချယ်ပို့ဆောင်ပေးလိုက်ပါပြီ၊ ဒီအတွက် ဝမ်းနည်းဖွယ်ရာ မရှိပါဘူး . . . ကံရဲ့အကြောင်းတရားတွေပါပဲ''

''သူ . . . သူတို့ သေပြီပေါ့''

''နောက်ထပ် ကမ္ဘာမြေပြင်ပေါ်မှာ ယုတ်မာတဲ့လုပ်ငန်းတွေ မလုပ်ဆောင်နိုင်တော့တဲ့ နေရာတစ်ခုကို ရောက်ရှိသွားတာပါ၊ ကဲ . . . ညက တစ်ညလုံး မင်း ဆာလောင်နေခဲ့မယ်ဆိုတာသိလို့ သစ်သီးဝလံတွေ ကျူပ် သွားဆွတ်ခဲ့တာ၊ စားပြီးမှ စကားပြောကြတာပေါ့၊ မင်းကို မင်းဖခင် အပါအဝင် ရွာသားတွေရော မိုးကောင်းပါ တောထဲမှာ လိုက်ရှာနေကြတယ် သိပ်မကြာခင် ပြန်ဆုံကြရမှာပါ''

''ဟင်''

မြဝန်းညို အံ့အားသင့်သွား၏။ သူမအား လူယုတ်မာကောင်တွေ အဓမ္မဖမ်းခေါ်လာခဲ့မှန်း ဖခင်ကြီးနှင့်မိုးကောင်းတို့ မည်သည်ကနေ သိရှိ သွားကြပါသနည်း။ ပြီးတော့ ဒီအကြောင်းတွေကို ဒီသူတော်စင်ပုဂ္ဂိုလ် ကြီးက ဘယ်လိုကြောင့် သိရှိနေရပါသလဲ။

မြဝန်းညို၏စိတ်တွင်းက မနောအိမ်ကို ဖောက်ထွင်းသိရှိနေသည့် အလား သူတော်စင်ကြီးက သူ၏ဦးခေါင်းအား တစ်ချက်ညိတ်လိုက်ကာ

''လောကမှာ စိတ်မနောစွမ်းအားတွေကို ယောဂကျင့်စဉ်တွေ နဲ့ အောင်မြင်အောင် နေ့လများစွာ ကျင့်ကြံထားတဲ့ ယောဂီပုဂ္ဂိုလ်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓာရီသူတော်စင်တွေအတွက် စကြဝဠာထဲမှာ လျှို့ဝှက်ချက်ဆိုတာ မရှိပါဘူး။ သူတို့ရဲ့နူးညံ့သိမ်မွေ့တဲ့ မေတ္တာတရားတွေ လွှမ်းခြုံထားတဲ့ နှလုံးသားဟာ စကြဝဠာကြီးရဲ့ တံခါးပေါက်တွေပဲဖြစ်တယ်လို့ ကျုပ်ရဲ့ဆရာအရှင်ယောဂီကြီး ပညာဗလက ပြောပြမိန့်ဆိုခဲ့ဖူးတယ်၊ ဒီကျောက်ဂူကြီးဟာ တစ်ချိန်က ကျုပ်နဲ့ဆုံတွေ့ခဲ့ဖူးတဲ့ ဆရာအရှင် သူတော်စင်ကြီး ပညာဗလ ကျင့်စဉ်စခန်းတွေ လျှို့ဝှက်အားထုတ်ခဲ့ရာ ဂူတော်ကြီးပဲဖြစ်တယ်''

''ဦး ... ဦးက ဘယ်သူလဲဟင်''

''ကျုပ်အဖို့တော့ ပညတ်တွေကိုဖယ်ခွာခဲ့ပြီးပြီ၊ ပရမတ္ထတရားတစ်ခုပေါ်မှာပဲ နေထိုင်နေသူတစ်ဦးမှာ အမည်နာမဆိုတာ မရှိတော့ဘူး။ ဒီတော့ ကျုပ်မှာ နာမည်မရှိဘူး။ မင်း အသိအမှတ်ပြုချင်ရင်တော့ မေတ္တာဝါဒီယောဂီလို့သာ ခေါ်ပါ၊ ကျုပ်မှာ မေတ္တာပဲပိုင်ဆိုင်တယ်''

ယောဂီကြီးသည် သူ၏စကားကို ရပ်သည်။ မြဝန်းညိုသည် ထူးဆန်းလှသော ယောဂီကြီးကိုတစ်လှည့် ဂူနံရံထောင့်မှာ ခွေလှဲလျောင်းနေသော ကျားကြီးကိုတစ်လှည့် ကြည့်လိုက်မိသည်။

ယင်းယောဂီသည် မေတ္တာဝါဒီသူတော်စင်ဖြစ်ပေမည်မှာ သေချာလှသည်။ အဘယ်ကြောင့်ဆိုသော် သူမတို့လူသားတွေက ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်တတ်၍ အန္တရာယ်ကောင်ဟု သတ်မှတ်ထားကြသည့် မုဆိုးများပင် မတွေ့အောင် ရှောင်ရှားရသည့် ဟင်းကောင်ကြီးမှာ အိမ်မွေးတိရစ္ဆာန်လေးပမာ ငြိမ်သက်နေသည်က သက်သေတစ်ခုပင်။

ထိုစဉ် ကျောက်ဂူကြီး၏အဝင်ပေါက်ဝကနေ ဆူညံသော အသံဗလံများကြောင့် မြဝန်းညို ဖျတ်ခနဲ လှမ်းကြည့်မိလိုက်တော့ အလွန်အံ့အားသင့်သွားရလေသည်။ ယင်းမှာ ရိုးမတွင်း၌ရှိသော တောတိရစ္ဆာန်ငယ်များဖြစ်ကြသည့် သမင်လေးများ၊ ဒရယ်များ၊ ယုန်လေးများနှင့် မျောက်ညိုများက ဂူကြီးတွင်းသို့ သွက်လက်စွာပြေးဝင်လာပြီး အရုပ်ဆိုးဆိုး အမာရွတ်များဖြင့် ယောဂီကြီးအား ကလေးငယ်များပမာ ချစ်ခင်စွာ ပွတ်သပ်နေကြ





ခြင်းကြောင့်ပင်တည်း။

ယောဂီကြီးသည် ကျောက်စားပွဲကြီးပေါ်မှ သစ်သီးဝလံအချို့အား တိရစ္ဆာန်ငယ်လေးများကို ချကျွေးနေသည့်မြင်ကွင်းသည် မြဝန်းညိုအား ကြည်နူးသွားစေလေသည်။

''ဟောဒီရိုးမကြီးထဲမှာ နေထိုင်ကြတဲ့ သတ္တဝါလေးတွေမှန်သမျှဟာ ကျုပ်ရဲ့သားသမီးတွေပဲ၊ သူတို့နဲ့ ကျုပ်ရဲ့ကြားမှာ လူသာမန်တွေ မမြင်မတွေ့နိုင်တဲ့ ကြိုးတစ်ချောင်းရှိတယ်၊ အဲဒါက မေတ္တာတရားဆိုတဲ့ ကြိုးပဲဖြစ်တယ်''

''ဒီ ... ဒီကျားကြီးကရော''

''သူ့ရဲ့နာမည်က သီလထဲ၊ သူဟာ ကျုပ်ရဲ့ဆရာသခင်ဖြစ်တဲ့ မဟာဂန္ဓာရီခရီးစဉ်ကြီးကို လျှောက်လှမ်းနေတဲ့ သူတော်စင်ကြီး ပညာဗလငယ်စဉ်တည်းက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဟင်းကောင်ကြီးပဲဆိုပါတော့၊ ကျုပ်ရဲ့ဆရာအရှင် ဒီရိုးမကြီးရဲ့အနံ့အပြားမှာ လိုက်လံတရားကျင့်ကြံတိုင်း သူဟာ အမြဲတစေ လိုက်ပါတတ်လေ့ရှိတယ်၊ ဒါကို မသိတဲ့သူတွေက ကျုပ်ရဲ့ဆရာအရှင်နဲ့ ဒီကောင်ကြီးကို ခွဲခြားမမြင်ဘဲ ကျုပ်ရဲ့ဆရာအရှင်ဟာ လူသားအသွင်ကနေ ကျားအဖြစ် ပြောင်းလဲနိုင်တဲ့ သမန်းကျားလို့တောင် အထင်မှားခဲ့ကြတယ် ...၊

ကျုပ်လည်း ဟိုတုန်းက အဲသလိုပဲ ထင်မှတ်ခဲ့ဖူးတယ်။ ကျုပ်ဟာ ကျုပ်ဘဝရဲ့အလှည့်အပြောင်းနဲ့ လောကဓံရဲ့ရိုက်ခတ်မှုအောက်မှာ ဆရာအရှင်နဲ့တွေ့ဆုံပြီး လူတွေကိုကျောခိုင်းပြီး ဟောဒီ ရိုးမကြီးထဲမှာ တရားကျင့်နေခဲ့တာ ခုထိပဲ၊ ကျုပ်ရဲ့ဆရာအရှင်ကတော့ ဒီရိုးမကြီးကနေ သူ့ကျန်ရှိနေသေးတဲ့ အကျင့်စခန်းတွေ တက်လှမ်းဖို့အတွက် ဟိမဝန္တာတောင်တန်းတွေဆီ ထွက်ခွာသွားခဲ့ပါပြီ၊ ကျုပ်လည်း သိပ်မကြာခင် ဆရာအရှင်ရဲ့ မနောညွှန်ကြားချက်အတိုင်း ခရီးရှည်ကြီးတစ်ခု ထွက်ခွာရပါလိမ့်မယ်၊ ကျုပ်ရဲ့ လူတစ်ယောက်အပေါ်မှာ ကျန်ရှိနေသေး



www.burmeseclassic.com

အကြွေးတစ်ခုဆပ်ရမှာမို့ ကျုပ် မင်းတို့ကို စောင့်ဆိုင်းနေခဲ့တာပါ''

''ရှင်''

ယောဂီကြီး၏စကားတွေက ထူးဆန်းလွန်းလှသလို မျက်ဝန်းတွေကလည်း လေးနက်စူးရှ၍နေပေသည်။ ထိုမျက်ဝန်းတွေသည် အသိရခက် အဓိပ္ပာယ်ဖော်ရခက်သည့် အရိပ်တစ်မျိုး စွန်းထင်းနေ သည်ဟု မြဝန်းညို တွေးမိ၏။

''ကဲ . . . အရုဏ်လည်း လာတော့မယ်၊ မင်းကိုလိုက်ရှာနေကြတဲ့သူတွေလည်း စိတ်ပူပန်နေရော့မယ်၊ ဒီည မင်း ကြုံတွေ့ခဲ့ရတဲ့ အဖြစ်တွေအားလုံးကို အိပ်မက်တစ်ခုလို သဘောထားလိုက်ပါ၊ မိုးကောင်းလည်း မင်းကို စိုးရိမ်ပူပန်ပြီးလိုက်ရှာရင်းက မုဆိုးတစ်ဦးရဲ့ ညွှတ်ကိုင်းမှာမိနေလို့ ကျုပ်သွားကူရဦးမယ်''

ယောဂီကြီးသည် စကားဆုံးသည်နှင့် ရှေ့ကနေ လှမ်းထွက်သွားလေသည်မို့ မြဝန်းညိုသည် သူ့နောက်ကနေ အပြေးကလေး လိုက်ပါသွားမိလေတော့၏။ သီလဟုအမည်ပေးထားသော ကိုးတောင်ခန့်ရှိ ဟင်းမျိုးနွယ် ကျားကြီးသည်လည်း နောက်မှလိုက်ပါလာခဲ့သည်။

ဂူကြီး၏အပြင်ဘက်၌ ဖျို့အန်လာစ အလင်းတချို့ကို တွေ့မြင်နေရလေပြီတည်း။

❊ ❊ ❊



သံသရာထောင်ချောက်

တစ်ညလုံး ကျားထောင်ချောက်သုတ်ကိုင်းထက်ကနေ လွတ်မြောက်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားပါသော်လည်း အချည်းနှီးသာ လျှင်ဖြစ်သည်။ မိုးကောင်း ခြေကုန်လက်ပန်းကျ ပင်ပန်းမောဟိုက်နေပေပြီး သူ သုတ်ကိုင်း၌ ဇောက်ထိုးဖြစ်နေသည်မှာ ကြာပေပြီ။

ခြေကျင်းဝတ်မှာ ကြိုးအရှိန်က သူ့ခန္ဓာကိုယ်၏အလေးချိန်ကြောင့် ပြတ်တွယ်လုမတတ် အသည်းခိုက်အောင် နာကျင်နေရလေသည်၊ ဒီသုတ်ကိုင်းက လူပ်လေ သူလွတ်မြောက်ရန် ကြိုးစားလေ ခြေထောက်က ပြတ်လုမတတ် နာကျင်လေပင်။

ဒီကြားထဲ ညဥ့်သန်းခေါင်ယံခန့်လောက်က ကျယ်လောင်သည့် ဟင်းကောင်ကြီး၏ ဟိန်းဟောက်သံကြောင့် သူ့ကိုယ်သူ သေလူဟု တွက်ဆလိုက်မိ၏။ သို့သော် ယခုချိန်ထိ မိုးကောင်း သေကံမရောက် သက်မပျောက်သေးချေ။ နောက်တော့ ဟင်းကောင်ကြီး၏အသံက တဖြည်းဖြည်း ဝေးကွာ၍ ပျောက်ကွယ်သွားလေတော့၏။

သို့ပါသော်လည်း သူ ဤသုတ်ကိုင်းထောင်ချောက်မှာ ဘယ်နှရက်ခန့် မိနေရဦးမည် မခန့်မှန်းတတ်ပါချေ။ မည်သည့်အတွက်ကြောင့်ဆိုသော် ဤမျှ နက်ခေါင်သော ရိုးမထဲသို့ လူသူအရောက်အပေါက်ကင်းမဲ့လျှင် ဖြစ်သည်။

www.burmeseclassic.com



အကယ်၍ သူ သုတ်ကိုင်းထောင်ချောက်မိနေရာဘက်သို့ မုဆိုးတစ်ဦးဦး၊ သစ်ခုတ်ဝါးခုတ်သူ တစ်ဦးတလေ မျက်စိလည် လမ်းမှားလာမှသာလျှင် မိုးကောင်း ဤထောင်ချောက်မှ လွတ်မြောက်ရပေတော့မည်။

"မြဝန်းညို"

ဒုက္ခရောက်နေသည့် ကြားထဲကပင် မြဝန်းညိုအတွက် စိုးရိမ်ခြင်းသောကတို့က ရင်ထဲပြည့်သိပ်လာခဲ့၏။ ချစ်ရသောမြဝန်းညို မည်သည့်အခြေအနေဆိုးများဖြင့် ရင်ဆိုင်ကြုံတွေ့နေရပြီလဲ။ မိုးကောင်း၏ ရင်တစ်ခုလုံး မွန်းနင့်လှိုက်ဆို့လာသည်။

'ဝေါင်း ...'

မိုးကောင်းသည် ကျယ်လောင်သော ဟင်းကောင်ကြီး၏ဟိန်းသံအား နီးကပ်စွာကြားလိုက်ရလေသည်။ ဟင်းကောင်ကြီး၏ဟိန်းသံနှင့်တစ်ဆက်တည်း သူ၏အကြားအာရုံတွင်းသို့ မည်သည့်အရပ်ကမှန်း မသိသော အသံတစ်သံက ကြားသာရုံ တိုးဝင်လာလေ၏။

"သတ္တဝါဆိုတာ ကိုယ့်ဘေးကိုယ်ထိမှသာ အမိတတတ်ရမှန်းသိလာကြတယ်၊ ဒုက္ခနဲ့ရင်ဆိုင်ဖူးမှ သုခကို ငတ်မွတ်တောင့်တတယ်၊ အမှောင်ထဲရောက်မှ အလင်းကို တမ်းတတယ်၊ ဒါဟာ လောကကြီးရဲ့ နိယာမတရားဖြစ်သလို လူသတ္တဝါတွေရဲ့ အကျင့်စရိုက်လည်း ဖြစ်တယ်၊ သတ္တဝါတိုင်းဟာ ကိုယ့်ရဲ့ဘဝ, ကိုယ့်အသက်ဝိညာဉ်ကို ခင်တွယ်တတ်ကြတဲ့သူတွေချည်း ဖြစ်တယ်၊ ဒီသုတ်ကိုင်းဟာ မင်းတို့ အပြစ်ကင်းမဲ့တဲ့ တောတိရစ္ဆာန်လေးတွေအပေါ် ကျရောက်ဖို့ ထောင်ထားတဲ့ ထောင်ချောက်ရှင်တစ်ခုပဲ၊ မုဆိုးထောင်တဲ့ထောင်ချောက်မှာ မုဆိုးက ပြန်မိနေပြီ"

"ဟင်"

မိုးကောင်းသည် အထိတ်တလန့်ဖြင့် ဟိုဟိုဒီဒီကြည့်လေသည်။ အနီးဝန်းကျင်တစ်ဝိုက်မှာ မည်သူ့ကိုမျှမတွေ့။ သစ်ပင်ချုံနွယ် ဝါးတောကြီးများသာ။ သို့သော် ထိုအသံကို သူကြားနေရတာကတော့ အမှန်ပဲဖြစ်သည်။





မည်သူ့၏အသံလဲ။ အသံရှင်သည် မည်သူလဲ။

မိုးကောင်း အံ့ဩထိတ်လန့်နေမိ၏။

အေးချမ်းတည်ငြိမ်သောအသံသည် ပို၍ပီသကြည်လင်စွာ နားတွင်းသို့ တိုးဝင်လာပြန်လေသည်။

"မေတ္တာတရားရဲ့အခြေခံဟာ ကိုယ်ချင်းစာနာမှုတရားပဲ၊ ကိုယ်ကိုယ်တိုင် အသက်ဘေးအန္တရာယ်ကို ကြုံတွေ့ရတော့မှ အသက်တစ်ခုရဲ့ မွန်မြတ်တဲ့တန်ဖိုးကို သိလာရတယ်၊ တစ်ချိန်က ကိုယ်တိုင် သတ္တဝါတွေရဲ့ အသက်ကို မေတ္တာကရုဏာတရား, ကိုယ်ချင်းစာတရားတွေ ကင်းမဲ့ပြီး သတ်ဖြတ်ခဲ့တဲ့ တောတိရစ္ဆာန်သတ္တဝါတွေရဲ့အသက်တွေဟာ ဒီရိုးမတောကြီးထဲမှာ တောင်လိုပုံနေခဲ့ပြီ ယခု ကိုယ်ခံစားခဲ့ရသလို အဲဒီတစ်ချိန်က ခုလို ထောင်ချောက်ထဲကျရောက်ခဲ့တဲ့ သတ္တဝါကြီးငယ်တွေလည်း ထိတ်လန့်ချောက်ချားခဲ့ရမှာပဲ၊ ကိုယ်ချင်းစာတရားကို ကြီးငယ်မဟူ ထားရှိနိုင်မှသာလျှင် ဒီတောဒီတောင်နဲ့ လောကကြီးတစ်ခုလုံးက ငြိမ်းချမ်းသာယာလာမှာပဲ ဖြစ်တယ် မိုးကောင်း ...၊

မင်းဟာ ဟောဒီထောင်ချောက်ကနေ လွတ်မြောက်မှာပါ၊ လွတ်မြောက်အောင်လည်း ကျုပ် စွမ်းဆောင်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ဒါက တစ်ခဏ လူ့ဘဝထောင်ချောက်ကနေ လွတ်မြောက်မှုသာ ဖြစ်ပေတယ်၊ ဟဲ ... ကံ၏အကျိုးလို့ခေါ်တဲ့ သံသရာထောင်ချောက်ကြီးထဲမှာ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတဲ့ အတုံ့အလှည့်ဝက်ပါထဲကနေ လွတ်မြောက်နိုင်ဖို့ပဲ လိုအပ်တယ် ... လွတ်အောင်လုပ်မှပဲ မေတ္တာသမား လူသားစစ်စစ် ဖြစ်သလိမ့်မယ်"

"ဟင်"

မိုးကောင်း၏နားတွင်း၌ ပီသကြည်လင်စွာ ကြားနေရသည့် အသံသည် တိခနဲရပ်တန့်သွားလေ၏။ တစ်ဆက်တည်း မိုးကောင်း သတိပြုမိလိုက်သည်က သူသုတ်ကိုင်းမိနေသော ဝါးပင်ကြီးမှာ တဖြည်းဖြည်း တအိ



www.burmeseclassic.com

www.burmeseclassic.com



အိ ပြန်လည်နိမ့်ဆင်းလာနေခြင်းပင်ဖြစ်သည်။

'ဝေါင်း'

''ဟာ''

မလှမ်းမကမ်းဆီမှ ကျယ်လောင်သော ဟင်းကောင်ကြီး၏ ဟိန်းဟောက်သံကို ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် သူ့စိတ်ထဲ ထင်မြင်နေသည်လား၊ ကြားယောင်လိုက်မိလေသလား။

''ကိုမိုး ... ကိုမိုးရေ''

''ဟင်''

မိုးကောင်းသည် မြေပြင်ပေါ်သို့ ခြေချမိသည်နှင့် တစ်ပြိုင်နက် သုတ်ကွင်းနွယ်ကြိုးအား အလျင်အမြန် ဖြည်လိုက်မိလေသည်။ သူ လှမ်းကြည့်လိုက်မိစဉ် မလှမ်းမကမ်း သစ်တောအုပ်ကုန်းမြင့်လေးထက်ကနေ သူ့ထံ ပြေးလွှားလာနေသော မြဝန်းညို ...။

မိုးကောင်း၏နှလုံးသားတစ်ခုလုံး လှစ်ခနဲ ပျော်ရွှင်ခြင်းအတိ။

''မြဝန်း''

''ကိုမိုး''

မိုးကောင်းသည် အနီးသို့ရောက်လာသော မြဝန်းညို၏ ကိုယ်လေးကို လွတ်ကွက်ပျောက်ဆုံးသွားမှာကို စိုးသည့်အလား တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

နှလုံးသားချင်း မခွဲမခွာပြန်ဆုံစည်းမိကြလေပြီ။

''မြဝန်းရယ် အရမ်းစိုးရိမ်လိုက်ရတာကွာ၊ ကိုမိုး တစ်ညလုံး ဒီတောထဲ လိုက်ရှာနေရင်း ဒီ ကျားထောင်ချောက်ကြောင့် ...''

''မြဝန်းသိတယ် ကိုမိုး၊ ကျားထောင်ချောက်ထဲရောက်နေမှန်း သူတော်စင်ယောဂီကြီးပြောပြလို့ သိလိုက်ရတာ၊ မြဝန်း ရေတိမ်နစ်မယ့်ဆဲဆဲ ဟိုလူယုတ်မာ ဗညားအောင်တို့လက်ထဲကနေလည်း အဲဒီယောဂီကြီးက ကယ်ခဲ့တာ''





''ယောဂီကြီး ... ဟုတ်လား''

''အင်းလေ ... သူပဲ ကျောက်ဂူကြီးထဲကနေ ကိုမိုး ထောင်ချောက်မိနေတဲ့ ဒီနေရာကို မြဝန်းကိုခေါ်ပြီး ကယ်ရအောင်လာခဲ့ကြတာလေ၊ သူ့ရဲ့စိတ်စွမ်းအား သမထတန်ခိုးနဲ့ သုတ်ကိုင်းကြီးကို ညွှတ်အောင် အာရုံပြုလိုက်တာပဲနေမယ်၊ မြဝန်းတို့နဲ့အတူ ကျားကြီးတစ်ကောင်ပါ ပါလာသေးတယ်''

မြဝန်းညိုသည် ပျို့အန်လာပြီဖြစ်သော အရုဏ်ဦးအလင်းအောက်၌ အဖြစ်အပျက်တွေကို ရှင်းပြနေ၏။ မိုးကောင်းက သူ အသိချင်ဆုံးမေးခွန်းအား ကမန်းကတန်း အလောသုံးဆယ် မေးလိုက်မိသည်။

''အဲ ... အဲဒီ ယောဂီကြီးနဲ့ကျားက ဘယ်မှာလဲ မြဝန်း''

''ဟိုမှာလေ ကိုမိုးရဲ့''

''ဟင်''

မြဝန်းညို လှမ်းၡြပြရာသို့ မိုးကောင်း လှမ်းကြည့်မိလိုက်စဉ် မနီးမဝေး ကျောက်ဆောင်စွယ်တစ်ခုပေါ်၌ ရပ်တန့်နေသော အညိုရောင်အရိပ်သဏ္ဍာန်တစ်ခုနှင့် နံဘေးမှ ဟင်းကောင်ကြီးကိုပါ တွေ့လိုက်ရလေသည်။ မိုးကောင်း အံ့သြသွားရ၏။

ကျားထောင်ချောက်တွင်း၌ သုတ်ကိုင်းမိနေစဉ် တစ်ညလုံး သူကြားနေခဲ့ရသော ကျားဟိန်းသံကြီးကိုရော ယခုစောစောကတင်မှ သူ၏အကြားအာရုံ၌ ပီသကြည်လင်စွာ ကြားနေခဲ့ရသည့် အသံကိုရော မိုးကောင်း၏စိတ်၌ ယင်းယောဂီကြီးနှင့်ဟင်းကောင်ကျားကြီးတို့သာ ဟု ထင်မှတ်လိုက်မိပေသည်။ အလှမ်းဝေးသော်လည်း သူနှင့်တစ်ကြိမ်ဆုံဖူးသော ယောဂီကြီးဟု ထင်သည်။

မြဝန်းညိုနှင့်သူ့အား ကယ်တင်ခဲ့သည်ဆိုသော ထိုယောဂီကြီးသည် မည်သူလဲ။

သို့သော် မိုးကောင်း၏စိတ်တွင်းမှာ ယင်းအသံရှင်၏ အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



သောအသံသည် သူနှင့် ကြိမ်ဖန်များစွာ ရင်းနှီးကျွမ်းဝင်ခဲ့လေသောအသံ ဟု ထင်ယောင်တွေးတောနေမိသည်။ ယင်းအသံရှင်မှာ သူ၏ဖခင်ဖြစ်သူအား သတ်ဖြတ်ခဲ့ပြီး ယနေ့ချိန်ထိ လျှော်ထုံးရွာကလေးဆီသို့ ပြန်လည်ရောက်ရှိမလာတော့ဘဲ ပျောက်ဆုံးနေသည့် ကောင်းစံဟူသော လူတစ်ယောက်၏အသံဟုပင် မိုးကောင်းထင်မှတ်နေမိတာ အမှန်။ ဟုတ်ချင်မှလည်း ဟုတ်ပေလိမ့်မည်။

သို့သော် ယင်းကောင်းစံသည် ယခုချိန်ထိ သေသလား၊ ရှင်သန်နေဆဲလားဟုလည်း မိုးကောင်းအတွေးတွေက မရေမရာ။

ထိုစဉ် သူတို့နှစ်ယောက်ရပ်နေရာ အနောက်ဘက် မလှမ်းမကမ်းဆီမှ လူသံ တောတိုးအော်ဟစ်သံများ ကြားလိုက်ရလေသည်။ ဦးကြီးညိုခက်နှင့် ရွာသားများ ဖြစ်လိမ့်မည်။

မိုးကောင်း စောစောက ဟင်းကောင်ကြီးနှင့် ယောဂီကြီးရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ အံ့သြခြင်းသည် ထူးဆန်းစွာ ရင်ထဲ တိုးဝင်လာခဲ့၏။

"ဟင်"

ယင်းနေရာလေးမှာ မည်သူမျှ ရှိမနေပါ။ ဖြူလွှသော မြူနှင်းအခိုးအငွေ့များသာ . . . ။

ပြီး

ဂမ္ဘီရမောင်ရွှေ



www.burmeseclassic.com